# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## နိဗ္ဗာန်ကမ်းတစ်ဖက်သို့

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သောသူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို(ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက် | ၂၀၂၂ ခုနှစ်၊ မတ် ၁၇ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၁)၊ အမှတ် (၁၆၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် မတ် ၁၆

၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနဗိမာန်တော်ကြီး၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညို၍ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ကြသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက ဆရာတော်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ သန်လျင်မြို့၊ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာန နာယက ဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသနှင့် ၂၀၂၂ ခုနှစ်၊


စာမျက်နှာ ၃ ကော်လံ ၁ ❖




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့ မဇ္ဈိမာရုံ ပါဠိမိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒသာရထံ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်စဉ်။


## ယနေ့ ဖတ်စရာ



ဒေသတွင်းမှာ ခေတ်မီတပ်မတော်တစ်ရပ် တည်ဆောက်ဖို့ လိုကို လိုအပ်နေတယ်ဆိုတာ ...


ဆောင်းပါး

စာ - ၁၀

ကမ္ဘာ့ရေနံဈေးကွက်ကို တည်ငြိမ်အောင်လုပ်ဆောင်သွားမည်ဟု ဆော်ဒီအာရေဗျနိုင်ငံခြားရေး ဝန်ကြီးပြောကြား


နိုင်ငံတကာသတင်း

စာ - ၁၃

မြန်မာ့အလင်း

# နိုင်ငံ့စီးပွားမြင့်မားတိုးတက်ရေးနှင့် ပြည်သူလူထု စားဝတ်နေမှုဖူလုံရေး

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်သစ်ကို လာမည့် ဧပြီလမှစတင်၍ နောက်နှစ်မတ်လအထိ အကောင်အထည်ဖော်ဆောင်ရွက်တော့မည်ဖြစ်သည်။ ဘဏ္ဍာရေးနှစ် တစ်နှစ်တာအတွက် ရေးဆွဲထားသည့် အမျိုးသားစီမံကိန်းလျာထားချက်များကို အကောင်အထည်ဖော်ရာတွင် ပြည်ထောင်စုဝန်ကြီးဌာနများက ကဏ္ဍအလိုက် တာဝန်ယူကြရမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများက ဒေသအလိုက် တာဝန်ယူကြရမည်ဖြစ်သည်။ စီမံကိန်းလျာထားချက်များအတိုင်း အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန်အတွက် တာဝန်ယူမှု တာဝန်ခံမှုအပြည့်ဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းသွားကြရမှာလည်းဖြစ်သည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းသည် အမျိုးသားဖွံ့ဖြိုးမှု (၅)နှစ် စီမံကိန်းမူဘောင်ကို အခြေခံ၍ ရေးဆွဲထားခြင်းဖြစ်ပြီး (၅)နှစ်စီမံကိန်း၏ ပထမနှစ်ဖြစ်သည်။ အမျိုးသားဖွံ့ဖြိုးမှု (၅)နှစ် စီမံကိန်းအရ စီးပွားရေးတိုးတက်မှုနှုန်း ပျမ်းမျှ ၄ ဒသမ ၃ ရာခိုင်နှုန်းခန့် ရည်မှန်းထားခြင်းဖြစ်ရာ မကြာမီ စတင်တော့မည့် ဘဏ္ဍာရေးနှစ်သစ်သည် အခြေခံနှစ်ဖြစ်သည့်အလျောက် လျာထားချက်များ ပြည့်မြောက်ကျော်လွန်အောင် ကြိုးပမ်းအကောင်အထည်ဖော်နိုင်ရန် အရေးကြီးသည်။ လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍတို့အလိုက် စီမံကိန်းလျာထားချက်များကို အကောင်အထည်ဖော်ရာတွင် သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများ၊ ဒေသအာဏာပိုင်များအကြား အချိတ်အဆက်မိမိ၊ ဟန်ချက်ညီညီ၊ ပေါင်းစပ်ညှိနှိုင်းမှု အားကောင်းကောင်းဖြင့် ဆောင်ရွက်သွားနိုင်သည်နှင့်အမျှ အောင်မြင်မှုရရှိနိုင်မည်ဖြစ်သည်။

"နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်လျက်ရှိပါကြောင်း၊ လာမည့်နှစ်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့် ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ ပြည်သူလူထု၏ စားဝတ်နေမှုဖူလုံစေရေးများကို အလေးထား ဦးစားပေးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း" ဖြင့် အမျိုးသား စီမံကိန်းကော်မရှင်အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၂)တွင် အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။ ပြည်တွင်းရှိ အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများမှ စားသောက်ကုန်များ၊ လူသုံးအိမ်သုံးပစ္စည်းများ ထုတ်လုပ်လျက်ရှိရာ ပြည်တွင်းလိုအပ်ချက်နှင့်အညီ ထုတ်လုပ်နိုင်စေရန် မြှင့်တင်ပေးခြင်းအားဖြင့် ပြည်ပမှ တင်သွင်းမှုများကို လျှော့ချနိုင်မည်ဖြစ်သည်။ အကျိုးဆက်အနေဖြင့် နိုင်ငံခြားလိုငွေများ လျှော့ချနိုင်ခြင်း၊ ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းလာခြင်း၊ ပြည်တွင်းငွေကြေးလည်ပတ်မှု ကောင်းမွန်လာပြီး ဝယ်လိုအား ရောင်းလိုအား ကောင်းမွန်လာသည်နှင့်အမျှ ပြည်တွင်းစီးပွားရေးတိုးတက်လာခြင်းစသည့် အကျိုးရလဒ်များ ရရှိနိုင်မည်ဖြစ်သည်။

မိမိတို့နိုင်ငံအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါဖြစ်သည့် ကိုဗစ်-၁၉ ကြောင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်ခဲ့ရာ အမြန်ဆုံး ကုစားနိုင်ရေးနှင့် ပြန်လည်ဦးမော့လာစေရန် ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် ဆောင်ရွက်လျက်ရှိသည်။ လာမည့် ဘဏ္ဍာရေးနှစ်သစ်တွင် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သည့်နည်းတူ ပြည်သူလူထု စားဝတ်နေမှု ဖူလုံစေရေးကိုလည်း အလေးထား ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ရာ ကဏ္ဍအလိုက်၊ ဒေသအလိုက် တာဝန်ယူဆောင်ရွက်မှုများ ပီပြင်သည်နှင့်အမျှ နိုင်ငံ့စီးပွားနှင့် ပြည်သူတို့၏ ယုံကြည်အားထားမှုတို့ မြင့်မားလာမည် ဧကန်သာဖြစ်ပါကြောင်း။ ။

## (၇၇) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ကာကွယ်စောင့်ရှောက်လျက် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ကူညီဆောင်ရွက်ရေး။
၂။ နိုင်ငံတော်အစိုးရ၏ အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် အဓိကဆောင်ရွက်လျက်ရှိသည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာပေါများဖူလုံရေး လုပ်ငန်းစဉ်များတွင် တပ်မတော်အနေဖြင့် ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား တာဝန်ယူဆောင်ရွက်ရေး။
၃။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တပ်မတော်က တိုင်းရင်းသားပြည်သူအားလုံးနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ရေး။
၄။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။
၅။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။






## ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး ကမ္ဘောဒီးယားဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တည်ခင်းဧည့်ခံသည့် ကြိုဆိုညစာစားပွဲသို့ တက်ရောက်

**နေပြည်တော် မတ် ၁၆**

ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပပြုလုပ်သည့် (၁၉)ကြိမ်မြောက် အာဆီယံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေး 19 th ASEAN Chiefs of Defence Forces Meeting (ACDFM-19) သို့ တက်ရောက်မည့် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် ယနေ့ညပိုင်းတွင် ဖနောင်ပင်မြို့ Sokha Hotel ၌ ကမ္ဘောဒီးယားဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General VONG PISEN က တည်ခင်းဧည့်ခံသည့် ကြိုဆိုညစာစားပွဲအခမ်းအနားသို့ တက်ရောက်သည်။ **(အပေါ်ပုံ)**

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်အတူ မြန်မာ့တပ်မတော်ကိုယ်စားလှယ် အဖွဲ့ဝင်များ၊ အာဆီယံနိုင်ငံများမှ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များနှင့် ဇနီးများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ညစာစားပွဲ အခမ်းအနားတွင် ကမ္ဘောဒီးယား ဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ အာဆီယံနိုင်ငံများမှ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များနှင့် ဇနီးများ၊ အခမ်းအနားတက်ရောက်လာကြသူများသည် ညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာ သုံးဆောင်နေစဉ်အတွင်း တေးဂီတအဖွဲ့က ရိုးရာအကအလှများ၊ အကပဒေသာများဖြင့် ကပြဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## (၇၇) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ကဗျာရွတ်၊ ပုံပြင်ပြော၊ စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**မြင်းခြံ မတ် ၁၆**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့၌ (၇၇) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ကဗျာရွတ်၊ ပုံပြင်ပြော၊ စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဇော်ထွေးနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်လှိုင်တို့က အမှာစကား ပြောကြားသည်။ ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးနွဲ့က ပြိုင်ပွဲများပြုလုပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ (၇၇) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ကဗျာရွတ်ဆို၊ ပုံပြင်ပြော၊ စာစီစာကုံးပြိုင်ပွဲများတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဇော်ထွေး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ယာယီစစ်ဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီး ကျော်လင်း၊ ဒုတိယတိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မောင်မောင်အေး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်လှိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းစိန်နှင့် အဖွဲ့ဝင်များ၊ Book Club, Youth Club, Women Club တို့၏ နာယက ဦးမြင့်ဟန်တို့က ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ကျော်စွာ(မြင်းခြံ)**

❖ *ရှေ့ဖုံးမှ*

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ကော်ရော် အပူဇော်ခံတော်မူကြမည့် ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ ဒေါက်တာ ဗညားအောင်မိုး၊

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ဧည့်ပရိသတ်တို့က နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။**





ဦးရွှေကြိမ်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးသာဌေး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

## ဖတ်ကြားလျှောက်ထား

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်ပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအေးထွန်းက အခမ်းအနားဖွင့်စာတမ်းကို ဖတ်ကြားလျှောက်ထားသည်။

## ငါးပါးသီလ ခံယူဆောက်တည်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ အင်းစိန်မြို့၊ ရွာမ အနောက်ရပ်ကွက်၊ ရွာမပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ တိလောကာဘိဝံသ က သမ္ဗောဒနီယ ဩဝါဒကထာကို မြွက်ကြားချီးမြှင့်တော်မူပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

## ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က ဗန်းမော်ဆရာတော်ထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့၊ မဇ္ဈိမာရုံ ပါရမီစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ဉာဏိန္ဒသာရထံ ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်ပူဇော်သည်။

## လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက သန်လျင်မင်းကျောင်းဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ ဌေးပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ဉာဏဝံသထံ ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်ပူဇော်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦးက အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ တိလောကာ ဘိဝံသ ထံလည်းကောင်း၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းက အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့၊ ဝေဇယန္တာ စာသင်တိုက်ဆရာတော် ဘဒ္ဒန္တ နရာသဘာဘိဝံသထံလည်းကောင်း ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ပူဇော်ကြသည်။

## ဘွဲ့တံဆိပ်တော်ဆက်ကပ်

ဆက်လက်၍ ကောင်စီဝင် မန်းငြိမ်းမောင်က အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာဇံမြို့နယ်၊ မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ဝိစာရိန္ဒာဘိဝံသ ထံလည်းကောင်း၊ ကောင်စီဝင် ဒေါ်အေးနုစိန်က အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ မိုးကောင်းပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ သုမင်္ဂလာ စာရာဘိဝံသ ထံလည်းကောင်း၊ ကောင်စီဝင် ဦးမောင်းဟာက အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘွဲ့တံဆိပ်တော်ရ နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အင်းသာ အရှေ့ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတ ထံလည်းကောင်း၊ ကောင်စီဝင် ဦးစိုင်းလုံးဆိုင် က အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ တိုင်တစ်ရာ အရှေ့ကျောင်းကြီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဇိနောဒယထံလည်းကောင်း ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ပူဇော်ကြသည်။

ထို့နောက် ကောင်စီဝင် ဒေါက်တာ ဗညားအောင်မိုးက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာဇံမြို့နယ်၊ တောင်စလင်း တိုက်သစ်ဆရာတော် ဘဒ္ဒန္တ တိက္ခထံလည်းကောင်း၊ ကောင်စီဝင် ဦးရွှေကြိမ်းက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ဒက္ခိဏာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဇောတာလင်္ကာရ ထံလည်းကောင်း၊ ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဧရာဝတီတိုင်းဒေသကြီး၊ ကျုံမငေးမြို့၊ စက်ရုံဓမ္မရိပ်သာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ သုမန ထံလည်းကောင်း ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ပူဇော်ကြသည်။

ဆက်လက်ပြီး ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ စိတ္တသုခဘုန်းတော်ကြီးသင်ပညာရေးကျောင်းဆရာတော် ဘဒ္ဒန္တ ဓမ္မပိယထံလည်းကောင်း၊

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗန်းမော်ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ ဌေးပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ဉာဏဝံသထံ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်စဉ်။

*စာမျက်နှာ ၃ မှ*

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဓမ္မသုခ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဆရာတော် ဘဒ္ဒန္တ နာရဒထံလည်းကောင်း ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ပူဇော်ကြသည်။

**ဆက်ကပ်ပူဇော်**

ယင်းနောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးသာဌေးက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မန္တလေးမြို့၊ မဏိရတနာ မြတောင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ အကိုရနှင့် ကျောက်ဖြူမြို့၊ ဘုရားကြီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍဝထံ လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး က အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ရှေးမြို့နယ်၊ ပရိယတ္တိမာမက ဓမ္မရက္ခိတ စာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ခန္တီ ၊ ဘားအံမြို့နယ်၊ ဇွဲကပင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ကဝိဓဇနှင့် ခရမ်းမြို့နယ်၊ ကမာကလူ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဆရာတော် ဘဒ္ဒန္တ ဉာဏဝံသထံလည်းကောင်း ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ပူဇော်ကြသည်။

**လှူဖွယ်ပစ္စည်းများ ဆက်ကပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယဘွဲ့ရရှိသည့် ဆရာတော်ကြီးများထံ ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ပူဇော်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးက အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းမြို့၊ သာသနာ့ဗိမာန်စာသင်တိုက် သီလရှင်ဆရာကြီး ဒေါ်ကုဏ္ဍလသိဂီနှင့် စစ်ကိုင်းမြို့၊ ဒေါ်ဝိဇ္ဇာနန္ဒီကံသာကျောင်းသီလရှင်ဆရာကြီး ဒေါ်အဉ္စနဝတီတို့ထံလည်းကောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၏ဇနီးက အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော်ရ မရမ်းကုန်းမြို့နယ်၊ ချမ်းမြေ့ဂုဏ်ဝေပရိယတ္တိ ပဋိပတ္တိပရဟိတသီလရှင်စာသင်တိုက် သီလရှင်ဆရာကြီး

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ တိလောကာဘိဝံသ ထံ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့ ဝေဇယန္တာ စာသင်တိုက် ဆရာတော် ဘဒ္ဒန္တ နရာသဘာဘိဝံသ ထံ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာဇံမြို့နယ် မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ဝိစာရိန္ဒာဘိဝံသ ထံ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါ်အေးနုစိန် အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ မိုးကောင်းပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ သုဓမ္မာစာရာဘိဝံသ ထံ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်စဉ်။

*စာမျက်နှာ ၄ မှ*

ဒေါက်တာ ဒေါ်ဆေကဝတီ ထံ လည်းကောင်း ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်ပူဇော်ကြသည်။

**အဆောင်အယောင်များ ချီးမြှင့်**

ဆက်လက်၍ သာသနာနုဂ္ဂဟဘွဲ့တံဆိပ်တော်များကို ချီးမြှင့်ပေးအပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဂ္ဂမဟာသီရိ သုဓမ္မ မဏိဇောတဓရဘွဲ့ရရှိသည့် ဦးစိုးမွန်းအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ချီးမြှင့်အပ်နှင်းသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးက အဂ္ဂမဟာသီရိသုဓမ္မ သိင်္ဂီဘွဲ့ရရှိကြသည့် ဒေါက်တာ စန်းစန်းရီနှင့် ဒေါက်တာခင်မြဝင်းတို့အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ချီးမြှင့်အပ်နှင်းသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်သန်လျင်မင်းကျောင်းဆရာတော်ထံမှ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် ဇနီး၊ ဧည့်ပရိသတ်တို့က အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**အသီးသီး ဆက်ကပ်ပေးအပ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၂၀၂၂ ခုနှစ်တွင် ပြည်တွင်း/ပြည်ပ ရဟန်း ၂၈၄ ပါး၊ သီလရှင်ဆရာကြီး ၄၁ ပါးနှင့် လူပုဂ္ဂိုလ် ၄၁ ဦးတို့ကို သာသာနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များ ဆက်ကပ်လှူဒါန်း ချီးမြှင့်ခဲ့ပြီး ယနေ့ကျင်းပသည့် ၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ပွဲ အခမ်းအနားတွင် အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၉ ပါး၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၈ ပါး၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၁၈ ပါး၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၂၃ ပါး၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီး ၃ ပါး၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၄၁ ပါး၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ရဟန်း ၆ ပါးတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များ ဆက်ကပ်ခဲ့ကာ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ် ၁ ဦးနှင့် အဂ္ဂမဟာသီရိ သုဓမ္မ သိင်္ဂီ ဘွဲ့တံဆိပ်ရလူပုဂ္ဂိုလ် ၂ ဦးတို့ကိုလည်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များကို ပေးအပ်ချီးမြှင့်ခဲ့သည်။ ကျန်ရှိသည့် ဆရာတော်ကြီးများ၊ သီလရှင်ကြီးများနှင့် လူပုဂ္ဂိုလ်များကိုလည်း သက်ဆိုင်ရာ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက အသီးသီး ဆက်ကပ်ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။

**သွားရောက်ဖူးမြော်ကြည်ညို**

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် ပြည်ပဘွဲ့ခံ ဆရာတော်များဖြစ်ကြသည့် အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီရိလင်္ကာနိုင်ငံ၊ Sithulpawwa Rajamaha Viharaya, Galle ကျောင်းတိုက်ဆရာတော် Venarable Metarenba Hemaratana Nayaka Thero နှင့် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော်ရ သီရိလင်္ကာနိုင်ငံ၊ University of Kelaniya ဆရာတော် Director Venerable Medawachchiye Dhammajothi Thero တို့အား ဆရာတော်များ ခေတ္တသီတင်းသုံးလျက်ရှိသည့်နေရာသို့ သွားရောက်ဖူးမြော် ကြည်ညို၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ယခုကဲ့သို့ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို လာရောက် ဆက်ကပ်ခံယူခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာ ကိုးကွယ်သည့်နိုင်ငံဖြစ်သကဲ့သို့ သီရိလင်္ကာနိုင်ငံသည်လည်း ထေရဝါဒဗုဒ္ဓဘာသာ ကိုးကွယ်သည့်နိုင်ငံ ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ထေရဝါဒဗုဒ္ဓသာသနာ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း လျှောက်ထားသည်။

*စာမျက်နှာ ၆ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးမောင်းဟာ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ နေပြည်တော် လယ်ဝေးမြို့နယ် အင်းသာအရှေ့ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ ထံ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးစိုင်းလုံးဆိုင် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် တိုင်တစ်ရာ အရှေ့ကျောင်းကြီး ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဇိနေ္တဒယ ထံ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဒေါက်တာ ဗညားအောင်မိုး အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာဇံမြို့နယ် တောင်စလင်းတိုက်သစ်ဆရာတော် ဘဒ္ဒန္တ တိက္ခ ထံ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးရွှေကြိမ်း အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ဒက္ခိဏာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဇောတာလင်္ကာရ ထံ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဧရာဝတီတိုင်းဒေသကြီး ကျုံမငေးမြို့ စက်ရုံဓမ္မရိပ်သာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ သုမန ထံ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် စိတ္တသုခဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဆရာတော် ဘဒ္ဒန္တ ဓမ္မပိယထံ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီရိလင်္ကာနိုင်ငံ Sithulpawwa Rajamaha Viharaya, Galle ကျောင်းတိုက် ဆရာတော်နှင့် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ သီရိလင်္ကာနိုင်ငံ University of Kelaniya ဆရာတော်တို့အား ဖူးမြော်ကြည်ညိုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဘွဲ့ရရှိသည့် ဦးစိုင်းမွန်း အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းစဉ်။

*စာမျက်နှာ ၅ မှ*

ထို့နောက် ဆရာတော်က ယခုကဲ့သို့ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များ ဆက်ကပ်ခြင်းခံရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့သည် ကိုးကွယ်သည့် ဘာသာများတူညီသကဲ့သို့ နှစ်နိုင်ငံဆက်ဆံရေးသည်လည်း နှစ်ပေါင်းများစွာ တည်တံ့ခိုင်မြဲလျက်ရှိကြောင်း၊ သီရိလင်္ကာနိုင်ငံရှိ University of Kelaniya တွင်လည်း မြန်မာနိုင်ငံမှ သံဃာတော်အပါး ၃၀၀ ကျော် တက်ရောက်၍ သာသနာတော်ဆိုင်ရာ ပညာရပ်များကို သင်ယူလျက်ရှိသကဲ့သို့ အခြားနိုင်ငံများမှလည်း လာရောက်သင်ယူလျက်ရှိပါကြောင်း၊ မိမိတို့ တက္ကသိုလ်အနေဖြင့်လည်း မြန်မာနိုင်ငံရှိ သီတဂူ ဗုဒ္ဓတက္ကသိုလ်နှင့် နားလည်မှုစာချွန်လွှာ ရေးထိုး နိုင်ရေးအတွက်လည်း ဆောင်ရွက်လျက် ရှိပါကြောင်း မိန့်ကြားသည်။

### ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သီရိလင်္ကာနိုင်ငံတွင် မြန်မာနိုင်ငံမှ စာသင်သားသံဃာတော်များ ပညာသင်ကြားရာ၌ အဆင်ပြေစေရေးအတွက် မိမိအနေဖြင့် တတ်နိုင်သမျှ ကူညီဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း သီတဂူဗုဒ္ဓတက္ကသိုလ်အပါအဝင် ဗုဒ္ဓတက္ကသိုလ်များ ဖွင့်လှစ်ထားရှိပြီး ဥရောပနိုင်ငံများအပါအဝင် ပြည်ပနိုင်ငံများမှ စာသင်သံဃာတော်များနှင့် သီလရှင်များလည်း လာရောက် သင်ကြားလျက်ရှိပါကြောင်း၊ ထိုသို့ သာသနာရေးဆိုင်ရာ ပညာရပ်များကို သင်ကြားနိုင်ရေးအတွက် နိုင်ငံအသီးသီးရှိ ဆရာတော်ကြီးများ၏ ကြိုးပမ်းဆောင်ရွက်မှုသည် ထေရဝါဒဗုဒ္ဓသာသနာ ပြန့်ပွားမှုကို များစွာ အထောက်အကူပြုစေပါကြောင်း၊ အလားတူ ကမ္ဘာ့အကြီးဆုံး ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်ဖြစ်လာမည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကိုလည်း ထုဆစ်တည်ဆောက်လျက်ရှိပြီး ပိဋကတ်သုံးပုံ ပါဠိတော် အဋ္ဌကထာဋီကာ ကျမ်းစာများကို စကျင်ကျောက်တော်များ၌ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ရေးထိုးပူဇော်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နေခြင်းမှာ ထေရဝါဒဗုဒ္ဓ သာသနာတော်ကြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲရေးအတွက် မိမိတို့အနေဖြင့် တတ်နိုင်သည့်ဘက်မှ ကြိုးပမ်းဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်းဖြင့် လျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဆရာတော်ကြီးများထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဆရာတော်ကြီးက ဓမ္မလက်ဆောင်အား ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ မွန်ပြည်နယ် မော်လမြိုင်မြို့ ဓမ္မသုခဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဆရာတော် ဘဒ္ဒန္တ နာရဒထံ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်စဉ်။



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးသာဌေး အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ကျောက်ဖြူမြို့ ဘုရားကြီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဏဝထံ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်စဉ်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ခရမ်းမြို့နယ် ကမာကလူ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဆရာတော် ဘဒ္ဒန္တ ဉာဏဝံသ ထံ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်စဉ်။

# ဒက္ခိဏသီရိမြို့နယ် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ပူဇော်မည့် ကျောက်စာရုံစေတီများနှင့် သာသနာ့ဗိမာန်တော် ရတနာပန္နက်တော်တင် မဟာမင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် မတ် ၁၆

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း၌ တည်ဆောက်ပူဇော်မည့် ကျောက်စာရုံစေတီများနှင့် သာသနာ့ဗိမာန်တော် ရတနာပန္နက်တော်တင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်သည်။



ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း၌ တည်ဆောက်ပူဇော်မည့် ကျောက်စာရုံစေတီများနှင့် သာသနာ့ဗိမာန်တော် ရတနာပန္နက်တော်တင် မဟာမင်္ဂလာအခမ်းအနားတွင် ဆရာတော်ကြီးများက မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြစဉ်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသည့် ၂၀၂၂ ခုနှစ် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူတော်မူကြမည့် ဆရာတော်ကြီးများ၊ ဒေသခံသြဝါဒါစရိယ ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး ဆရာတော်ကြီးများက မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများက ရတနတ္တယပူဇာဂါထာတော်နှင့် မေတ္တာပို့လင်္ကာနှစ်ပိုဒ်ကို သံပြိုင်ညီညာ သုံးကြိမ်ရွတ်ဆိုပွားများ ပူဇော်ကြသည်။

### ကျောက်စာရုံစေတီ ရတနာပန္နက်တော်တင်

ယင်းနောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပန္နက်တော်စိုက်ထူပူဇော်သည့် ရှေးထုံးစဉ်လာကျမ်းဂန်တော်လာ အစဉ်အလာမြတ်များနှင့်အညီ ကျောက်စာရုံစေတီ ဗဟိုပန္နက်တော်ဌာနတွင် နေရာယူကြသည်။ ထို့နောက် မင်္ဂလာအချိန်တွင် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျောက်စာရုံစေတီ ဗဟိုပန္နက်တော်ဌာနတွင် ရတနာပန္နက်တော်ကို စိုက်ထူ၍ ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်သည်။

ထို့နောက် ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ မန်းငြိမ်းမောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ ဒေါက်တာ ဗညားအောင်မိုးနှင့် ဦးရွှေကြိမ်းတို့က ကျောက်စာရုံစေတီပန္နက်တော်ဌာနရှိ သတ်မှတ်နေရာအသီးသီး၌ ရတနာပန္နက်တော်များကို စိုက်ထူပြီး ပရိတ်နံ့သာရည် ပက်ဖျန်းပူဇော်ကြသည်။

### သာသနာ့ဗိမာန်တော် ရတနာပန္နက်တော်တင်

ဆက်လက်ပြီး သာသနာ့ဗိမာန်တော် ရတနာပန္နက်တော်ဌာနတွင် အသီးသီးနေရာယူကြပြီး မင်္ဂလာအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး

*စာမျက်နှာ ၈ သို့*

**“ကျောက်စာရုံစေတီများ တည်ထားနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ရာတွင် ကျောက်စာချပ်ရေပေါင်း ၇၂၉ ချပ် စိုက်ထူထားပြီး ကမ္ဘာ့အကြီးဆုံး စာအုပ်ကြီးဖြစ်သည့်အပြင် ၂၀၁၃ ခုနှစ်တွင် ယူနက်စကို ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းဝင်ခဲ့သည့် မန္တလေးမြို့ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားရှိ ပဉ္စမသင်္ဂါယနာတင် ပိဋကတ်ကျောက်စာရုံများအား အလေးထားစံပြု၍ တည်ထားကိုးကွယ်နိုင်ရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ သမိုင်းမော်ကွန်းကျောက်စာထားရှိမည့် ကျောက်စာရုံသည် အလျား ၂၁ ပေ၊ အနံ ၂၁ ပေ၊ အမြင့် ၂၇ ပေရှိမည်ဖြစ်ပြီး အခြားကျောက်စာရုံများအနေဖြင့် အလျား ၁၂ ပေ၊ အနံ ၁၂ ပေ၊ အမြင့် ၁၈ ပေရှိမည်ဖြစ်ကာ ကျောက်စာချပ်အနေဖြင့် အလျား ၄၅ လက်မ၊ အမြင့် ၇၅ လက်မ၊ ထု ၇ ဒသမ ၂ လက်မရှိမည်ဖြစ်ကြောင်း၊ ယခု ပိဋကတ်သုံးပုံပါဠိတော် အဋ္ဌကထာဋီကာကျမ်းစာများကို ရေးထိုးပူဇော်ပြီးပါကလည်း ကျောက်စာချပ်များသည် ဗုဒ္ဓမြတ်စွာ၏ နှုတ်ကပါဌ်တော်များကို ရေးထိုးပူဇော်ထားခြင်းဖြစ်သည့်အတွက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မျက်နှာတော်မူရာ ရှေ့မျက်နှာစာ၌ စိုက်ထူပူဇော်ထားရှိမည်”**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းမြို့ သာသနာ့ဗိမာန်စာသင်တိုက် သီလရှင်ဆရာကြီး ဒေါ်ဣန္ဒသိင်္ဂီထံ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၏ ဇနီး ဒေါ်သန်းသန်းနွယ် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ မရမ်းကုန်းမြို့နယ် ချမ်းမြေ့ဂုဏ်ဝေပရိယတ္တိ ပဋိပတ္တိ ပရဟိတသီလရှင်စာသင်တိုက် သီလရှင်ဆရာကြီး ဒေါက်တာ ဒေါ်ဆေကဝတီထံ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း၌ တည်ဆောက်ပူဇော်မည့် သာသနဓဇမာန်တော် ရတနာပန္နက်တော်တင် မဟာမင်္ဂလာအခမ်းအနားတွင် ရတနာပန္နက်တော်ကို ပရိတ်နံ့သာရည် ပက်ဖျန်းပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း၌ တည်ဆောက်ပူဇော်မည့် ကျောက်စာရုံစေတီများ ရတနာပန္နက်တော်တင် မဟာမင်္ဂလာအခမ်းအနားတွင် ရတနာပန္နက်တော်ကို စိုက်ထူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း၌ တည်ဆောက်ပူဇော်မည့် ကျောက်စာရုံစေတီများ ရတနာပန္နက်တော်တင် မဟာမင်္ဂလာအခမ်းအနားတွင် ရတနာပန္နက်တော်ကို ပရိတ်နံ့သာရည် ပက်ဖျန်းပူဇော်စဉ်။

*စာမျက်နှာ ၇ မှ*

ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရတနာပန္နက်တော်ကို စိုက်ထူ၍ ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်သည်။ ထို့နောက် ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးကိုကို၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်တို့က သာသနဓဇမာန်တော် ပန္နက်တော် ဌာနရှိ သတ်မှတ်နေရာအသီးသီး၌ ရတနာပန္နက်တော်များကို စိုက်ထူပြီး ပရိတ်နံ့သာရည် ပက်ဖျန်းပူဇော်ကြသည်။

ထို့နောက် သံဃာတော်အရှင်သူမြတ်များ ဦးဆောင်၍ "ဇယန္တော ဗောဓိယာ မူလေ" အစချီသည့် ဇယမင်္ဂလာအောင်ဂါထာတော်များကို ရွတ်ဆိုပူဇော်ကြပြီး ဗုဒ္ဓ သာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကိုရုပ်သိမ်းကာ ရတနာရွှေမိုး ငွေမိုးများ ရွာသွန်းဖြိုးခဲ့ကြသည်။

အဆိုပါ ကျောက်စာရုံစေတီများ တည်ထားနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ရာတွင် ကျောက်စာချပ်ရေပေါင်း ၇၂၉ ချပ် စိုက်ထူထားပြီး ကမ္ဘာ့အကြီးဆုံး စာအုပ်ကြီးဖြစ်သည့်အပြင် ၂၀၁၃ ခုနှစ်တွင် ယူနက်စကိုကမ္ဘာ့မှတ်တမ်း အမွေအနှစ်စာရင်းဝင်ခဲ့သည့် မန္တလေးမြို့ မဟာလောကမာရဇိန် ကုသိုလ်တော် ဘုရားရှိ ပဥ္စသင်္ဂါယနာတင် ပိဋကတ်ကျောက်စာရုံများအား အလေးထားစံပြု၍ တည်ထားကိုးကွယ်နိုင်ရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ သမိုင်းမော်ကွန်းကျောက်စာထားရှိမည့် ကျောက်စာရုံသည် အလျား ၂၁ ပေ၊ အနံ ၂၁ ပေ၊ အမြင့် ၂၇ ပေ ရှိမည်ဖြစ်ပြီး အခြားကျောက်စာရုံများအနေဖြင့် အလျား ၁၂ ပေ၊ အနံ ၁၂ ပေ၊ အမြင့် ၁၈ ပေရှိမည်ဖြစ်ကာ ကျောက်စာချပ်အနေဖြင့် အလျား ၄၅ လက်မ၊ အမြင့် ၇၅ လက်မ၊ ထု ၇ ဒသမ ၂ လက်မရှိမည်ဖြစ်ကြောင်း၊ ယခု ပိဋကတ်သုံးပုံပါဠိတော် အဋ္ဌကထာဋီကာကျမ်းစာများကို ရေးထိုးပူဇော်ပြီးပါကလည်း ကျောက်စာချပ်များသည် ဗုဒ္ဓမြတ်စွာ၏ နှုတ်ကပါဠိတော်များကို ရေးထိုးပူဇော်ထားခြင်းဖြစ်သည့်အတွက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မျက်နှာတော်မူရာ ရှေ့မျက်နှာစာ၌ စိုက်ထူပူဇော်ထားရှိမည်ဖြစ်ပြီး ဘုရားဖူးလာ မိဘပြည်သူများအနေဖြင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ရာတွင် ကျောက်စာတိုက်များအတွင်းရှိ ပိဋကတ်သုံးပုံပါဠိတော် အဋ္ဌကထာဋီကာကျမ်းစာများကိုပါ တစ်ပါတည်း ကြည်ညိုလေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းသို့ ရေးထိုးပူဇော်နိုင်ရေး စိစစ်ဆောင်ရွက်ရာတွင် ပိဋကတ်သုံးပုံပါဠိတော် အဋ္ဌကထာဋီကာကျမ်းစာများကို စကျင်ကျောက်တော်များ၌ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့်ရေးထိုးပူဇော်သွားမည်ဖြစ်ကြောင်းနှင့် သာသနဓဇမာန်တော်ကြီးကိုလည်း မြန်မာမှုလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ဆောက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး ကျောက်စာရုံစေတီများ ရတနာပန္နက်တော် စိုက်ထူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း ကျောက်စာရုံစေတီများ ရတနာပန္နက်တော်ကို ပရိတ်နံ့သာရည် ပက်ဖျန်းပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင် ကျောက်စာရုံစေတီများ ရတနာပန္နက်တော် စိုက်ထူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးမောင်းဟာ ကျောက်စာရုံစေတီများ ရတနာပန္နက်တော်ကို ပရိတ်နံ့သာရည် ပက်ဖျန်းပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးစိုင်းလုံးဆိုင် ကျောက်စာရုံစေတီများ ရတနာပန္နက်တော် စိုက်ထူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာ ဗညားအောင်မိုး ကျောက်စာရုံစေတီများ ရတနာပန္နက်တော် စိုက်ထူစဉ်။

# ညီနိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး (၁၉)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေးတက်ရောက်ကြမည့် အာဆီယံနိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များနှင့် နိုင်ငံအလိုက်သီးခြားစီတွေ့ဆုံ



**နေပြည်တော် မတ် ၁၆**

(၁၉) ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေး 19th ASEAN Chiefs of Defence Forces Meeting (ACDFM–19) တက်ရောက်ရန် ကမ္ဘောဒီးယားနိုင်ငံ၌ ရောက်ရှိနေသည့် ညီနိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး သည် ယနေ့တွင် အာဆီယံနိုင်ငံများမှ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များ၊ တာဝန်ရှိသူများနှင့် SOKHA Hotel ရှိ အစည်းအဝေးခန်းမ၌ သီးခြားစီတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ညီနိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး ဦးဆောင်သည့် မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် **ကမ္ဘောဒီးယားဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Vong Pisen** ဦးဆောင်သော **ကိုယ်စားလှယ်အဖွဲ့၊ လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန စစ်ဦးစီးဌာန ယာယီအကြီးအကဲ Major General Khamlieng OUTHAKAISONE** ဦးဆောင်သော **ကိုယ်စားလှယ်အဖွဲ့၊ ဗီယက်နမ်ပြည်သူ့တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် Senior Lieutenant General Nguyen Tan Cuong** ဦးဆောင်သော **ကိုယ်စားလှယ်အဖွဲ့နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi** ဦးဆောင်သော **ကိုယ်စားလှယ်အဖွဲ့များနှင့်** သီးခြားစီ တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံပွဲများတွင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြင့်ဆောင်ရွက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲများအပြီးတွင် ညီနိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် အာဆီယံနိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၊ တာဝန်ရှိသူများသည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စစ်ဦးစီးအရာရှိချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း (၁၂)ကြိမ်မြောက် အာဆီယံတပ်မတော်စစ်ဆင်ရေးမှူးချုပ်များ အစည်းအဝေး တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ တပ်မတော်စစ်ဆင်ရေးမှူးချုပ်များနှင့် နိုင်ငံအလိုက် သီးခြားစီတွေ့ဆုံ



**နေပြည်တော် မတ် ၁၆**

ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပပြုလုပ်သည့် (၁၂)ကြိမ်မြောက် အာဆီယံတပ်မတော်စစ်ဆင်ရေးမှူးချုပ်များ အစည်းအဝေး 12th ASEAN Military Operation Meeting (12th AMOM) သို့ တက်ရောက်ခဲ့သည့် မြန်မာ့တပ်မတော်မှ စစ်ဦးစီးအရာရှိချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းသည် မတ် ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် အိမ်ရှင်ကမ္ဘောဒီးယားနိုင်ငံမှ (12th AMOM) ဥက္ကဋ္ဌဖြစ်သူ အာဆီယံတပ်မတော် စစ်ဆင်ရေးမှူးချုပ် Major General Pen Sokre–thvithyea ၊ ထိုင်းနိုင်ငံမှ Lieutenant General Chitchanok Nujjaya ၊ ဖိလစ်ပိုင်နိုင်ငံမှ Major General Alex S Rillera Pa ၊ လာအိုနိုင်ငံမှ Brigadier General Sonethong Keolokham ၊ ဘရူနိုင်းနိုင်ငံမှ Col. Saifulrizal bin Abdul Latif တို့နှင့် သီးခြားစီ တွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

အဆိုပါ တွေ့ဆုံပွဲများတွင် လက်ရှိမြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေနှင့် အစိုးရ၏ ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေများ၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်မှုဆိုင်ရာ ကိစ္စရပ်များ၊ ဒေသတွင်း လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မတ် ၁၆**

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့နှင့် ညောင်ဦးမြို့တို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်စီနှင့် တံတားဦး(လေကြောင်းမိုးလေဝသ)၊ မကွေးမြို့နှင့် တောင်တွင်းကြီးမြို့တို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ထားဝယ်မြို့တွင် ၀ ဒသမ ၆၆ လက်မနှင့် မိုးညှင်းမြို့တွင် ၀ ဒသမ ၀၈ လက်မတို့ဖြစ်ကြသည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး (၁၉) ကြိမ်မြောက် အာဆီယံတပ်မတော်ထောက်လှမ်းရေးမှူးချုပ်များ အစည်းအဝေးတက်ရောက်ကြသည့် အာဆီယံနိုင်ငံများမှ တပ်မတော်ထောက်လှမ်းရေးမှူးချုပ်များနှင့် နိုင်ငံအလိုက် သီးခြားစီတွေ့ဆုံ



**နေပြည်တော် မတ် ၁၆**

(၁၉) ကြိမ်မြောက် အာဆီယံတပ်မတော်ထောက်လှမ်းရေးမှူးချုပ်များ အစည်းအဝေး (19th ASEAN Military Intelligence Meeting–AMIM–19) တက်ရောက်ရန် ကမ္ဘောဒီးယားနိုင်ငံ၌ ရောက်ရှိနေသည့် မြန်မာ့တပ်မတော်မှ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် မတ် ၁၄ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံမှ Lieutenant General Hun Manith ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ မတ် ၁၅ ရက်တွင် ထိုင်းနိုင်ငံမှ Lieutenant General Natee Wongissares ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ဗီယက်နမ်နိုင်ငံမှ Lieutenant General Le Hona Son ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ မလေးရှားနိုင်ငံမှ Lieutenant General Datuk Ahmad Norihan Bin Jalal ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ လာအိုနိုင်ငံမှ Colonel Phimmachanh VONGPANNA ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့တို့နှင့် သီးခြားစီတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် လက်ရှိ မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေနှင့် အစိုးရ၏ ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေများ၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ် အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်မှုဆိုင်ရာ ကိစ္စရပ်များနှင့် ဒေသတွင်း လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲများ အပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် အာဆီယံနိုင်ငံများမှ တပ်မတော် ထောက်လှမ်းရေးမှူးချုပ်များသည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒေသတွင်းမှာ ခေတ်မီတပ်မတော်တစ်ရပ် တည်ဆောက်ဖို့ လိုကို လိုအပ်နေတယ်ဆိုတာ ...

## ပြည်ထောင်စုသားတစ်ဦး

အိန္ဒိယသမ္မတနိုင်ငံ Visakhapatnam မြို့မှာ ဖေဖော်ဝါရီ ၂၅ ရက်မှ မတ် ၄ ရက်အထိ ကျင်းပခဲ့တဲ့ ဒေသတွင်းရေတပ်များ တွေ့ဆုံပွဲ (MILAN–2022) ကို တက်ရောက်ခဲ့တဲ့ မြန်မာ့တပ်မတော် (ရေ)မှ စစ်ရေယာဉ်(ဆင်ဖြူရှင်)ဟာ မတ် ၈ ရက်မှာ မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာခဲ့ပါတယ်။

အဆိုပါဒေသတွင်း ရေတပ်များတွေ့ဆုံပွဲ (MILAN–2022) ကို မြန်မာအပါအဝင် နိုင်ငံပေါင်း ၁၄ နိုင်ငံက စစ်ရေယာဉ် ၂၂ စင်း ပါဝင်တက်ရောက်ခဲ့ကြောင်းနှင့် စစ်ရေယာဉ် (ဆင်ဖြူရှင်) ယခုသွားရောက်ခဲ့တဲ့ ခရီးစဉ်အသွားအပြန်က စုစုပေါင်းရေမိုင် ၃၀၂၀ ခန့်ရှိတယ်လို့ သိရပါတယ်။



၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁၅ ရက်က တပ်မတော်ရေမှ စစ်ရေယာဉ်များ ပင်လယ်ပြင်လက်တွေ့လေ့ကျင့်ခန်း လေ့ကျင့်ဆောင်ရွက်စဉ်။

### ခေတ်မီတပ်မတော်တစ်ရပ် ပေါ်ထွက်လာခဲ့ပါပြီ

လက်ရှိမှာ မြန်မာ့တပ်မတော်ဟာ ဒေသတွင်းမှာ ခေတ်မီတပ်မတော်တစ်ရပ်အဖြစ် ပေါ်ထွက်လာခဲ့ပါပြီ။ မြန်မာ့တပ်မတော်(ရေ)ဟာ ဆင်ဖြူရှင်အပါအဝင် ဖရီးဂိတ်စစ်ရေယာဉ်များကို ကိုယ်ပိုင်ထုတ်လုပ်လျက်ရှိသလို မင်းရဲသိခ်သူနဲ့ မင်းရဲကျော်ထင် အမည်ရှိ ရေငုပ်သင်္ဘောနှစ်စင်းကိုလည်း ပိုင်ဆိုင်ထားပါတယ်။ မြန်မာ့တပ်မတော် (လေ) က လည်း MIG–29 တိုက်လေယာဉ်များ၊ JF–17 B ဘက်စုံသုံး တိုက်ခိုက်ရေး၊ Yak–130 အပေါ့စားတိုက်လေယာဉ်များ၊ MI–35 တိုက်ခိုက်ရေး ရဟတ်ယာဉ်များအပြင် အလွန်ခေတ်မီတဲ့ SU–30 တာဝေးတိုက်ခိုက်ရေးလေယာဉ်အချို့ကိုလည်း ရုရှားထံမှ ဝယ်ယူစာချုပ် ချုပ်ဆိုခဲ့ပြီးဖြစ်ပါတယ်။

တကယ်တော့ SU–30 ခေတ်မီတိုက်လေယာဉ်တွေ အားဖြည့်ဝယ်ယူခြင်းဟာ မြန်မာ့ပိုင်နက် နယ်မြေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ဖို့နဲ့ တပ်မတော် (လေ) ရဲ့ ရည်မှန်းချက်တစ်ရပ်ဖြစ်တဲ့ ဒေသတွင်း ခိုင်မာအားကောင်းတဲ့ နည်းဗျူဟာမြောက် လေတပ်အဖြစ် ကြိုးပမ်းတည်ဆောက်နေခြင်းပဲ ဖြစ်ပါတယ်။ သို့ပေမယ့် ဒေသတွင်းနိုင်ငံများ ကြားမှာတော့ ယခုလို အလွန်ခေတ်မီတဲ့ တိုက်လေယာဉ်မျိုးဆက်ကို မြန်မာက ဝယ်ယူသုံးစွဲနိုင်ခဲ့မှုအပေါ် အံ့ဩတုန်လှုပ်ခဲ့ကြတယ်လို့ သိရပါတယ်။

အတိတ်ကာလက မြန်မာဟာ ခေတ်မီတပ်မတော်မရှိခဲ့လို့ လွတ်လပ်ရေးဆုံးရှုံးခဲ့ရပြီး ကိုလိုနီနယ်ချဲ့ဗြိတိသျှလက်အောက်မှာ နှစ်ပေါင်း ၁၀၀ ကျော် သူ့ကျွန်ဖြစ်ခဲ့ရပါတယ်။

### လွတ်လပ်ရေး ရရှိအောင် ကြိုးပမ်းခဲ့

သို့ကြောင့်မို့ သူ့ကျွန်ဘဝကနေ မြန်မာပြည်လွတ်လပ်ရေး ရရှိအောင် ကြိုးပမ်းခဲ့တဲ့ တပ်မတော်ရဲ့ ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက မြန်မာပြည်ရဲ့ အနာဂတ်ကာကွယ်ရေးနှင့် စပ်လျဉ်းပြီး "ကာကွယ်ရေးဘက်မှာ ကြည့်ပါဦး။ အခုကျွန်တော်တို့မှာရှိတဲ့ စစ်တပ်၊ မြန်မာပြည်မှာ ဆူတာပူတာကို နှိမ်ဖို့လောက်တော့ လုံလောက်တယ်။ သို့သော်လည်း တိုင်းပြည်ကာကွယ်ဖို့ဘက်မှာ ကျွန်တော်တို့စစ်တပ်တွေနဲ့ မလုံလောက်သေးဘူး။ ကုန်းတပ်ဆိုတဲ့စစ်တပ်ဟာ ဘာမှမဖြစ်လောက်သေးဘူး။ ရေတပ်ဆိုတာက ဟန်ပြရေတပ်ပဲ ရှိသေးတယ်။ တကယ့်တကယ် ဘာမှတိုင်းပြည်ကို မကာကွယ်နိုင်သေးဘူး။ လေတပ်ဆိုတာ အခုမှ စ,တုန်းရှိသေးတယ်။ လေတပ်ဆိုလို့ရှိရင် ဒီတိုင်းပြည်မျိုးမှာရှိတဲ့ လေတပ်မျိုးမှာ အဖျင်းဆုံးလေယာဉ်ပျံ ငါးရာ (First Line Plane) ရှိရမယ်။ အနည်းဆုံးစစ်ဖြစ်ဖြစ်ချင်း လေယာဉ်ပျံ ငါးရာလောက် ရှိမှဖြစ်မယ်။

### တိုင်းပြည်ကာကွယ်ဖို့

မြန်မာပြည်လွတ်လပ်ရေးရတဲ့အခါ မြန်မာပြည်ကာကွယ်ဖို့ရာ မြန်မာတွေရဲ့ အဓိက တာဝန်ဖြစ်လာမယ်။ ဟိုတုန်းကလို အေးအေးဆေးဆေး မဖြစ်တော့ဘူး။ တိုင်းပြည်ကာကွယ်ဖို့ မြန်မာပြည်မှာ စစ်သားတွေလိုလာမယ်။ အဲဒီအခါ မြန်မာတိုင်းအရွယ်ရောက် သူတိုင်း၊ ကျန်းမာရေးနဲ့ပြည့်စုံသူတိုင်း စစ်မှုထမ်းဖို့ လုပ်ရမယ်။ ခင်ဗျားတို့ တိုက်ချင် တိုက်၊ မတိုက်ချင်လည်း တိုက်ရမယ်။ ဒါမှ လွတ်လပ်ရေးတာဝန်ကျေမယ်"ဆိုပြီး ၁၉၄၇ ခုနှစ် ဇူလိုင် ၁၃ ရက် နံနက် ရန်ကုန်မြို့ မြို့တော်ခန်းမ လေသာဆောင်ကနေ ပြည်သူလူထုကြီးကို နောက်ဆုံးမိန့်ခွန်းအဖြစ်ပြောကြားစဉ်မှာ ထည့်သွင်းပြောကြားခဲ့ပါတယ်။

### ရောင်စုံသူပုန်

သို့ပေမယ့် မြန်မာ့တပ်မတော်ဟာ လွတ်လပ်ရေးရတဲ့အခါမှာ ခေတ်မီတပ်မတော်တစ်ရပ်အဖြစ် တည်ဆောက်ဖို့ နေနေသာသာ ဝါဒစွဲ၊ လူမျိုးစွဲတွေကြောင့် လွတ်လပ်ရေးနဲ့အတူ ယှဉ်တွဲပေါ်ပေါက်လာတဲ့ ပြည်တွင်းသောင်းကျန်းမှုရန်ကို တက်သုတ်ရိုက်ခုခံကာကွယ်ခဲ့ရပါတယ်။ လက်နက်ကိုင်သူပုန်သူကန်အဖွဲ့အစည်းတွေကများလွန်းလှလို့ ထိုခေတ်သတင်းစာတွေက "ရောင်စုံသူပုန်"လို့သာ သိမ်းကျုံးအမည်ပေးနိုင်တော့တယ်။ နိုင်ငံတော်ကိုကာကွယ်ဖို့၊ ရရှိပြီးသား လွတ်လပ်ရေးကြီး ပြန်လည်မဆုံးရှုံးစေဖို့၊ တိုင်းပြည်အစိတ်စိတ်အမြွှာမြွှာမပြိုကွဲဖို့ ရှေ့တန်းကနေ ရင်မြေကတုတ် ခုခံတိုက်ခိုက်ကာကွယ်ပေးနေတဲ့ အဖွဲ့အစည်းကတော့ တပ်မတော်တစ်ခုတည်းရယ်။

ထိုတပ်မတော်အနေနဲ့လည်း ရောင်စုံသူပုန်တို့ထက် လူအင်အား၊ လက်နက်၊ ခဲယမ်းကအစ အစစအရာရာ ချို့တဲ့ခဲ့ပါတယ်။ ထိုခေတ် သေနတ်ကိုင်တပ်ခွဲတစ်ခွဲမှာရှိရမယ့် ဘရင်းစက်သေနတ်ကိုးလက်အစား အများဆုံးပေးနိုင်မှ ခြောက်လက်၊ ဟောင်းနွမ်းလှပြီဖြစ်တဲ့ အမှတ်သုံး၊ အမှတ်လေး အင်္ဂလိပ်ရိုင်ဖယ်များပင် အလုံအလောက်မရှိလို့ ရဲတပ်သားများ ကိုင်ဆောင်လေ့ရှိတဲ့ ဂရင်းနားဂန်း (ခေါ်)တစ်လုံးထိုး သေနတ်တွေကို ဖြည့်စွက်ကိုင်ဆောင် တိုက်ပွဲဝင်ခဲ့ကြရပါတယ်။

စစ်လက်နက် ခဲယမ်းတွေသာမဟုတ်၊ အဝတ်အစား၊ တန်ဆာပလာတွေမှာလည်း ဆင်းရဲခဲ့ကြရှာတယ်။ ရေဘူး၊ ခါးပတ်၊ လုံ့စွပ်၊ သံခမောက်တွေက ရှားပါးပစ္စည်းများဖြစ်ခဲ့ပြီး လိုအပ်တာကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ ရန်ကုန်မြို့ တရုတ်တန်းက ဝယ်ယူကိုင်စွဲခဲ့ကြရတယ်။

ထိုခေတ် ထိုအခါက မြန်မာ့တပ်မတော်ရဲ့ အခက်အခဲနဲ့ ပတ်သက်ပြီး ဗိုလ်မှူးကြီး (ဟောင်း) တင်မောင်က "မုန်တိုင်းလွန်သော်" စာအုပ်မှာ **"ဤမျှလောက်လိုအပ်နေသည်တို့ကို အဘယ်ကြောင့် ပြင်ပနိုင်ငံတို့သို့ သွားရောက်မဝယ်ယူခဲ့ပါသလဲ။ တိုင်းပြည်တွင် ပိုက်ဆံကြေးငွေမရှိ၍ပါလား။ မေးစရာရှိသည်။**

**ထိုမေးခွန်းတို့သည် လွယ်သယောင်ယောင်ရှိသလောက် အဖြေကတော့ မလွယ်ပါ။**

> " သင်ခန်းစာကို ရယူလိုက်ကြရပါသည်။ မိမိကိုယ်မှတစ်ပါး အခြားအားကိုးရာမရှိ။ ကျွန်တော်တို့သည် ကိုယ်ထူကိုယ်ထ၊ ကိုယ့်အားကိုယ်ကိုးကြရပါမည်။ ကိုယ့်အင်အားသည် ကိုယ့်ပြည်တွင်းမှာသာ ရှိသည် ဆိုသောအချက်ကို ကောင်းကောင်းကြီး သဘောပေါက်ခဲ့ကြရပါသည်။ ထွေးတော်သည် အမေရင်းလောက်တော့ဖြင့် မည်သို့မှ မကောင်းနိုင်ပါ "

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

တိုင်းပြည်တွင် ပိုက်ဆံငွေကြေး ရှိပါသည်။ ပြင်ပသို့လည်း ထွက်၍ ဝယ်ပါသည်။ သို့ရာတွင် လိုသလောက်မရပါ။ မရှိ၍တော့ မဟုတ်၊ ရှိလျက်နှင့်ပင် ဝယ်၍ မရခဲ့ခြင်းဖြစ်သည်။ ဤကား လွတ်လပ်စ နိုင်ငံလေးတစ်ခုသည် နိုင်ငံကြီးတို့၏ နည်းပရိယာယ်အကွေ့ အကောက် အလှည့်အပတ်တို့နှင့်ရင်ဆိုင်ရခြင်းပင်ဖြစ်သည်။

နိုင်ငံတိုင်းသည် မိမိအကျိုးကိုသာ ဦးစားပေးကြည့်တတ်ကြသည်မှာ ဓမ္မတာဖြစ်သည်။ ကျွန်တော်တို့၏ ဝါဒနှင့် လုပ်ရပ်တို့သည် ထိုနိုင်ငံကြီးတစ်ခုအဖို့ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ၊ အကျိုးကျေးဇူးဖြစ်ထွန်းစေနိုင်မည်ဆိုပါက ကျွန်တော်တို့ လိုအပ်သော စစ်ပစ္စည်း လက်နက်ခဲယမ်းမီးကျောက်တို့ကို သူတို့ထံမှ ပိုက်ဆံပေးဝယ်ယူရန်ပင်မလို။ လေယာဉ်ပျံတို့ကို ယူပါမည်လား၊ သူတို့သည် လိုလိုလားလား အလကားပေးကြပါလိမ့်မည်။ သို့ရာတွင် သူတို့ကိုတော့ ငြိုငြင်အောင် မလုပ်လိုက်ပါလေနှင့်၊ အကြောင်းကြောင်း အမျိုးမျိုးတို့ကိုပြပြီး ဝမ်းနည်းပါသည်၊ မရောင်းနိုင်သေးပါ၊ ရောင်းစရာမရှိပါ ဟုပြောပါလိမ့်မည်။ မလွှဲသာ၍ ရောင်းလိုက်စေကာမူ ကျွန်တော်တို့၏ စရန်ကိုသာ လက်ခံယူလိုက်ရပါမည်။ ပစ္စည်းတို့ကိုတော့ အချိန်ဆွဲပြီး နည်းနည်းချင်းသာ လီ၍ ပို့ပေးပါလိမ့်မည်။

ထိုအချိန်က ကျွန်တော်တို့သည် ဤအဖြစ်မျိုးကို ကြုံခဲ့ကြရသည်။ တန်ဖိုးကြီးစွာပေး၍ သင်ခန်းစာကို ရယူလိုက်ကြရပါသည်။ မိမိကိုယ်မှတစ်ပါး အခြားအားကိုးရာမရှိ။ ကျွန်တော်တို့သည် ကိုယ်ထူကိုယ်ထ၊ ကိုယ့်အားကိုယ်ကိုးကြရပါမည်။ ကိုယ့်အင်အားသည် ကိုယ့်ပြည်တွင်းမှာသာ ရှိသည်ဆိုသောအချက်ကို ကောင်းကောင်းကြီးသဘောပေါက်ခဲ့ကြရပါသည်။ ထွေးတော်သည် အမေရင်းလောက်တော့ဖြင့် မည်သို့မှ မကောင်းနိုင်ပါ” စသည်ဖြင့် မှတ်တမ်းတင်ရေးသားခဲ့ပါတယ်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းကလည်း “၁၉၄၈ ခုနှစ် ၁၉၄၉ ခုနှစ်နောက်ပိုင်းမှာဆိုလို့ ရှိရင် ဒို့မှာ စဖွဲ့ကတည်းကိုက တပ်ရင်းဆယ်ရင်းနဲ့၊ အဲဒီအတွက်သာ ဒို့မှာ လက်နက်ရှိတယ်၊ နည်းနည်းပါးပါးပဲ ရှိတယ်။ ရေတပ်၊ လေတပ်ဆိုတာဟာ လေယာဉ်ပျံက တိုက်ဂါးမောက် (Tigermouth)နဲ့ ချစ်မန်ခ်(Chipmunk)တို့ ဒီလောက်ပဲရှိတယ်။ ရေတပ်မှာလည်းပဲ ‘မေယု’ တစ်စင်းတော့ရှိတယ်ပေါ့လေ။ ကြီးကြီးထဲက၊ ကျန်တာတွေကတော့ အမ်အယ်(M.L) ရှစ်စင်းလား၊ ဆယ်စင်းလား ဒါပဲရှိတယ်။ ရေတပ်တို့၊ လေတပ်တို့ဆိုတာကတော့ ဒို့မှာတိုးဖို့ ငွေလည်း မရှိ။ ရှိတာနဲ့ပဲ တိုက်ကြတယ်” လို့ ၁၉၆၈ ခုနှစ် စက်တင်ဘာလမှာ ကျင်းပခဲ့တဲ့ တပ်မတော်တပ်မှူးများ ညီလာခံမှာ ပြန်ပြောင်းသတိတရ ပြောကြားခဲ့ပါတယ်။



၁၅-၁၂-၂၀၂၁ ရက်က တပ်မတော်(လေ)၏ (၇၄)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားကို မိတ္ထီလာတပ်နယ်ရှိ လေကြောင်းအတတ်သင် လေတပ်စခန်း၌ နချုပ်၌ပြုလုပ်ရာ လေယာဉ်များသရုပ်ပြအုပ်ဖွဲ့ ပျံသန်းမှုကို တွေ့ရစဉ်။

> ❒ **မြန်မာဟာ ဒေသတွင်းမှာ ဘာကြောင့် ခေတ်မီတပ်မတော်တစ်ရပ်ကို တည်ဆောက်နေရပါသလဲ။ မြန်မာဟာ ပထဝီနိုင်ငံရေးအရ နိုင်ငံကြီး နှစ်နိုင်ငံကြားမှာ တည်ရှိနေသလို ထိုင်း၊ လာအို၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နဲ့လည်း နယ်နိမိတ်ချင်း ထိစပ်နေတဲ့အပြင် မျက်မှောက်ကမ္ဘာ့ရေးရာအခြေအနေများနဲ့ ခါးသီးလှတဲ့ အတိတ်သမိုင်းသင်ခန်းစာများအရ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်လို့ ခံယူပြီး တပ်မတော်ရဲ့ ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကစလို့ တပ်မတော်ခေါင်းဆောင်အဆက်ဆက်ဟာ မြန်မာ့တပ်မတော်ကို ခေတ်မီတပ်မတော်တစ်ရပ်အဖြစ် ကြိုးပမ်းတည်ဆောက်နေရခြင်းဖြစ်**

**ကိုယ့်အားကိုယ်ကိုးလို့ တွန်းလှန်တိုက်ခိုက်ခဲ့**

အမေရိကန်အပါအဝင် အနောက်အုပ်စုရဲ့ထောက်ပံ့မှုနဲ့ မြန်မာ့မြေပေါ်ကို ကျူးကျော်တပ်စွဲလာတဲ့ တရုတ်ဖြူတပ်တွေကို ရင်ဆိုင်ခဲ့ရစဉ်မှာလည်း မြန်မာ့တပ်မတော်ဟာ ရှိတဲ့အားနဲ့ ကိုယ့်အားကိုယ်ကိုးလို့ တွန်းလှန်တိုက်ခိုက်ခဲ့ရပြန်ပါတယ်။

တပ်မတော် (လေ) မှ အော့စဖို့(Oxford)၊ ဆီးဖြူရီ(Seafury) လေယာဉ်များက ရန်သူစခန်းများကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ တီထွင်ထားတဲ့ ဗုံးများနဲ့ သွားရောက်တိုက်ခိုက်ကြရတယ်။ ဒါကိုတာ လေယာဉ်နဲ့ တပ်မတော် (ကြည်း) ရှေ့တန်းစခန်းတွေကို ရိက္ခာချပေးရတယ်။ တပ်မတော်(ရေ)က ရဲဘော်တွေက နမ့်စန်လေယာဉ်ကွင်းကို လေယာဉ်ပစ်စက်အမြောက်အများနဲ့ ကာကွယ်စောင့်ရှောက်ပေးခဲ့ရပါတယ်။

၁၉၆၁ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်မှာတော့ ဝမ်ပန်ဆန်းစခန်းရှိ ကူမင်တန်တပ်များအတွက် လေယာဉ်ဖြင့် လက်နက်ရိက္ခာများ ပို့ပေးနေတဲ့လေယာဉ်ကို ခြေရာခံမိပြီး ဖေဖော်ဝါရီ ၁၅ ရက်မှာ တပ်မတော် (လေ)က ဆီးဖြူရီတိုက်လေယာဉ်သုံးစင်းကို စေလွှတ်ခဲ့ပါတယ်။

ရန်သူရဲ့ထောက်ပံ့ရေး လေယာဉ်ကြီးက ညနေ ၄ နာရီဝန်းကျင်ခန့်မှာ ဝမ်ပန်ဆန်းအနီးသို့ ရောက်ရှိလာခဲ့ရာမှ တပ်မတော်(လေ) က လေသူရဲများက လေယာဉ်ကြီးကိုစတင် ဆက်သွယ်ခဲ့ပေမယ့်လည်း တစ်ဖက်မှ စတင်ပစ်ခတ်ရာမှ အပြန်အလှန် ပစ်ခတ်ကြရာကနေ ဗိုလ်ပီတာမောင်းနှင်တဲ့ ဆီးဖြူရီတိုက်လေယာဉ်ဟာ ရန်သူ့ကျည်သင့်ပြီး တစ်ဖက် ထိုင်းနိုင်ငံနယ်နိမိတ်ထဲ ထိုးကျသွားခဲ့ပါတယ်။ ရန်သူရဲ့ ထောက်ပံ့ရေးလေယာဉ်ကြီးဟာလည်း မီးစွဲလောင်ပြီး ထိုင်းနယ်စပ်ထဲမှာပဲ ပျက်ကျသွားခဲ့ပါတယ်။ ဗိုလ်ချစ်ခိုင်ရဲ့ တိုက်လေယာဉ်ကတော့ အမြီးပြတ် ထွက်သွားခဲ့ပေမယ့် ဗိုလ်မောင်သိန်းက လိုက်လံစောင့်ရှောက်ပြီး တွဲခေါ်ပေးခဲ့လို့ ကျိုင်းတုံလေယာဉ်ကွင်းကို ဝမ်းဗိုက်နဲ့ရှပ်ကာ ဆင်းသက်နိုင်ခဲ့ပါတယ်။

မြေပြင်က တပ်မတော် (ကြည်း) တပ်ရင်းတပ်ဖွဲ့တွေ အနေနဲ့ကလည်း တစ်ဖက်နိုင်ငံ နယ်နိမိတ်ကိုကျော်ပေး အခြေပြုထားတဲ့ ရန်သူ့တပ်တွေကို ရင်ဆိုင်တိုက်ခိုက်ရာမှာ ကနဦးပိုင်းမှာ ထိရောက်တဲ့ လေကြောင်းပစ်ကူ မရရှိခဲ့ကြပါဘူး။ အော့စဖို့နဲ့ ဆီးဖြူရီလေယာဉ်များဟာ တိုက်လေယာဉ်လို့သာ ဆိုပေမယ့် ရော့ကတ်ပစ်လွှတ်တိုက်ခိုက်ဖို့ရာမှာတော့ အခက်အခဲတွေနဲ့ကြုံတွေ့ခဲ့ရတယ်လို့ဆိုပါတယ်။ တပ်မတော် (လေ) က အရာရှိကြီး ဗိုလ်မှူးခင်ဟာ ဆီးဖြူရီတိုက်လေယာဉ်နဲ့အတူ ရော့ကတ်ပစ်လွှတ်စမ်းသပ်ရင်း လေယာဉ်ပျက်ကျပြီး ကျဆုံးခဲ့ရရှာပါတယ်။ နောက်ပိုင်းမှာ တရုတ်ဖြူ တပ်စခန်းတွေကို လေယာဉ်ပေါ်ကနေ ရော့ကတ်ပစ်လွှတ်ပြီး တိုက်ခိုက်နိုင်ဖို့ အစ္စရေးလေတပ်က လေလံပစ်တဲ့ စစ်ကျန်စပစ်ဖိုင်းယားတိုက်လေယာဉ်အဟောင်းအချို့ကို လေလံဆွဲဝယ်ယူခဲ့ရတယ်လို့ ဗိုလ်မှူးအောင်မြတ်(တပ်မတော်-လေ)ရဲ့ သားဖြစ်သူ ဇာနည်မောင်က “ဒို့နိုင်ငံကို လာမထိနဲ့” စာအုပ်မှာ ဖော်ပြခဲ့ပါတယ်။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်မှာလည်း မြန်မာ့တပ်မတော်ဟာ နိုင်ငံရဲ့ ဘဏ္ဍာရေးအခြေအနေအရ ဒေသတွင်းနိုင်ငံများနဲ့ယှဉ်ရင် အစစအရာရာချို့တဲ့နေပါသေးတယ်။ တစ်ဖက်နိုင်ငံက တရားမဝင် ငါးခိုးဖမ်းတဲ့စက်လှေတွေ၊ မှောင်ခိုစက်လှေတွေဟာ မြန်မာ့ရေပြင်ပိုင်နက်မှာ ကျူးကျော်ဝင်ရောက်ကျက်စားနေဆဲပါ။

**အချိန်ယူတည်ဆောက်**

၁၉၈၈ ခုနှစ် နောက်ပိုင်း နဝတ၊ နယကတပ်မတော်အစိုးရခေတ်မှာတော့ ပြောင်းလဲလာတဲ့ မျက်မှောက်ကမ္ဘာ့အခြေအနေများအရ မြန်မာ့တပ်မတော်ကို ခေတ်မီတပ်မတော်တစ်ရပ်အဖြစ် ကဏ္ဍအလိုက် အချိန်ယူတည်ဆောက်လာခဲ့ပါတယ်။ အနာဂတ်မှာ တပ်မတော်(ရေ) ရေငုပ်သင်္ဘောတပ်ဖွဲ့ ထူထောင်နိုင်ဖို့ ၂၀၀၅ ခုနှစ်ကတည်းက စနစ်တကျ ပြင်ဆင်ဆောင်ရွက်ခဲ့သလို တပ်မတော်(လေ) အတွက်လည်း ဂျက်တိုက်လေယာဉ်အချို့ကို ဝယ်ယူဖြည့်တင်းခဲ့ပါတယ်။

**ဝင့်ထည်စွာ ပျံသန်းနိုင်**

မျက်မှောက် ကာလမှာတော့ တပ်မတော် (ရေ) ဟာ ဆိုခဲ့ပါအတိုင်း မင်းရဲသိခ်သူနဲ့ မင်းရဲကျော်ထင် ရေငုပ်သင်္ဘောနှစ်စင်း တပ်တော်ဝင်နိုင်ခဲ့သလို ဖရီးဂိတ်အပါအဝင် စစ်ရေယာဉ်တို့ကိုလည်း ကိုယ်ပိုင်ထုတ်လုပ်နိုင်ခဲ့ပါပြီ။ တပ်မတော်(လေ) ဟာလည်း လက်ရှိကာလမှာ ခေတ်မီဂျက်တိုက်လေယာဉ်များအပြင် SU-30 ခေတ်မီမျိုးဆက်တိုက်လေယာဉ်များနဲ့ပါ မြန်မာ့ဝေဟင်မှာ ဝင့်ထည်စွာ ပျံသန်းနိုင်တော့မှာပါ။

မြန်မာဟာ ဒေသတွင်းမှာ ဘာကြောင့် ခေတ်မီတပ်မတော်တစ်ရပ်ကို တည်ဆောက်နေရပါသလဲ။ မြန်မာဟာ ပထဝီနိုင်ငံရေးအရ နိုင်ငံကြီး နှစ်နိုင်ငံကြားမှာ တည်ရှိနေသလို ထိုင်း၊ လာအို၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နဲ့လည်း နယ်နိမိတ်ချင်း ထိစပ်နေတဲ့အပြင် မျက်မှောက်ကမ္ဘာ့ရေးရာအခြေအနေများနဲ့ ခါးသီးလှတဲ့ အတိတ်သမိုင်း သင်ခန်းစာများအရ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်လို့ ခံယူပြီး တပ်မတော်ရဲ့ ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကစလို့ တပ်မတော်ခေါင်းဆောင် အဆက်ဆက်ဟာ မြန်မာ့တပ်မတော်ကို ခေတ်မီတပ်မတော်တစ်ရပ်အဖြစ် ကြိုးပမ်းတည်ဆောက်နေရခြင်းဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး (၂၈) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးသို့ တက်ရောက်

နေပြည်တော် မတ် ၁၆

**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ယနေ့နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည့် (၂၈) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးသို့ တက်ရောက်သည်။**



အစည်းအဝေးတွင် ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Pan Sorasak က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးဝန်ကြီးများ၊ အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိများနှင့် ကိုယ်စားလှယ်များ၊ အာဆီယံစီးပွားရေးအကြံပေးကောင်စီအဖွဲ့ဝင်များ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စီးပွားရေးဆိုင်ရာ ဦးစားပေးလုပ်ငန်းများဆွေးနွေး**

အစည်းအဝေးတွင် ကမ္ဘောဒီးယားနိုင်ငံက ၂၀၂၂ ခုနှစ်အတွက် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူစဉ် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီးပွားရေးဆိုင်ရာ ဦးစားပေးလုပ်ငန်း ၁၉ ခုကို ဆွေးနွေးအတည်ပြုသည်။ ဝန်ကြီးများက အာဆီယံစီးပွားရေး အသိုက်အဝန်း ၂၀၂၅ အကောင်အထည်ဖော်မှုအောက်မှ ၂၀၂၂ ခုနှစ်အတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကို အချိန်မီဆောင်ရွက်ရေး ဆွေးနွေးဆုံးဖြတ်သည်။ ထို့နောက် ဝန်ကြီးများက (၄၁) ကြိမ်မြောက် အာဆီယံစီးပွားရေး ပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့က တင်ပြသည့် အာဆီယံ၏ လုပ်ငန်းများနှင့်စပ်လျဉ်းသည့် အစီရင်ခံစာအပေါ် ဆွေးနွေးအတည်ပြုခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ကမ္ဘောဒီးယားနိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူစဉ် ဦးစားပေးဆောင်ရွက်မည့် စီးပွားရေး လုပ်ငန်းများအပေါ် ကြိုဆိုထောက်ခံကြောင်းနှင့် ဦးစားပေးလုပ်ငန်းများတွင် ပါဝင်သည့် Digital Startup Ecosystem ရေးဆွဲရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်စေသော စိုက်ပျိုးရေးဆိုင်ရာ လမ်းညွှန်ချက်ရေးဆွဲရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေသည့် အာဆီယံခရီးသွားမှုဘောင်ရေးဆွဲနိုင်ရေးအတွက် လေ့လာမှုများ ဆောင်ရွက်ခြင်းကိစ္စရပ်များသည် ကာလကြာရှည်စွာဖြစ်ပေါ်နေသည့် ကိုဗစ်ကပ်ရောဂါ၏ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် အခြေခံကောင်းများဖြစ်ကြောင်း ဆွေးနွေးခဲ့ပြီး ဦးစားပေးဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်းများကို ၂၀၂၂ ခုနှစ်အတွင်း ပြီးစီးအောင်မြင်စေရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အတူ မြန်မာနိုင်ငံက ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

(၂၈) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်က တက်ရောက်သည်။

**ဆွေးနွေးညှိနှိုင်း**

မွန်းလွဲပိုင်း အစည်းအဝေးတွင် ဝန်ကြီးများက အာဆီယံအသိုက်အဝန်းတစ်ခုလုံးအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါအတွင်း တုံ့ပြန်မှုများဆောင်ရွက်နိုင်ရေးနှင့် ကိုဗစ်အလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများပါဝင်သည့် အာဆီယံဘက်စုံပြန်လည်ထူထောင်ရေးမူဘောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုနှင့် အာဆီယံစီးပွားရေးပြန်လည်ထူထောင်ရေးနှင့် ဒစ်ဂျစ်တယ်စီးပွားရေး ပေါင်းစည်းရေးဆိုင်ရာ ကိစ္စများကို ဆွေးနွေးညှိနှိုင်းသည်။ အစည်းအဝေးတွင် ဝန်ကြီးများက အာဆီယံကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ်ကို အဆင့်မြှင့်တင်ရန်အတွက် ညှိနှိုင်းမှုများ စတင်ကြောင်းကြေညာခဲ့ပြီး ကိုဗစ်-၁၉ ကပ်ရောဂါကို တုံ့ပြန်သည့်အနေဖြင့် အရေးကြီးကုန်စည်များအပေါ် အကောက်ခွန်မဟုတ်သော စီမံဆောင်ရွက်မှုများ ဖယ်ရှားရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ထပ်မံသက်တမ်းတိုးရန် သဘောတူခဲ့ကြသည်။

ထို့အပြင် ဝန်ကြီးများက ယူကရိန်း-ရုရှားပဋိပက္ခကြောင့် အာဆီယံနိုင်ငံများအပေါ် စီးပွားရေးအရ သက်ရောက်နိုင်သည့် အခြေအနေများအပေါ် အမြင်ချင်းဖလှယ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(၂၈) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးမတိုင်မီ အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အာဆီယံစီးပွားရေး အကြံပေးကောင်စီတို့ တွေ့ဆုံဆွေးနွေးပွဲကို ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပရာ အဆိုပါတွေ့ဆုံပွဲသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံမှ စီးပွားရေးဝန်ကြီးများနှင့်အတူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော် တက်ရောက်သည်။

**အာဆီယံစီးပွားရေးပေါင်းစည်းမှု ပိုမိုခိုင်မာစေရေး**

တွေ့ဆုံဆွေးနွေးပွဲတွင် အာဆီယံစီးပွားရေး အကြံပေးကောင်စီ၏ အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံမှ Mr. Neak Oknha Kith Meng နှင့် နိုင်ငံအလိုက်အဖွဲ့ဝင်များက ၂၀၂၂ ခုနှစ်အတွင်း ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများနှင့် အာဆီယံ စီးပွားရေးပေါင်းစည်းမှု ပိုမိုခိုင်မာစေရေးအတွက် အကြံပြုချက်များကို ရှင်းလင်းတင်ပြကြသည်။

ဒုတိယဝန်ကြီးက လက်ရှိဖြစ်ပေါ်နေသည့် စီးပွားရေးစိန်ခေါ်မှုများကို အာဆီယံ၏ အချက်အချာကျမှု၊ ဒေသတွင်း စည်းလုံးညီညွတ်မှုတို့ဖြင့် ကျော်လွှားရေး၊ ကိုဗစ်-၁၉ အလွန် စီးပွားရေးပြန်လည်ထူထောင်ရေးဆိုင်ရာ ကိစ္စများနှင့် ပတ်သက်၍ ဆွေးနွေးသည်။

ဝန်ကြီးများက အာဆီယံစီးပွားရေး အသိုက်အဝန်း အကောင်အထည်ဖော်ရာတွင် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးကြောင်း၊ ဒေသတွင်း ကိုဗစ်-၁၉ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍမှ ပူးပေါင်းဆောင်ရွက်မှုများကို ကြိုဆိုကြောင်းနှင့် ဒေသတွင်း စီးပွားရေးစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## အာဆီယံပညာရေးဝန်ကြီးများ၏ ဥက္ကဋ္ဌတာဝန် လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားနှင့် အာဆီယံပညာရေးဝန်ကြီးများ စကားဝိုင်းဆွေးနွေးပွဲကျင်းပ

နေပြည်တော် မတ် ၁၆




၂၀၂၁-၂၀၂၂ ခုနှစ် အာဆီယံပညာရေးဝန်ကြီးများ၏ ဥက္ကဋ္ဌတာဝန်ယူခဲ့သည့် ဖိလစ်ပိုင်နိုင်ငံ ပညာရေးဝန်ကြီးထံမှ ၂၀၂၂-၂၀၂၃ ခုနှစ်အတွက် အာဆီယံပညာရေးဝန်ကြီးများ၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် လက်ခံဆောင်ရွက်မည့် ဗီယက်နမ်နိုင်ငံ ပညာရေးဝန်ကြီးထံသို့ တာဝန်လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် Virtual စနစ်ဖြင့် ကျင်းပရာ အာဆီယံနိုင်ငံများမှ ပညာရေးဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အာဆီယံ အထွေထွေ အတွင်းရေးမှူးချုပ် H.E. Lim Jock Hoi၊ ဖိလစ်ပိုင်နိုင်ငံ ပညာရေးဝန်ကြီးတို့က အာဆီယံနိုင်ငံများတွင် ကိုဗစ်-၁၉ ကပ်ရောဂါ ကာလအတွင်း Online/Offline နည်းမျိုးစုံဖြင့် ပညာသင်ကြားသင်ယူ အောင်မြင်ခဲ့ကြခြင်းအတွက် ဂုဏ်ယူကြောင်း ပြောကြားသည်။ ထို့နောက် ဖိလစ်ပိုင်နိုင်ငံ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ၂၀၂၁ ခုနှစ်အတွင်း အာဆီယံပညာရေးဝန်ကြီးများ၏ အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူခဲ့စဉ် အာဆီယံပညာရေးဆိုင်ရာ ဆောင်ရွက်ချက်များကို အကျဉ်းချုပ်တင်ပြသည်။ ယင်းနောက် ဗီယက်နမ်ပညာရေးဝန်ကြီးက အာဆီယံပညာရေး ဝန်ကြီးများ၏ ဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းရယူကာ ဝမ်းမြောက်ဂုဏ်ယူစကား ပြောကြားသည်။

ဆက်လက်၍ အာဆီယံပညာရေးဝန်ကြီးများ စကားဝိုင်း ဆွေးနွေးပွဲကို သင်ကြားသင်ယူမှု အခွင့်အလမ်း ဆုံးရှုံးခြင်းနှင့် သင်ယူမှုအရှိန် မြှင့်တင်ရေး၊ ပညာသင်ယူမှု အခွင့်အလမ်း မြှင့်တင်ရေး၊ ပညာရေးစနစ် ပြန်လည်မြှင့်တင်ရေး ခေါင်းစဉ်သုံးခုဖြင့် ဆွေးနွေးကြရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ပညာရေးစနစ် ပြန်လည်မြှင့်တင်ရေးခေါင်းစဉ်ဖြင့် စကားဝိုင်း ဆွေးနွေးပွဲတွင် တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ် အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

နေပြည်တော် မတ် ၁၆

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင်လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကရင်ပြည်နယ် မြဝတီမြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၂၄ ဦး၊ အမျိုးသမီး ၇၄ ဦး စုစုပေါင်း ၁၉၈ ဦးတို့ကို လက်ခံခဲ့ကြသည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ကမ္ဘာ့ရေနံဈေးကွက်ကို တည်ငြိမ်အောင်လုပ်ဆောင်သွားမည်ဟု ဆော်ဒီအာရေဗျနိုင်ငံခြားရေးဝန်ကြီးပြောကြား



ဆော်ဒီအာရေဗျနိုင်ငံခြားရေးဝန်ကြီး မင်းသား ဖိုင်ဆယ်ဘင် ဖာဟန်အယ်လ်ဆော်ဒ်နှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး အေကေ အဗ္ဗဒူမိုမင်နိတို့ တွေ့ဆုံကြစဉ်။

**ဒါကာ မတ် ၁၆**

ဆော်ဒီအာရေဗျက ကမ္ဘာ့ရေနံဈေးကွက်ကို တည်ငြိမ်အောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အလည်အပတ် ရောက်ရှိနေသော ဆော်ဒီအာရေဗျနိုင်ငံခြားရေးဝန်ကြီး မင်းသား ဖိုင်ဆယ်ဘင် ဖာဟန်အယ်လ် ဆော်ဒ်က မတ် ၁၆ ရက်က ပြောကြားလိုက် သည်။

ဆော်ဒီနိုင်ငံခြားရေးဝန်ကြီးက ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီး အေကေ အဗ္ဗဒူမိုမင်နှင့်တွေ့ဆုံပြီးနောက် ထိုသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

တွေ့ဆုံပွဲပြီးနောက် ရေနံရောင်းချပေးနိုင်မှုနှင့် ပတ်သက်ပြီး မေးခွန်းမေးမြန်းချက်အပေါ် ဆော်ဒီနိုင်ငံခြားရေးဝန်ကြီးက ၎င်း၏နိုင်ငံသည် ရေနံဈေးကွက် တည်ငြိမ်အောင် ထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ ထို့အပြင် ရေနံရောင်းချပေးနိုင်မှုအပေါ် စိုးရိမ်စရာအကြောင်း မရှိရန်လည်း ပြောကြားလိုက်သည်။

မိမိတို့၏ မိတ်ဖက်ဆက်ဆံရေး ပိုမိုတိုးချဲ့နိုင်ရန် ကြိုးစားနေကြောင်း မိုမင်နှင့်တွေ့ဆုံစဉ် ဆော်ဒီနိုင်ငံခြားရေးဝန်ကြီးက ပြောကြားလိုက်သည်။

နှစ်ဖက်အဖွဲ့များသည် လုံခြုံရေးတိုးမြှင့်ရန်နှင့် ကဏ္ဍစုံဆက်ဆံရေးများ တိုးမြှင့်ရန် ဆွေးနွေးခဲ့ကြသည်။

ဆင်ဟွာ

# အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၅၉၂၇၅၅၀ ရှိ

**ဂျကာတာ မတ် ၁၆**

အင်ဒိုနီးရှားနိုင်ငံ၌ မတ် ၁၆ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၃၀၁၈ ဦး တိုးလာမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၅၉၂၇၅၅၀ ရှိလာခဲ့ကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန် ဖော်ပြလိုက်သည်။

ထို့အတူ ကိုဗစ်-၁၉ ကြောင့် ၂၃၀ ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၅၂၉၇၅ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ဖော်ပြသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည် ကောင်းမွန်လာပြီး ဆေးရုံမှ ဆင်းလာသူ ၃၂၆၂ ဦး ရှိလာသောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည် ကောင်းမွန်လာသူ ၅၄၉၄၆၀၆ ဦးအထိ ရှိလာသည်။

သက်ဆိုင်ရာ အာဏာပိုင်များက တရုတ်ဆီနိုဗက်ကိုဗစ်-၁၉ ကာကွယ်ဆေးကို အရေးပေါ် အသုံးပြုခွင့် ပေးလိုက်ပြီးနောက် အင်ဒိုနီးရှားနိုင်ငံတွင် ဇန်နဝါရီ ၁၃ ရက်မှစကာ ကိုဗစ်-၁၉ ကာကွယ်ဆေးအစုလိုက် စတင်ထိုးနှံခဲ့သည်။

ကိုဗစ်-၁၉ ကူးစက် ဖြစ်ပွားမှုကို လျှော့ချရန် အင်ဒိုနီးရှားအစိုးရသည် အမျိုးသားကာကွယ်ဆေးထိုး အစီအစဉ်ကို အရှိန်မြှင့်တင် လုပ်ဆောင်လျက်ရှိရာ ယနေ့အချိန်အထိ သန်း ၁၉၃ ဒသမ ၉၀ ကျော် ပထမအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပြီးပြီဖြစ်သည်။ သန်း ၁၅၂ ဒသမ ၄၀ ကျော် ကိုဗစ်-၁၉ ကာကွယ်ဆေး ဒုတိယ အကြိမ် ထိုးနှံပြီးပြီဖြစ်ကြောင်း သိရသည်။



အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှု ခံယူနေသည့် အမျိုးသမီးငယ်တစ်ဦးကို တွေ့ရစဉ်။

အင်ဒိုနီးရှားနိုင်ငံ၌ ယခုအချိန်အထိ အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းများ အပါအဝင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူ ၃၆၁ ဒသမ ၅၃ သန်း ရှိလာပြီဖြစ်သည်။

အစိုးရသည် ပြည်သူ ၂၀၈ ဒသမ ၂၆ သန်းကို ကာကွယ်ဆေး ထိုးပေးနိုင်ရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည်။

ဆင်ဟွာ

# ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ မျိုးစိတ်တစ်မျိုးဖြစ်သည့် ဒယ်လ်တာခရွန်ကိုရိုနာဗိုင်းရပ်စ်တစ်မျိုး ကူးစက်ဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိ

**ဆော်ပေါ်လို မတ် ၁၆**

ဘရာဇီးနိုင်ငံ၌ နောက်ထပ် ဒယ်လ်တာခရွန်ကိုရိုနာဗိုင်းရပ်စ်တစ်မျိုး ကူးစက်ဖြစ်ပွားနေသူ နှစ်ဦးရှိကြောင်း အတည်ပြုဖော်ပြခဲ့သည်။ အဆိုပါ ဗိုင်းရပ်စ်သစ်သည် ဒယ်လ်တာနှင့် အိုမီခရွန်တို့ပေါင်းစပ်ဖြစ်ပွားသည့် ဗီဇပြောင်း ဗိုင်းရပ်စ်တစ်မျိုးဖြစ်ကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီး မာဆယ်လို ကွီရိုဂါက မတ် ၁၅ ရက်က ပြောကြားလိုက်သည်။

ပြင်သစ်နိုင်ငံတွင် အဆိုပါ ဗိုင်းရပ်စ်မျိုးကို ပထမဆုံးအကြိမ် တွေ့ခဲ့ပြီးနောက် မတ်လအစောပိုင်းကတည်းက ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဒယ်လ်တာခရွန်ဗိုင်းရပ်စ်သစ်ကူးစက်ဖြစ်ပွားမှုကို ဆက်လက်စောင့်ကြည့်လျက်ရှိကြောင်း ပြောကြားလိုက်သည်။

မိမိတို့၏ မျိုးပွားပစ္စည်းစောင့်ကြည့်ရေးလုပ်ငန်းများက ဘရာဇီးနိုင်ငံတွင် အဆိုပါဗိုင်းရပ်စ်သစ်ကူးစက်ဖြစ်ပွားနေသူနှစ်ဦးရှိကြောင်း အတည်ပြုခဲ့ပြီးဖြစ်သည်။ ဗိုင်းရပ်စ်သစ် ကူးစက်ဖြစ်ပွားသူနှစ်ဦးအနက် တစ်ဦးမှာ ဘရာဇီးအနောက်ပိုင်းပြည်နယ်များဖြစ်သည့် အမာပါမှဖြစ်ပြီး ကျန်တစ်ဦးမှာ ပါရာမှ ဖြစ်သည်။

ဘရာဇီးနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူများ ကျဆင်းခဲ့သော်လည်း ကျန်းမာရေးအာဏာပိုင်များက ဆက်လက်သတိထားစောင့်ကြည့်လျက်ရှိကြောင်းနှင့် ပြည်သူများကိုလည်း ကိုဗစ်-၁၉ ကာကွယ်ဆေးများ အပြည့်အဝထိုးထားကြရန် တိုက်တွန်းပြောကြားလိုက်သည်။

ဆင်ဟွာ

# ဗီယက်နမ်နိုင်ငံ၌ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၈၀၅၅၈ ဦးအထိ စံချိန်တင်မြင့်တက်လာ

**ဟနွိုင်း မတ် ၁၆**

ဗီယက်နမ်နိုင်ငံ၏ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၈၀၅၅၈ ဦးအထိ စံချိန်တင် တိုးလာကြောင်း ဖော်ပြခဲ့ပြီး ယမန်နေ့ကထက် ၅၀၇၈ ဦး တိုးလာခဲ့ကြောင်း ကျန်းမာရေး ဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

ထပ်မံကူးစက်ဖြစ်ပွားသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူများတွင် နိုင်ငံတစ်ဝန်း အစုလိုက်ကူးစက်ဖြစ်ပွားသူ ၆၂ ခုရှိပြီး အဆိုပါ ကူးစက်ဖြစ်ပွားမှုများတွင် ပြည်ပကူးစက်ဖြစ်ပွားသူ ခြောက်ဦးနှင့် ပြည်တွင်းကူးစက်ဖြစ်ပွားသူ ၁၈၀၅၅၂ ဦး ပါဝင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားမှုနှင့်အတူ နိုင်ငံတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၆၈၂၀၄၅၈ ဦးအထိ ရောက်ရှိလာပြီး ၄၁၆၀၇ ဦး သေဆုံးခဲ့ကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ဆက်လက်သတင်းထုတ်ပြန် ဖော်ပြခဲ့သည်။

ကိုဗစ်-၁၉ အစုလိုက်ကူးစက်မှုအများစုမှာ တောင်ပိုင်းဒေသများမှဖြစ်ကာ မြို့တော် ဟနွိုင်းသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အများဆုံးဖြစ်ပြီး မတ် ၁၆ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၆၂၂၀ ရှိပြီး ငါအန် ပြည်နယ်အလယ်ပိုင်းမှ ၁၀၇၉၇ ဦးနှင့် ဗင်ဖတ် ပြည်နယ်မြောက်ပိုင်းမှ ၈၈၇၅ ဦး တို့ဖြစ်ကြသည်။

တစ်ချိန်တည်းမှာပင် ကျန်းမာရေး အာဏာပိုင်များက ဗီယက်နမ်နိုင်ငံအလယ်ပိုင်း သန်ဟွာနှင့် ငါအန်ဒေသများတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၈၆၉၈၂ ဦး ရှိလာခဲ့ကြောင်း ပြောကြားလိုက်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည် ကျန်းမာလာသူ ၃၅၄၇၄၈၈ ဦး သို့မဟုတ် ၅၂ ရာခိုင်နှုန်းရှိသည်။

နိုင်ငံတစ်ဝန်း အသက် ၁၈နှစ်နှင့်အထက် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူ ၁၈၃ ဒသမ ၇ သန်းအပါအဝင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူပေါင်း ၂၀၀ ဒသမ ၇ သန်း ကျော်လွန်လာပြီဖြစ်သည်။

ဗီယက်နမ်နိုင်ငံတွင် ကိုဗစ်-၁၉ လှိုင်းဂယက် လေးခု ရိုက်ခတ်ဖြစ်ပွားခဲ့သည်။

ကိုဗစ်-၁၉ စတင်ကူးစက်ဖြစ်ပွားချိန်မှစကာ ပြည်တွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၆ ဒသမ ၈ သန်းရှိသည်။

ဆင်ဟွာ

# ရုရှားသမ္မတနှင့် ဥရောပကောင်စီဥက္ကဋ္ဌတို့ ယူကရိန်းအရေး ဖုန်းဖြင့်ဆွေးနွေး

**မော်စကို မတ် ၁၆**

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ဥရောပကောင်စီဥက္ကဋ္ဌ ချားစ်မိုက်ကယ်တို့သည် ယူကရိန်းအရေး ဖုန်းဖြင့်ဆွေးနွေးခဲ့ကြကြောင်း ကရင်မလင်က ကြေညာချက်ထုတ်ပြန်လိုက်သည်။

ခေါင်းဆောင်နှစ်ဦးတို့သည် ယူကရိန်းတွင်ပြုလုပ်လျက်ရှိသော ရုရှားအထူးစစ်ဆင်ရေးနှင့်ပတ်သက်ပြီး အမြင်ချင်း ဖလှယ်ခဲ့ကြသလို အရပ်သားများ ကူညီရေးနှင့်ပတ်သက်ပြီးလည်း ဖလှယ်ခဲ့ကြကြောင်း ကြေညာချက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

ပူတင်က ရုရှားနှင့် ယူကရိန်းကြား ဆက်လက်ပြုလုပ်လျက်ရှိသော ညှိနှိုင်းဆွေးနွေးမှုနှင့် ပတ်သက်ပြီး ၎င်း၏သုံးသပ်ချက်ကိုလည်း ပြောကြားခဲ့သည်။

ဆင်ဟွာ

# ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတိပေးထားသော်လည်း ကိုဗစ် -၁၉ ကန့်သတ်ချက်များ ဖြေလျှော့မှုများပြုလုပ်လာတဲ့ အမေရိကန်

ကေကေစိုး

ကိုဗစ် -၁၉ ကန့်သတ်ချက်များကို အဆုံးသတ်ရာတွင် သတိကြီးကြီးထားဆောင်ရွက်ကြရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတိပေးထားသော်လည်း အမေရိကန်ပြည်ထောင်စုတွင်မူ ကန့်သတ်ချက်များ ဖြေလျှော့ပေးမှု ပြုလုပ်နေပြီဖြစ်သည်။



အမေရိကန်နိုင်ငံ နယူးယောက်မြို့ တိုင်းမ်စကွဲတွင် နှာခေါင်းစည်းမတပ်ဘဲ အပန်းဖြေနေကြသူများကို တွေ့ရစဉ်။

## ထောက်ခံကြဆဲဖြစ်

အမေရိကန် လူဦးရေ၏ ၂ ရာခိုင်နှုန်း အရေအတွက်အားဖြင့် လူဦးရေ ခုနစ်သန်း နီးပါးမှာ အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ (စီဒီစီ) က ထုတ်ပြန်ထားသည့်အဆောက်အအုံအတွင်း ပါးစပ်နှာခေါင်းစည်းတပ်ဆင်ရန် ညွှန်ကြားချက်ကို ဆက်လက်ထောက်ခံကြဆဲဖြစ်သည်ဟု စီဒီစီက မတ် ၁၀ ရက်တွင် ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

## အချိန်ကာလတိုးချဲ့ခဲ့

ပြီးခဲ့သည့် သီတင်းပတ်အတွင်း လူဦးရေ ၁၆ သန်း၊ ရာခိုင်နှုန်းအားဖြင့် ၇ ရာခိုင်နှုန်းမှာ ကာကွယ်ဆေးထိုးခြင်း၊ ရောဂါကူးစက်မှုနောက်ခြေရာခံမှုအပြည့်လိုက်နိုင်ခြင်းနှင့် ကူးစက်ရောဂါနှင့်ပတ်သက်သည့် ညွှန်ကြားချက်များကို လိုက်နာခြင်းအစရှိသည်တို့ ဆောင်ရွက်ကြကြောင်း သိရသည်။

သို့သော်လည်း လူဦးရေ၏ ၇၃ ရာခိုင်နှုန်းမှာမူ ယင်းသို့မဟုတ်ချေ။ လူဦးရေ၏ ၂၁ ရာခိုင်နှုန်းမှာမူ ရောဂါကူးစက်မှုစည်းကမ်းချက်များနှင့်ပတ်သက်၍ အလယ်အလတ်အဆင့်သာ လိုက်နာနေထိုင်ကြသည်ဟု ဆိုသည်။ သယ်ယူပို့ဆောင်မှုလုံခြုံရေး စီမံခန့်ခွဲမှုအဖွဲ့သည် အများပြည်သူနှင့်သက်ဆိုင်သည့် သယ်ယူပို့ဆောင်ရေးနေရာများတွင် ပါးစပ်နှာခေါင်းစည်းတပ်ဆင်ရမည့် အမိန့်ကို ဧပြီ ၁၈ ရက် မတိုင်ခင်အထိ ဆက်လက်ထားရှိပြီး အချိန်ကာလတိုးချဲ့ခဲ့သည်ဟု အိမ်ဖြူတော်နှင့် သယ်ယူပို့ဆောင်မှုလုံခြုံရေး စီမံခန့်ခွဲမှုအဖွဲ့က ပြောသည်။

## လက်တွဲဆောင်ရွက်သွားမည်

အများပြည်သူနှင့်သက်ဆိုင်သည့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် ပါးစပ်နှာခေါင်းစည်းတပ်ဆင်ရမည့်အမိန့်မှာ မတ် ၁၈ ရက်ဆိုလျှင် သက်တမ်းကုန်ဆုံးပြီဖြစ်သည်။ ယခင်ကလည်း အဆိုပါအမိန့်ကို နှစ်ကြိမ်တိုင်တိုင်သက်တမ်းတိုးခဲ့ပြီးဖြစ်သည်။ အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာသည် ပါးစပ်နှာခေါင်းစည်းတပ်ဆင်ရမည့်အမိန့်ကို ရုပ်သိမ်းနိုင်သည့် မူဝါဒနှင့်ပတ်သက်၍ အစိုးရအေဂျင်စီများနှင့်လက်တွဲဆောင်ရွက်သွားမည်ဖြစ်သည်။

## လုပ်ငန်းခွင်ဝင်နိုင်ရေးခွင့်ပြုပေးခဲ့

ထိုစဉ် ယူနိုက်တက်အဲလိုင်းတွင် ကာကွယ်ဆေးထိုးထားခြင်းမရှိသည့်ဝန်ထမ်းများကို မတ် ၂၈ ရက်မှစတင်ကာ လုပ်ငန်းခွင်သို့ဝင်နိုင်ရေး ပြန်လည်ခွင့်ပြုပေးခဲ့သည်။ အမေရိကန်တွင် ကူးစက်မှုနှုန်းလျော့ကျလာသည်ကို အကြောင်းပြုကာ ယင်းသို့ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ တိုင်းပြည်အတွင်း ကိုဗစ် -၁၉ကာကွယ်ဆေးထိုးရန် စည်းကမ်းအတင်းကျပ်ဆုံး ထားရှိထားသည့် ကုမ္ပဏီတစ်ခုက ယင်းကဲ့သို့ ပြုမူဆောင်ရွက်ခြင်းလည်းဖြစ်သည်။ ပြီးခဲ့သည့်ဩဂုတ်လအတွင်းက ယူနိုက်တက် အဲယားလိုင်းတွင် အလုပ်သမားများကို ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးရန်လိုအပ်သည်ဟု အမိန့်ထုတ်ခဲ့သည်။ ယူနိုက်တက်အဲလိုင်းမှ အလုပ်သမား ၉၆ ရာခိုင်နှုန်း အကြမ်းဖျင်းအားဖြင့် အလုပ်သမား ၆၇၀၀၀ မှာ ကာကွယ်ဆေး ထိုးပြီးဖြစ်ကြောင်း ကုမ္ပဏီကပြောသည်။

## သတိပေးခဲ့

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကပ်ရောဂါအကြောင်း ကြေညာခဲ့သည်။ ယင်းနောက် နှစ်နှစ်အကြာတွင် နိုင်ငံအများအပြားအနေဖြင့် ကပ်ရောဂါပြီးဆုံးသွားပြီဟုကြေညာရန် စောလွန်းနေသေးကြောင်းနှင့် သတိထားမှုများကို လျှော့ချမပစ်ရန်အတွက်ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတိပေးခဲ့သည်။

## လျှော့ချစပြုလာ

ကပ်ရောဂါဖြစ်ပွားနေသည်မှာ နှစ်နှစ်ကြာမြင့်လာပြီးနောက် အမေရိကန်ရှိပြည်နယ်များနှင့်အခြားသောနိုင်ငံများမှာ ပြည်သူ့ကျန်းမာရေးကြိုတင်ကာကွယ်မှုများကို လျင်လျင်မြန်မြန်ပင်လျှော့ချစပြုလာခဲ့သည်။ အိုမီခရွန်ကူးစက်မှု လျင်မြန်စွာလျော့ကျလာခြင်းကို အကြောင်းပြု၍ ယင်းသို့ဆောင်ရွက်ကြခြင်းဖြစ်သည်။ ကိုဗစ်-၁၉ ဆေးစစ်မှုများကို လျှော့ချလိုက်ရုံမျှမက ကန့်သတ်ချက်များကိုလည်း ဖြေလျှော့ပေးခဲ့ကြသည်။

## ဖိစီးနေဆဲဖြစ်

ကပ်ရောဂါကြောင့် တိုင်းပြည်မည်မျှပြောင်းလဲသွားသည်ကို အကဲဖြတ်ရန် အချိန်ယူရဦးမည်ဖြစ်သည်ဟု ဝါရှင်တန်ပို့စ်တွင် ဖော်ပြထားသည်။ ဖျားနာမှု၊ စိုးရိမ်ပူပန်မှု၊ နေ့စဉ် လူနေထိုင်မှုဘဝများကို အနှောင့်အယှက်ပေးမှုများမှာ သန်းနှင့်ချီသည့် ပြည်သူများအပေါ် ဖိစီးနေဆဲဖြစ်သည်။

## တစ်ကြိမ်မကကူးစက်ခံထားရသည်လည်းရှိ

အမေရိကန်တွင် ကိုဗစ်-၁၉ကူးစက်မှုများမှာ သန်း ၈၀အထိရှိပြီ ဖြစ်သည်။ သို့သော်လည်းအဆိုပါ အရေအတွက်မှာ ပြည်နယ်များမှ ပေးပို့သည့်အချက်အလက်များအပေါ် အခြေခံထားခြင်းဖြစ်သည်။ အချို့သောသူများမှာ တစ်ကြိမ်မက ကူးစက်ခံထားရသည်လည်းရှိသည်။ ထို့ပြင်ဆေးစစ်မှုခံယူခြင်းမရှိသူများလည်းရှိသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ ပိုမိုတိကျသည့် အရေအတွက်များရရှိရန် အတွက်မူကူးစက်မှုမှ ပဋိပစ္စည်းကို အခြေခံသည့် သွေးစစ်မှုကို ကျန်းမာရေးအာဏာပိုင်များက ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်။ ခန့်မှန်းခြေအားဖြင့် လူဦးရေသန်း ၁၄၀ ရာခိုင်နှုန်းအားဖြင့် ၄၃ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ကူးစက်ခံထားရသည်ဟု ခန့်မှန်းထားသည်။

## ဖြေလျှော့မှုများပြုလုပ်လာကြ

ပြင်သစ်နိုင်ငံတွင်လည်း မတ်လ ၁၄ ရက်မှစတင်ကာ ကျန်းမာရေးဆိုင်ရာနေရာများနှင့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးလုပ်ငန်းများမှအပ အဆောက်အအုံအတွင်းပိုင်းနေရာများတွင် ပါးစပ်နှာခေါင်းစည်းတပ်ဆင်ရမည့် အမိန့်ကို ဖယ်ရှားမည်ဟု ကြေညာခဲ့သည်။ ပြင်သစ်နိုင်ငံတွင် ရောဂါကူးစက်မှုများ ရှိနေဆဲဖြစ်သော်လည်းအထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေရသူဦးရေမှာမူ လျော့ကျလာသည်။ မတ်လအတွင်း နေ့စဉ်ကူးစက်ခံရသူဦးရေမှာ ၁၀၀၀၀၀ ကျော်လွန်လာခဲ့သည်။ ပြင်သစ်နိုင်ငံကဲ့သို့ပင် အခြားသောနိုင်ငံများမှာလည်း စီးပွားရေးပြန်လည်စတင်ရန်နှင့် ပုံမှန်လူနေမှုဘဝ ပြန်လည်ရရှိစေရေးအတွက် ကန့်သတ်ချက်များအပေါ် ဖြေလျှော့မှုများ ပြုလုပ်လာကြသည်။

ကိုးကား -ဆင်ဟွာ

“ကပ်ရောဂါဖြစ်ပွားနေသည်မှာ နှစ်နှစ်ကြာမြင့်လာပြီးနောက် အမေရိကန်ရှိ ပြည်နယ်များနှင့် အခြားသောနိုင်ငံများမှာ ပြည်သူ့ကျန်းမာရေး ကြိုတင်ကာကွယ်မှုများကို လျင်လျင်မြန်မြန်ပင်လျှော့ချစ ပြုလာခဲ့သည်။ အိုမီခရွန်ကူးစက်မှု လျင်မြန်စွာလျော့ကျလာခြင်းကို အကြောင်းပြု၍ ယင်းသို့ ဆောင်ရွက်ကြခြင်းဖြစ်သည်။ ကိုဗစ်-၁၉ ဆေးစစ်မှုများကို လျှော့ချလိုက်ရုံမျှမက ကန့်သတ်ချက်များကိုလည်း ဖြေလျှော့ပေးခဲ့ကြသည်”

# မတ် ၁၆ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၈၉ ဦးတွေ့ရှိ

## ထပ်မံသေဆုံးသူ သုံးဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၉၄၁၇ ဦးရှိ

(၁၆–၃–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာစည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြုပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၅–၃–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၆–၃–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၄,၈၉၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၈၉) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါ ပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၃.၂၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၄၃၇,၂၁၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၀၇,၃၉၉) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၂၁၄) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၆၀,၈၈၇) ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၃) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၁၇) ဦး ရှိပါသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၅–၃–၂၀၂၂) ရက်နေ့အထိ လူဦးရေ စုစုပေါင်း (၂၅,၁၉၅,၈၁၉) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ (၂၁,၅၀၁,၅၂၃) ဦးနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၃,၆၉၄,၂၉၆) ဦး ရှိပြီဖြစ်ပါသည်။

သို့ဖြစ်ပါ၍ (၁၅–၃–၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေ စုစုပေါင်း (၄၆,၆၉၇,၃၄၂) ကြိမ် ထိုးနှံပြီး ဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၁၆–၃–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၈၂၅) ခု | (၁၁၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၆၂) ခု | (၈) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၉၅) ခု | (၁၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၇) ခု | (၁၃) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၆၉၁) ခု | (၅၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၇၆၇) ခု | (၅၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၀,၁၀၈) ခု | (၂၂၉) ဦး |
| **စုစုပေါင်း** | **(၁၄,၈၉၅) ခု** | **(၄၈၉) ဦး** |

**ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ**
**(၁၅–၃–၂၀၂၂) ရက်နေ့**

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၃,၆၉၄,၂၉၆) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၂၁,၅၀၁,၅၂၃) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၂၅,၁၉၅,၈၁၉) ဦး |
| စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း(Vaccine Doses) | (၄၆,၆၉၇,၃၄၂) ကြိမ် |

- **ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ရောဂါဖြစ်ပွား/သေဆုံးမှုများအား မျက်ခြည်မပြတ် လေ့လာစောင့်ကြည့်လျက်ရှိပါသည်။**
- နိုင်ငံတကာတွင် သုတေသနပြုလေ့လာချက်များအရလည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားခြင်းအားဖြင့် ရောဂါဝင်ရောက်ကူးစက်နိုင်မှုကို ၅ ဆ အထက်၊ ရောဂါကြောင့် ဆေးရုံတက်ရောက်ရမှုကို ၁၀ ဆ အထက်၊ ရောဂါကြောင့် သေဆုံးရမှုကို ၁၀ ဆ အထက် လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။
- မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရမှုများကို လေ့လာသုံးသပ်ကြည့်ရာတွင် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူထားခြင်းဖြင့် ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။
- သို့ဖြစ်ပါ၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ် ကုသရာတွင် ရေရှည်အတွက် အကောင်းဆုံး နည်းလမ်းမှာ ရည်မှန်းဦးတည်အုပ်စုများအားလုံး ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် မပျက်မကွက် ထိုးနှံမှုခံယူထားခြင်းပင် ဖြစ်ပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကျေးလက်ဒေသနှင့် ဝေးလံခက်ခဲဒေသများတွင် နေထိုင်သည့် မိဘပြည်သူများအပါအဝင် မည်သူတစ်ဦးတစ်ယောက်မှ မကျန်ရစေဘဲ အသက် ၁၈ နှစ်နှင့်အထက် မိဘပြည်သူများနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ် အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများအပါအဝင် ဦးတည်အုပ်စုအားလုံးကို ရာနှုန်းပြည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပေးနိုင်ရေးကို အရှိန်အဟုန်မြှင့်တင်အလေးထားဆောင်ရွက်လျက်ရှိပါ၍ ကာကွယ်ဆေးမထိုးနှံရသေးသော မိဘပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်ပြီး ဦးတည်အုပ်စုအားလုံး ရာနှုန်းပြည့် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးရေးကို အလေးထား၍ တက်ကြွစွာ ပူးပေါင်းပါဝင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ ကျန်းမာရေးဝန်ကြီးဌာန

## ၁၆ - ၃ - ၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၁၂၄၄၉၃၆ | ၅၆၄၅၆၄၅၀ | ၉၉၃၈၁၁ |
| ၂။ | အိန္ဒိယ | ၄၂၉၉၈၉၃၈ | ၄၂၄၅၀၀၅၅ | ၅၁၆၁၀၃ |
| ၃။ | ဘရာဇီး | ၂၉၄၃၂၂၇၄ | ၂၇၉၆၈၈၁၁ | ၆၅၅၆၄၉ |
| ၄။ | ပြင်သစ် | ၂၃၆၄၉၆၁၅ | ၂၂၃၂၇၇၉၉ | ၁၄၀၄၄၀ |
| ၅။ | ဗြိတိန် | ၁၉၈၂၀၁၈၁ | ၁၈၄၂၉၆၃၃ | ၁၆၃၀၉၅ |
| ၆။ | ဂျာမနီ | ၁၇၅၆၇၇၃၈ | ၁၃၉၃၁၉၀၀ | ၁၂၆၅၃၂ |
| ၇။ | ရုရှား | ၁၇၄၄၉၄၃၈ | ၁၅၈၂၂၀၃၁ | ၃၆၂၄၇၈ |
| ၈။ | တူရကီ | ၁၄၆၀၀၆၈၃ | ၁၄၂၁၃၄၄၅ | ၉၆၇၃၅ |
| ၉။ | အီတလီ | ၁၃၄၈၉၃၁၉ | ၁၂၂၉၆၀၁၈ | ၁၅၇၁၇၇ |
| ၁၀။ | စပိန် | ၁၁၂၆၀၀၄၀ | ၁၀၅၀၂၇၈၄ | ၁၀၁၄၁၆ |

## ၁၆-၃- ၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၆၅၅၂၉၁၈ | ၃၃၈၃၁၄၂ | ၄၁၅၄၅ |
| အင်ဒိုနီးရှား | ၅၉၂၇၅၅၀ | ၅၄၉၄၆၀၆ | ၁၅၂၉၇၅ |
| မလေးရှား | ၃၈၇၂၁၃၅ | ၃၅၃၃၉၉၄ | ၃၃၉၉၄ |
| ဖိလစ်ပိုင် | ၃၆၇၁၂၉၃ | ၃၅၆၇၄၁၂ | ၅၇၆၂၅ |
| ထိုင်း | ၃၂၅၀၆၄၂ | ၃၀၀၄၇၅၂ | ၂၃၉၂၁ |
| စင်ကာပူ | ၉၆၄၃၂၉ | ၉၂၁၂၃၆ | ၁၁၅၉ |
| မြန်မာ | ၆၀၇၃၉၉ | ၅၆၀၈၈၇ | ၁၉၄၁၇ |
| လာအို | ၁၄၈၂၅၇ | ၁၄၆၄၁၃ | ၆၄၃ |
| ကမ္ဘောဒီးယား | ၁၃၄၄၉၂ | ၁၃၀၀၂၈ | ၃၀၄၉ |
| ဘရူနိုင်း | ၁၁၈၈၉၂ | ၉၄၇၇၄ | ၁၇၆ |



## ပဲခူးမြို့၌ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ ဆရာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း

**ပဲခူး မတ် ၁၆**

ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်ရ ဆရာတော်၊ သီလရှင်နှင့် လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်တို့အား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ၎င်းတို့၏ဇနီးများက ဘွဲ့တံဆိပ်တော်များ အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ပဲခူးမြို့ သာမဏေကျော်စာသင်တိုက် ဒေါက်တာဘဒ္ဒန္တ ဝိစက္ခဏာလင်္ကာရာဘိဝံသ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊ ဓမ္မကထိက ဗဟုဇန ဟိတဓရ ဆရာတော်အရှင်မြတ်ထံမှ အနုမောဒနာ တရားနာယူပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားအား ရုပ်သိမ်းခဲ့ပြီး ကြွရောက်လာကြသည့် ဆရာတော်များနှင့် သီလရှင်ဆရာကြီးများအား ဆွမ်းဆန်တော်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်၊ မဟာကမ္မဋ္ဌာနစရိယ နှစ်ပါး၊ ဂန္ထဝါစကပဏ္ဍိတ ခြောက်ပါး၊ ကမ္မဋ္ဌာနစရိယ တစ်ပါး၊ သဒ္ဓမ္မဇောတိကဓဇ နှစ်ပါး၊ မဟာဂန္ထဝါစကပဏ္ဍိတ သုံးပါး၊ မဟာသဒ္ဓမ္မဇောတိကဓဇ ငါးပါး၊ ဓမ္မကထိက ဗဟုဇနဟိတဓရ တစ်ပါး၊ သုဓမ္မသိင်္ဂီ တစ်ဦး စုစုပေါင်း ရဟန်း/သံဃာ ၁၆ ပါး၊ သီလရှင် လေးပါးနှင့် လူပုဂ္ဂိုလ် တစ်ဦးတို့ ရရှိကြကြောင်း သိရသည်။

**သတင်းစဉ်**

## ကယားပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း

**လွိုင်ကော် မတ် ၁၆**

ကယားပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်လှူဒါန်းပွဲ မဟာမင်္ဂလာကို ယနေ့ မွန်းလွဲ ၁ နာရီက လွိုင်ကော်မြို့ သာသနဗိမာန်တော်ကြီး၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လွိုင်ကော်)တပ်နယ်နှင့် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများက ပြည်နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ လွိုင်ကော်မြို့ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရလွိုင်ကော်မြို့ တပ်ဦးဗဟိုသာသနာပြုကျောင်း ဆရာတော် ဘန္ဒန္တပညာနန္ဒက သမ္မောဒနီယသြဝါဒကထာ မြွက်ကြားချီးမြှင့်တော်မူခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လွိုင်ကော်)၊ ဒေသကွပ်ကဲရေးမှူးတို့က ဆရာတော် သံဃာတော်အရှင်သူမြတ်များထံ ဘွဲ့တံဆိပ်တော်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်ပူဇော် လှူဒါန်းသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်၍ ပြည်နယ်ဝန်ကြီးများ၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လွိုင်ကော်)၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် စေတနာရှင် အလှူရှင်များက ပြည်နယ်အတွင်းရှိ သံဃာတော်များအား ဆွမ်းဆန်တော်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



## ကရင်ပြည်နယ်အစိုးရအဖွဲ့ကကြီးမှူး၍ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း

**ဘားအံ မတ် ၁၆**

ကရင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကို မတ် ၁၆ ရက် မွန်းလွဲ ၁ နာရီခန့်က ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ နောင်လုံဋ္ဌာနပတိုင်ကျောင်းဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိဇ္ဇောနန္ဒ၊ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင် ခေမာရာမကျောင်းဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ သောပါက အမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ဇနီး ဒေါ်နန်းဘေဘီမြင့်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသိန်းကိုကို၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြည်ညို၍ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားတွင် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်က မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ကော့ကရိတ်မြို့နယ် ပေါကြူကုန်းရွာ အင်းညီနောင်ကျောင်းဆရာတော် ဘဒ္ဒန္တကောဝိန္ဒထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို လည်းကောင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးသိန်းကိုကိုက မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ သံတောင်ကြီးမြို့ အမှတ်(၅)ရပ်ကွက် ဘုရင့်နောင်တပ်ဦးကျောင်းဆရာတော် ဘဒ္ဒန္တ ကစ္စယနထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို လည်းကောင်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်က ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ လှိုင်းဘွဲမြို့နယ် ရွှေဂွန်းကျေးရွာ ရတနာမုန်ကျောင်းဆရာတော် ဘဒ္ဒန္တ သူရိယထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို လည်းကောင်း၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်က သဒ္ဓမ္မဇောတိက ဓဇဘွဲ့တံဆိပ်တော်ရ လှိုင်းဘွဲမြို့နယ် ပိုင်ကျုံမြို့ မြို့မသာသနာပြုကျောင်းဆရာတော် ဘဒ္ဒန္တ ဓမ္မသီရိထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို လည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါ်နန်းဘေဘီမြင့်က ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မြဝတီမြို့နယ် အမှတ်(၃)ရပ်ကွက် အေးမြသိင်္ဂီသီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်ဥက္ကဝတီနှင့် သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဘားအံမြို့ အမှတ်(၆)ရပ်ကွက် ဇမ္ဗူမြိုင်သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်ဝိရဉာဏီတို့ထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်လှူဒါန်းကြသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## လေဖိအားနည်း ရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် မတ် ၁၆** – ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်း ယင်းနှင့် ဆက်စပ်လျက်ရှိသော အီကွေတာအနီးအိန္ဒိယသမုဒ္ဒရာတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းသို့ ရောက်ရှိခဲ့ပြီး ဆက်လက်တည်ရှိနေပါသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ ကနဦးတွင် အရှေ့-အရှေ့မြောက်ဘက်သို့ ရွေ့လျားပြီး ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်တို့တွင် မတ် ၂၀ ရက်၌ မုန်တိုင်းငယ်(Depression) အဖြစ်သို့ ရောက်ရှိနိုင်သည်။ အဆိုပါ မုန်တိုင်းငယ်(Depression) သည် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီးနောက် ဆိုင်ကလုန်းမုန်တိုင်း (Cyclonic Storm) အဖြစ်သို့ ဆက်လက်အားကောင်းလာနိုင်ပြီး ထိုမှတစ်ဆင့် မြောက်-အရှေ့မြောက်ဘက်သို့ ပြန်ကွေ့ကာ မတ် ၂၃ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ (Bangladesh) နှင့် မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်း မြောက်ပိုင်း ကမ်းခြေအနီးသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေကာ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပါသည်။

**မိုး/ဇလ**

# မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲတက်ရောက်

**မကွေး မတ် ၁၆**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို မတ် ၁၆ ရက် မွန်းလွဲ ၁ နာရီက မကွေးမြို့ မြသလွန်ဘုရားကုန်းတော်မဟာဝိဇိယရံသီတန်ဆောင်းတော်၌ ကျင်းပဆောင်ရွက်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင် တက်ရောက်၍ သာသနာရေးဆိုင်ရာများ လျှောက်ထားကာ ဘွဲ့ခံဆရာတော်များအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ဘွဲ့ခံဆရာတော်များအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းကြပြီး အထူးပင့် ဆရာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ကြွရောက်တော်မူလာကြသော အထူးပင့် ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်များအား တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူး၍ ဌာနဆိုင်ရာများ၊ စေတနာရှင် အလှူရှင်များ စုပေါင်းကာ ဆွမ်းဆန်တော်စိမ်း လောင်းလှူ ပူဇော်ကြကြောင်း သိရသည်။

**မောင်ညီညာ**





# မွန်ပြည်နယ်ဝန်ကြီးချုပ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားတက်ရောက်

**မော်လမြိုင် မတ် ၁၆**

မွန်ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၂၂ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့ ပရိယတ္တိဓမ္မဗိမာန်တော်ကြီး၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း တက်ရောက်သည်။

ရှေးဦးစွာ မုဒုံမြို့ မြို့မ (၄) ရပ်ကွက် ယာဂဘောဇနကျောင်းတိုက်၏ ဦးစီးပဓာနနာယက မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တကေတုဝါရ အရှင်သူမြတ်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းက သာသနာရေးဆိုင်ရာများအား လျှောက်ထားပြီး ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် သီလရှင် ဆရာကြီးထံသို့ ဘွဲ့တံဆိပ်တော်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ကိုးပါးနှင့် သီလရှင်ဆရာကြီး တစ်ပါးတို့အား ဆွမ်းဆန်စိမ်းများ လောင်းလှူကြကြောင်း သိရသည်။

**ခင်စန်းမြင့်**
**(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲကျင်းပ

**စစ်တွေ မတ် ၁၆**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက စစ်တွေမြို့ သာသနာ့ဗိမာန်တော်၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ဇနီးတို့က ပင့်သံဃာများအား လှူဖွယ်ဝတ္ထုနှင့် နဝကမ္မများ ဆက်ကပ်လှူဒါန်းကြကာ ၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ စစ်တွေတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဒေသကွပ်ကဲမှု စစ်ဌာနချုပ် (စစ်တွေ) ဒေသကွပ်ကဲရေးမှူးတို့က ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီးအား ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ဝါဝါထွန်းက ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြည်နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ စစ်တွေမြို့ ဓမ္မသုခကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသောမ မဟာထေရ်မြတ်ထံမှ ပြည်နယ်ဝန်ကြီးချုပ် အမှူးပြုသော ဒဿပရိသတ်များက အနုမောဒနာ တရားနာယူ၍ ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။ ယင်းနောက် အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်းကာ အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရခိုင်မင်္ဂလာစည်တော်အဖွဲ့မှ အောင်စေသံ တီးခတ်ပြီး အခမ်းအနားကို ရုပ်သိမ်းကြသည်။



ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အစိုးရဧည့်ရိပ်သာ၌ ပင့်သံဃာများနှင့် အဆိုပါသာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခံရသော ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၏ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

ကျိုက်ထို မတ် ၁၆

**ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၏ ကျောက်လုံးတော်ကြီးအား သုံးနှစ် တစ်ကြိမ် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခဲ့သည့်(၁၀)ကြိမ်မြောက် ရွှေသင်္ကန်းကပ်လှူပွဲ၊ ရေစက်ချတရားနာနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို မတ် ၁၆ ရက် (တပေါင်းလပြည့်နေ့)တွင် အဆိုပါရင်ပြင်၌ ကျင်းပသည်။**



ရှေးဦးစွာ ဆရာတော်၊ သံဃာတော်များက ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ပြီး ဆရာတော် သံဃာတော်များနှင့် ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမြတ်သွင်နှင့် အဖွဲ့ဝင်များက အမွှေးနံ့သာများ ပက်ဖျန်းကာ ရေသပ္ပာယ်ပြီး ရောင်တော်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမြတ်သွင်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းရာ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ အာစရ ဆရာတော်မှ လှူဒါန်းမှုအစုစုအတွက် ရေစက်ချ တရားချီးမြှင့်ပြီးအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ဆက်လက်ပြီး ပြည်နယ်လူမှုရေးရာဝန်ကြီး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းများ လောင်းလှူကြကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**

# နိုင်ငံတစ်ဝန်း တပေါင်းလပြည့်နေ့၌ ဘုရားဖူးပြည်သူများနှင့် ကုသိုလ်ပြုသူများ စည်ကား

## ပဲခူး

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့၏ အထင်ကရတစ်ခုဖြစ်သော မြို့ကျက်သရေဆောင် ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီးတွင် တပေါင်းလပြည့်နေ့ နေ့ထူးနေ့မြတ် အချိန်အခါသမယဖြစ်သည့်အားလျော်စွာ မတ် ၁၆ ရက် နံနက်ပိုင်းမှစ၍ ပဲခူးမြို့ရှိ ဒေသခံပြည်သူများအပါအဝင် အနယ်နယ်အရပ်ရပ်မှဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

အလားတူ ပဲခူးမြို့အတွင်း စေတီတော်များဖြစ်သည့် ဟသံာကုန်းစေတီတော်မြတ်ကြီး၊ သမိုင်းဝင် ရွှေသာလျောင်း၊ စိန်သာလျောင်း၊ မြသာလျောင်း၊ မဟာစေတီ၊ ရွှေဂူလေးဘုရား၊ မဟာကြီး၊ ကိုးသိန်းကိုးသန်းဘုရား၊ ကျိုက်ပွန်စေတီတော်မြတ်ကြီးများတွင်လည်း ဘုရားဖူးလာပြည်သူများက ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြကာ ဂုဏ်တော်များနှင့် ပရိတ်တရားတော် ရွတ်ဖတ်ပူဇော်ခြင်းများပြုလုပ်ကြပြီး ရုံးပိတ်ရက်ဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းများနှင့် ရပ်နီးရပ်ဝေး ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ထို့အပြင် လေ့လာစရာ သမိုင်းဝင်အမွေအနှစ်များစွာရှိသည့် ကမ္ဘောဇသာဒီရွှေနန်းတော်သို့လည်း အနယ်နယ်အရပ်ရပ်မှ ပြည်သူများ လာရောက်လေ့လာလျက်ရှိပြီး အပန်းဖြေပြည်သူများဖြင့်လည်း စည်ကားလျက်ရှိကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

## ရွှေကျင်

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်အတွင်းရှိ သမိုင်းဝင် အရှေ့မဟာဗုဒ္ဓဘုရားကြီးစေတီတော်တွင် တပေါင်းလပြည့်နေ့ နံနက်ပိုင်းက မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများနှင့်ရပ်ဝေး/ရပ်နီးမှ ဘုရားဖူးလာသူများဖြင့် စည်ကားလျက်ရှိပြီး ပန်း၊ ဆီမီး၊ အမွှေးနံ့သာဖြင့် ဘုရားပူဇော်ရာတွင် အဆင်ပြေစေရေးအတွက် ဘုရားကြီးဂေါပကအဖွဲ့မှ စားပွဲပေါ်တွင် ပန်း၊ ဆီမီး၊ အမွှေးနံ့သာများ ခင်းကျင်းပေးထားကာ ဘုရားဖူးပြည်သူများက အခမဲ့ယူဆောင်ပြီး လှူဒါန်းပူဇော်နိုင်ကြောင်း သိရသည်။ **ထွန်းထွန်းဇော်(ပြန်/ဆက်)**

## သန်လျင်

တပေါင်းလပြည့် တပေါင်းပွဲတော်နေ့တွင် မြန်မာနိုင်ငံအတွင်းရှိ တန်ခိုးကြီးဘုရားများနှင့် ဘုရားကျောင်း၊ ကန်၊ စေတီပုထိုးတို့တွင် ကောင်းမှုကုသိုလ်ပြုသူများဖြင့် စည်ကားလျက်ရှိရာ ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်ရှိ ရေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီးတွင် တပေါင်းလပြည့်နေ့ နံနက်ပိုင်းက အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်နေကြသည်ကို တွေ့ရသည်။

သန်လျင်မြို့ ရေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာယာစွာဖြင့် လာရောက်ဖူးမြော်နိုင်ရေးအတွက် နေ့စဉ်စေတီတော်မြတ်ကြီးအား နံနက် ၆ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပေးထားပြီး လာရောက်ဖူးမြော်ကြသော ဘုရားဖူးပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် တစ်ဦးချင်း ကိုယ်အပူချိန်တိုင်းပေးခြင်း၊ လက်ဆေးခြင်းနှင့် ပါးစပ်၊ နှာခေါင်းစည်းများ တပ်ဆင်ကာ သတ်မှတ်အကွာအဝေးများအတိုင်း စနစ်တကျ ဖူးမြော်နိုင်ရေး စေတီတော်ဂေါပကအဖွဲ့က ဆောင်ရွက်ထားရှိကြောင်း သိရသည်။ **သက်ခိုင်(သန်လျင်)**



မွန်ပြည်နယ် လမိုင်းမြို့ ကျိုက်ကေလာသဘုရားပွဲတော်သို့ လာရောက်ဖူးမြော်လည်ပတ်သူများကို တွေ့ရစဉ်။

## ကလော

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့ သီတဂူကမ္ဘောဇပညာရေးကျောင်းတော်ကြီး၌ သစ္စာသိမြင်သဗ္ဗညုတဉာဏ်တော်ရှင် မြတ်ဗုဒ္ဓ၏ ဂုဏ်တော်ကိုရည်မှန်း၍ တည်ထားကိုးကွယ်သော လောကသန္တိသိမ်စေတီတော်နှင့် လောကသီရိစေတီတော်၊ ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပူဇော်ပွဲကို ယနေ့နံနက်ပိုင်းက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပူဇော်ပွဲသို့ သံဃာတော်များ ကြွရောက်တော်မူကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြည်ညိုခဲ့ကြသည်။

ဆက်လက်၍ ရွှေထီးတော်၊ စိန်ဖူးတော်တို့ကို သံဃာတော်များနှင့် အလှူရှင်များက ပင့်ဆောင်၍ မင်္ဂလာအချိန်ကျရောက်သည်နှင့် တစ်ပြိုင်တည်း အမွှေးနံ့သာများ ပတ်ဖျန်းကာ စေတီတော်အထွတ်သို့ တင်လှူပူဇော်ခဲ့ကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။ **ကျော်ဝင်း(ပြန်/ဆက်)**



ကလောမြို့ရှိ လောကသန္တိသိမ်စေတီတော် ရွှေထီးတော်တင်လှူစဉ်။

## သံဖြူဇရပ်

မွန်ပြည်နယ် သံဖြူဇရပ်မြို့ ကျက်သရေဆောင် ကျိုက္ခမီရေလယ်ဘုရား၌ တပေါင်းလပြည့်ပိတ်ရက်ဖြစ်သည့် ယနေ့နံနက်ပိုင်းက ဘုရားဖူးလာရောက်ကြသည့် ပြည်သူများ အေးချမ်းစွာကုသိုလ်ယူသူများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိသည်။

သံဖြူဇရပ်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်းမှုရှိသော်လည်း ကူးစက်မှုနှုန်း ဟန့်တားထိန်းချုပ်နိုင်ရေးနှင့် ကိုဗစ်-၁၉ ကာလ ပြည်သူများစိတ်နှလုံးအေးချမ်းစွာဖြင့် ကုသိုလ်ယူနိုင်ကြစေရန် ရည်ရွယ်၍ တန်ခိုးကြီးဘုရားဖြစ်သည့် ကျိုက္ခမီရေလယ်ဘုရားတွင် ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကာကွယ်ရေးစည်းကမ်းချက်များနှင့်အညီ ရပ်နီး၊ ရပ်ဝေးမှ ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ဆွမ်း၊ ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူပူဇော်၍ ဘုရားဝတ်ပြု ဆုတောင်းသူများနှင့် ဘုရားဈေးရောင်း၊ ဈေးဝယ်များဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ **အေးအေးမွန်(ပြန်/ဆက်)**

## လမိုင်း

မွန်ပြည်နယ် လမိုင်းမြို့ ကျိုက်ကေလာသတန်ခိုးကြီးစေတီ၏ ပွဲတော်ရပ်ဖြစ်သည့် တပေါင်းလပြည့်နေ့တွင် ရပ်နီးရပ်ဝေးမှ ဘုရားဖူးပြည်သူများစွာ လာရောက်ဖူးမြော်လျက်ရှိသည်။

လမိုင်းမြို့တွင် ကိုဗစ်-၁၉ ရောဂါ သိသာစွာလျော့နည်းကျဆင်းမှုရှိသော်လည်း ကူးစက်မှုနှုန်း ဟန့်တားထိန်းချုပ်နိုင်ရေးနှင့် ကိုဗစ်-၁၉ ကာလ ပြည်သူများ စိတ်နှလုံးအေးချမ်းစွာဖြင့် ကုသိုလ်ယူနိုင်ကြစေရန် ကျိုက်ကေလာသတန်ခိုးကြီးဘုရားတွင် ကိုဗစ်-၁၉ ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်ပေးထားပြီးဖြစ်ကာ ရဟန်းရှင်လူပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ပွဲများ ပြုလုပ်ပြီး ကုသိုလ်ကောင်းမှု ဆောင်ရွက်မှုများရှိသကဲ့သို့ မြန်မာလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့တစ်ခုဖြစ်သည့် အခါကြီးရက်ကြီး၊ နေ့ထူးနေ့မြတ်များတွင်လည်း ဘုရားဖူးပြည်သူများ၊ ခရီးသွားပြည်သူများအား အာဟာရဒါန စတုဒိသာများဖြင့် ဘုရားပုထိုးစေတီတော်ရင်ပြင်၌ ဧည့်ခံကျွေးမွေး ကုသိုလ်ယူကြသည်။ **ဖြူဖြူအေး(ပြန်/ဆက်)**

## အင်္ဂပူ

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့ သမိုင်းဝင် ရွှေဆံတော်စေတီမြတ်ကြီးတွင် တပေါင်းလပြည့်နေ့ နံနက်ပိုင်းက ဝါပကာလ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ပြုလုပ်သည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူခြင်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်မိုးနှင့် တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန္တာဌေးနှင့် အဖွဲ့ဝင်များ၊ စေတနာရှင်ပြည်သူများ ပူးပေါင်းပြီး မြို့ပေါ်ရပ်ကွက်အတွင်းရှိ ဘုန်းကြီးကျောင်း ၂၄ ကျောင်းမှ သံဃာတော်အရှင်သူမြတ်များနှင့် သီလရှင်ကျောင်းခြောက်ကျောင်းမှ သီလရှင်ဆရာကြီးများအား ဆွမ်းဆန်တော်များ လောင်းလှူခဲ့သည်။

အင်္ဂပူမြို့နယ်ပေါ်ရပ်ကွက်အတွင်းရှိ ဘုန်းကြီးကျောင်းများနှင့် သီလရှင်ကျောင်းများမှ ဆရာတော်အရှင်သူမြတ်များနှင့် သီလရှင်ဆရာကြီးများအား ဝါပကာလ၌ဆွမ်းဆန်များ အဆင်ပြေစေရေးအတွက် လပြည့်နေ့တိုင်း စေတနာရှင်များ စုပေါင်းပြီး ဆွမ်းဆန်တော်များ လောင်းလှူပေးလျက်ရှိကြောင်း ရွှေဆံတော်စေတီဂေါပကအဖွဲ့ထံမှ သိရသည်။ **မန်းကျော်(ပြန်/ဆက်)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၇-၃-၂၀၂၂ ကြာသပတေးနေ့

**MRTV HD**

၀၆:၀၀ မေတ္တသုတ်၊ ရတနသုတ်၊ တောရှုဂ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ နိုင်ငံအချုပ်အခြာအာဏာကို အခိုင်အမာရပ်တည်ကာကွယ်မည်
၀၉:၃၀ ၂၀၂၂ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ကြားပို့ချမှုများ 'စိတ်ကြိုက်မြန်မာစာဘာသာရပ်'
၁၀:၀၀ သတင်းထဲကသတင်း
၁၃:၃၀ MRTV National News
၁၅:၀၀ Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'ဇီဝဗေဒဘာသာရပ်'
၁၅:၄၀ Soccer View
၁၆:၃၅ ၂၀၂၂ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ကြားပို့ချမှုများ 'မြန်မာစာဘာသာရပ်'
၁၇:၁၀ မျက်မှောက်ရေးရာအမြင်များ
၁၇:၃၅ လူမှုစီးပွားမြင်ကွင်းများ
၁၈:၀၀ ပြည်တွင်းသတင်း၊
၁၈:၃၅ သံစဉ်ဝေဖြာ စတီရီယိုတေးကမ္ဘာ
၁၉:၂၀ မြန်မာဇာတ်လမ်းတွဲ 'ရုပ်ကွက်ထဲမှာ ဒီလိုပဲ' (အပိုင်း-၉) (ကျော်ကျော်၊ Wai လျှံ၊ ဆောင်းယွန်းစံ)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်း 'ကြယ်နှင့်အတူ' (အပိုင်း-၁၃)
၂၂:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အငေးဆုံးသောနေရာ' (အပိုင်း-၅၁)

**mitv**

07:01 Myitta (Kyawt Kay Khaing)
07:07 Let's Taste Delicious Insects: Silkworm Masala & Peppery Cricket Bread with Sunflower and Pumpkin Seeds
07:29 Ancient Heritage In Natalin
07:41 Strolling Along A Memory Link - U Pein Bridge
08:01 Inlay Traditional Cotton Clothes
08:09 Beauties Of Makyee Island - Island Of Tamarind Tree
08:22 Insight Myanmar: Manuscription (Epi-1) Palm-leaf Manuscripts & Parabaiks
08:48 A Snake Catcher
09:01 News
09:28 Products of Myanmar - Shin Ma Taung Thanakhar
09:44 Myanmar Betels
10:02 Beach Food Delivery

**MRTV NRC**

**ပကောကရင် (၀၆:၀၀ မှ ၀၇:၀၀)**
အိမ်တွင်းဆပ်ပြာလုပ်နည်းအဆင့်ဆင့်

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
စားမြိန်ပွယ်ရာဝုံးဟင်းလျာ

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၅)

**ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)**
နွေးထွေးသည့်လုပ်ငန်းရှာသို့အလည်တစ်ခေါက်

**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
ချင်း(ချိုး)ဘာသာစကားပြောကြရအောင် (အပိုင်း-၂)

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
ဒီရေတောနှင့်ရှင်သန်သူ

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
ကျောက်ရိုးတော်ဓာတ်စေတီ

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
ရွှေတိဂုံမြို့တော်

**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
ဝါးကြက်သားမီးကင်ပြုလုပ်နည်း

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
လီဆူရိုးရာမီးနင်းပွဲ

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
ကယားတိုင်းရင်းသားတို့ရဲ့စံပျော်ရာတောင်ပေါ်ဒေသ

**MRTV NEWS**

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၃၅ အားကစားသတင်း
၀၈:၃၅ စိုက်ပျိုးရေးကမ္ဘာ
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၁၀:၀၀ နိုင်ငံတကာသတင်း (LIVE)
၁၁:၁၅ သတင်းသမားပြောတဲ့သတင်းစကား
၁၃:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း (LIVE)
၁၃:၃၅ တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြုသင်ကြားပို့ချမှုများ 'မြန်မာစာဘာသာရပ်'
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ နိုင်ငံတကာသတင်း (LIVE)
၂၁:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း (LIVE)

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊ အလဲ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'လင်နဲ့မယားလျှာနဲ့သွားဆိုပေမယ့်'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ၏ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၂)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ)(အပိုင်း-၁)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၂)

**MRTV FARMERS'**

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၃၀ ကမ္ဘာ့အလှမြန်မာ့တော်ဝင်သစ်ခွ
၀၇:၅၀ သရက်စိုက်ပျိုးဝင်ငွေတိုး
၀၇:၀၀ လှိုင်သာယာစက်မှုဇုန်မှ အားဖြည့်ဆန်ထုတ်လုပ်မှု
၀၈:၁၅ မျိုးစေ့ထုတ်နည်းပညာဖြန့်ဝေပျံ့နှံ့ယ်ပွားတို့ရဲ့မြေ
၀၉:၂၅ အဆင့်မြင့်ဟင်းသီးဟင်းရွက်စံပြစိုက်ခင်း
၀၉:၅၀ စကားပြောသောပုံရိပ်များ

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို ဝနေ့တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်း

နေပြည်တော် မတ် ၁၆

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ လေသာကျောင်းတိုက်သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်ရှိ အာသောကရာမကျောင်းတိုက်သို့လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ မြို့မကြက်စားပြင်ကျောင်းတိုက်သို့လည်းကောင်း၊ မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်ရှိ ရွှေတောင်ပါဠိတက္ကသိုလ်ကျောင်းတိုက်သို့လည်းကောင်း၊ ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်ရှိ သာသနာ့လင်္ကာရပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ရှိ ရတနာပုံ(အကျော်)ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ သာသနာ့ဝေပုလ္လပရိယတ္တိစာသင်တိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။



သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေး

နေပြည်တော် မတ် ၁၆

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများကို နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ မတ် ၁၆ ရက်တွင် နယ်စပ်(ချင်းရွှေဟော်)၌ ကုမ္ပဏီတစ်ခုမှ Surgical Gown ၄၀၀၀ KG ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၆- ၃ - ၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၉၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၇၂၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၈၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၇၁၁၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၀၁၅/၂၀၇၅ ကျပ် | ၂၀၆၅/၂၁၀၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၀၂၅/၂၀၉၀ ကျပ် | ၂၀၉၀/၂၂၂၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၃၅/၂၀၀၀ ကျပ် | ၂၀၁၅/၂၀၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၉၉၅/၂၀၈၀ ကျပ် | ၂၁၄၀/၂၁၇၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၅၆ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၀၁ . ၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၀၁၉ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၀၆ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၂ . ၅၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၈ . ၆၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၂၃၈ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၀၀၀ | ၈၁၀၀ | ၃၀ | ၂၄၂၀၀၀ |
| MTSH | ၂၉၀၀ | ၂၉၀၀ | ၂၂၄ | ၆၄၉၆၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၆၅၀ | ၂၇၀၀ | ၃၀၀ | ၈၁၀၀၀၀ |
| EFR | ၂၇၅၀ | ၂၇၀၀ | ၁၅၄ | ၄၁၅၈၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့

စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# မြန်မာ့မြေပေါ်မှ ရောဝတီပရိုင်းမိတ်များ

မာန်သစ်ငြိမ်း
(ရှေးဟောင်းသုတေသန)

*ယမန်နေ့မှအဆက်*

ကိုလိုဘိုင်းမျောက်၏ သီးခြား အံသွားနှစ်ချောင်းကိုလည်း မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ချိုင်ဖောက်ရေိယာတွင် မြို့ခင်းသာ အမှတ်(၂)နေရာ၌ ရောဝတီကျောက်လွှာစု၏ မိုင်အိုဆင်းနှောင်းပိုင်း-ပလိုင်အိုဆင်းအစောပိုင်း အနည်အနှစ်များမှ ကောက်ယူတွေ့ရှိခဲ့ရသည်။ ဤအံသွားနှစ်ချောင်းကိုလည်း Myanmarcolobus တွေ့ရှိသောနေရာမှပင် ရှာဖွေတွေ့ရှိခဲ့သည်။ ချိုင်ဖောက်နို့တိုက်သတ္တဝါများ၏ ကြွေသွားများကို တည်မြဲသော ကာဗွန်အိုင်ဆိုတုပ်နည်းဖြင့် ခွဲခြမ်းစိတ်ဖြာစစ်ဆေးခြင်းဖြင့် မိုင်အိုဆင်းနှောင်းပိုင်း-ပလိုင်အိုဆင်းအစောပိုင်းကာလ ချိုင်ဖောက်ဧရိယာ၌ တော/မြက်မပေါက်သော သစ်တောမှ သာလွန်သောပတ်ဝန်းကျင်အကူးအပြောင်းကာလ၏ ပျံ့နှံ့မှုကို ညွှန်ပြနေသည်။ (ဇင်မောင်မောင်သိန်း ၂၀၁၀၊ ၂၀၁၁)။ ချိုင်ဖောက်တွင် မြက်မပေါက်သော ကုန်းများ ကျယ်ပြန့်လာခဲ့ပြီး တော/အသီးအပင်ပေါက်ရောက်သော သစ်တောများ အလုံအလောက်ပေါကြွယ်ဝနေပြီဖြစ်သောကြောင့် တောတွင်းနေထိုင်သော ဖြူမျိုးစဉ်များ(Porcupines)၊ ချေမျိုးစဉ်များ (Tragulids)၊ ကြံ့မျိုးစဉ်များ (Rhinocerotids)၊ တောဝက်မျိုးစဉ်များ (Suids)နှင့် ဆင်မျိုးစဉ်များ စသည့် တိရစ္ဆာန်များကို ထောက်ပံ့ရန် လူး၊ ဆပ်၊ ဆန်၊ ပဲသီး၊ ကြံ၊ ပြောင်းဖူး စသည့်အပင်များ ပေါက်ရောက်လာကြသည်။ ချိုင်ဖောက် ကိုလိုဘိုင်းမျောက်များ၏ လှုပ်ရှားပြုပြင်တတ်သည့် စွမ်းအားသည် တော/ သစ်တောပတ်ဝန်းကျင်၌ ထိုအချိန်ကာလတွင် အတူတကွနေထိုင်သည့် အခြားတောနေတိရစ္ဆာန်များနှင့်အတူပင် ဖြစ်သည်။

### မျိုးစိတ်ကိုးမျိုးကို တွေ့ရှိနိုင်

ဝွေးပင်ဧရိယာ၏ ပလိုင်အိုဆင်းနှောင်းပိုင်း ရောဝတီအနည်အနှစ်များမှ မကြာသေးမီကာလ ကိုလိုဘိုင်းမျောက်များ၏ ဒါဇင်လောက်နီးပါးခန့် သီးသန့်ဖြစ်သော သွားများကို ရရှိခဲ့သည်။ ဤ ကိုလိုဘိုင်းမျောက်များ၏ သွားအရွယ်အစားနှင့် တိရစ္ဆာန်နှင့် အပင်များ၏ ပုံသဏ္ဍာန်ဖွဲ့စည်းထင်ဟပ်ဖြစ်ပေါ်လာပုံသည် မပျောက်မပျက်ရှိသော Semnopithecus နှင့် တူသည်။ ၎င်းနှင့် နှိုင်းစာလျှင်ကြီးမားပြီး ကမ္ဘာ့မြေပေါ်ရှိကိုလိုဘိုင်းမျောက်သည် အရှေ့ဘင်္ဂလားဒေ့ရှ်မှ အနောက်ပါကစ္စတန်ဖြစ်သည့် အိန္ဒိယတိုက်ငယ်တွင် ကျယ်ပြန့်စွာ ပျံ့နှံ့လျက်ရှိသည်။ မပျောက်မပျက်ရှိသော Semnopithecus ကို အမျိုးအစားခွဲခြား သတ်မှတ်ရာတွင် ရှုပ်ထွေးနေဆဲဖြစ်သည်။ သို့သော် ၎င်းတို့ကို အစဉ်အမြဲ ခွဲခြမ်းစိတ်ဖြာရာတွင် မျိုးစိတ် ကိုးမျိုးကို တွေ့ရှိနိုင်သည်။ သို့သော်လည်း ဝွေးပင်ဧရိယာမှ မဆုံးပါးနိုင်သော ကျောက်ဖြစ်ရုပ်ကြွင်း အကြွင်းအကျန်များဖြစ်သည့် Semnopithecus gwebinensis အဖြစ် အမည်ရှိခဲ့ကြသည်။ မြန်မာနိုင်ငံ၌ ယနေ့အချိန် ကာလအထိ Semnopithecus ကို မတွေ့ရှိရသေးပေ။




ပုံ(၃) (a,b)-Khoratpithecus ayeyarwadyensis, a left hemi-mandible with $P_4$-$M_2$. အပြင်ဘက်ခြမ်း၊ အတွင်းဘက်ခြမ်း။ (c) - a right $M_2$ of Khoratpithecus sp. အပေါ်စီးမှ မြင်ရပုံ။

လူနှင့်တူသော လူဝံ (Khoratpithecus) မျိုးစိတ်ကို ထိုင်းနိုင်ငံ၏ မိုင်အိုဆင်းနှောင်းပိုင်းကာလမှ တွေ့ရှိခဲ့ကြောင်း ပထမဆုံးအစီရင်ခံခဲ့ပြီး ကိုယ်စားပြုခံနေရသော မျိုးစိတ်နှစ်မျိုးဖြစ်သည့် K.chiangmuanensis နှင့် K.piriyai (Chaimanee et al. 1997, 2004, 2006) နှင့် ဘိုးဘေးဘီဘင်နှင့်ဆိုင်သော ပုံသဏ္ဍာန် (သို့မဟုတ်) အလွန်နီးကပ်စွာ နီးနွယ်သော မပျောက်မပျက်သေးသော အာရှတိုက် အော်ရန်ဂူတန်ဟု စဉ်းစားခဲ့သည်။ (Chaimanee et al. 2004)။

Khoratpithecus ayeyarwadyensis ၏ အကြွင်းအကျန်ကို မကွေးတိုင်းဒေသကြီး မကွေးမြို့ ယင်းဆိပ်နေရာဒေသမှ ရှာဖွေတွေ့ရှိခဲ့သည်။ Khoratpithecus ayeyarwadyensis ၏ နှစ်ဖက်မြင်အမျိုးအစားတွင် အံကြိုသွားအမှတ် (၄) မှ အံသွားအမှတ်(၂) ဘယ်ဘက်အောက် မေးရိုးတစ်ခြမ်းကို ခေတ်သတ္တုရှာဖွေရေးအရင်းအမြစ်ဦးစီးဌာန(Bangkok) ၏ ပို့ချအနည်များ စုဆောင်းခြင်း၌ မကွေးဧရိယာမှ ရွာသားများ ပြန်လည်ရှာဖွေတွေ့ရှိခဲ့ပြီး ယခုအခါပြန်လည်အပ်နှံခဲ့ပြီဖြစ်သည်။ (Jaeger et al., 2011)။ မြန်မာနိုင်ငံ၏ လူနှင့်တူသော ကျောက်ဖြစ်ရုပ်ကြွင်းတည်နေရာကို လူး၊ ဆပ်၊ ဆန်၊ ပဲသီး၊ ကြံ၊ ပြောင်းဖူး စသည့် အပင်ပတ်ဝန်းကျင်၌ အမြဲစိမ်းသစ်တောများ ရှိနေခဲ့နိုင်သည်ဟု ယူဆခဲ့သည်။ ၎င်းအယူအဆအရ တိရစ္ဆာန်မျိုးစုံ ပေါင်းဖက်ခြင်းနှင့် မြင်းမျိုးစဉ်၏ တည်ငြိမ်အိုင်ဆိုတုပ်အပေါ် အခြေခံသည်။ မြန်မာနိုင်ငံမှ ရှာဖွေတွေ့ရှိခဲ့သော Khoratpithecus ayeyarwadyensis ၏ မတူကွဲပြားမှုများ တိုးပွားလာခြင်းကို အာရှတိုက်တောင်ပိုင်း၏ မိုင်အိုဆင်း ကာလ၌ ကြီးမားသော လူနှင့်တူသော မျိုးစိတ်များရှိခြင်းက ညွှန်ပြနေပေသည်။

အီအိုဆင်းအလယ်ပိုင်းကာလနှောင်းပိုင်း ပုံတောင်နှင့် Neogen နှောင်းပိုင်း ရောဝတီ၏ မြန်မာနိုင်ငံ အလယ်ပိုင်းဖွဲ့စည်းမှုသည် ပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်းအမျိုးမျိုးကို ပေါ်ထွက်စေသည်။ ပုံတောင်ကျောက်လွှာစုမှ လူနှင့်တူသော ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများသည် အရှေ့တောင်အာရှ၌ သက်တမ်းကြီးသော လူနှင့်တူသော ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများဖြစ်ကြောင်း ဆုံးဖြတ်ခဲ့ကြသည်။ လူနှင့်တူသော ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများအတွက် အာရှ၏ မူလအစဖြစ်သည်ဆိုသော အကြောင်းပြချက်အတွက် အခြေခံအပိုဒ်ကို ထောက်ခံနေသည်။ ဤဖွဲ့စည်းခြင်းကိုလည်း မြန်မာ နိုင်ငံတွင် ကြုံတွေ့ရသော မျိုးစိတ်နှစ်ခုဖြစ်သည့် Sivaladapid strepsirrhines မျောက်မျိုးစဉ်များ ဖြစ်သည်။

### ရောဝတီအနည်အနှစ်များ

အခြားတစ်ဖက်တွင် ရောဝတီအနည်အနှစ်များ၌ လူနှင့်တူသော Khoratpithecus နှင့် Colobine မျောက်မျိုးစဉ် သုံးမျိုးကို ထွက်ပေါ်စေသည်။ Khoratpithecus ကို ရောဝတီအနည်အနှစ်များမှ ရှာဖွေတွေ့ရှိခဲ့သည့်အတွက် အရှေ့တောင်အာရှ၏ Miocene ကာလ၌ ကြီးမားသော လူနှင့်တူသော မျောက်ဝံ၏အဆင့် တိုးတက်ဖွံ့ဖြိုးလာခြင်းသည် မတူကွဲပြားမှုရှိသည်။ အရှေ့တောင်အာရှ ပိုကြီးသောဒေသ၌ ၎င်းတို့သည် ကောင်းမွန်စွာ ပျံ့နှံ့နေထိုင်ကြသည်။ ကမ္ဘာ့ဟောင်း မျောက်များ (Cercopithecidae) ၏ ကြွင်းကျန်ရစ်သော ကျောက်ဖြစ်ရုပ်ကြွင်းများသည် အရှေ့တောင်အာရှ၌ အလွန်ရှားပါးသည်။

အထူးသဖြင့် ပလိုင်အိုဆင်းကာလနှင့် ရှေးကျသောအနည်လွှာများရှိသည့် မြန်မာနိုင်ငံ အလယ်ပိုင်း Neogen နှောင်းပိုင်းကာလမှ ကိုလိုဘိုင်းမျောက်များ ရှာဖွေတွေ့ရှိမှု မှတ်တမ်းကိုသာမကဘဲ အရှေ့တောင်အာရှရှိ Cercopithecidae များလည်း ပါဝင်သည်။ ထိုကဲ့သို့သော Cercopithecidae ကျောက်ဖြစ်ရုပ်ကြွင်း အကြွင်းအကျန်မရှိခြင်းသည်လည်းကောင်း၊ မြန်မာနိုင်ငံရှိ Neogen နှောင်းပိုင်းကာလ အနည်အနှစ်များမှ Macaca (မျောက်တံငါ) သည် အာရှမျောက်များ၏ ဆင့်ကဲဖြစ်စဉ်သမိုင်းအတွက် ဖြေရှင်းနိုင်သော၊ နက်နဲသောအရာများ ဖြစ်သည်။

လူနှင့်တူသော ပရိုင်းမိတ်ဆိုင်ရာ အဆင့်မြင့်နှင့် အဆင့်နိမ့်သောလက္ခဏာရပ်များ ပြည့်စုံစွာ တွေ့နိုင်သည့် ကျောက်ဖြစ်ရုပ်ကြွင်းနေရာဒေသများတွင် ရောဝတီပရိုင်းမိတ်ဒေသများသည် တစ်စတစ်စ ထင်ရှားခိုင်မာလာပြီ ဖြစ်ပါသည်။ မျိုးစဉ်၊ မျိုးစိတ် အမျိုးအစားနှင့် အရေအတွက်များလှသော တန်ဖိုးများကိုလည်း ရောဝတီပရိုင်းမိတ်ဒေသတို့၏ ဒေသများတွင်သာ တွေ့နိုင်ပါသည်။ ရောဝတီကျောက်လွှာစုမှ နို့တိုက်သတ္တဝါကျောက်ဖြစ်ရုပ်ကြွင်းများနှင့် ပရိုင်းမိတ်တို့၏ သွားများတွေ့ရှိရာဒေသများသည်လည်း ထင်ရှားလာပြီဖြစ်သည့်အပြင် နောင်လာမည့်နှစ်များတွင်လည်း ထပ်မံတွေ့ရှိခဲ့ရသော ပရိုင်းမိတ်ကျောက်ဖြစ် ရုပ်ကြွင်းများ၏ သွားများနှင့် အရိုးများအကြောင်းကို ကမ္ဘာမှ ပညာရှင်များ သိရှိလာတော့မည် ဖြစ်ပါသည်။ ဘူမိဗေဒဆိုင်ရာနှင့် ရှေးခေတ်ပတ်ဝန်းကျင်ဆိုင်ရာ လေ့လာတွေ့ရှိ မှုများကလည်း ပုံတောင်ပရိုင်းမိတ်နှင့် ရောဝတီပရိုင်းမိတ်တို့၏ သဘာဝတန်ဖိုးကို ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိပါသည်။ လူနှင့်တူသော ပရိုင်းမိတ်ဘဝ တိုးတက်လာမှုလမ်းကြောင်းတွင် ပုံတောင်ပရိုင်းမိတ်တို့၏ အခန်းကဏ္ဍသည် လည်းကောင်း၊ ရောဝတီပရိုင်းမိတ်၏ အခန်းကဏ္ဍသည် လည်းကောင်း အရေးပါ၍ ရှေးကျသောရပ်တည်မှုကို ဖော်ပြနေခြင်းကြောင့် များမကြာမီကာလတွင် ကမ္ဘာ့လူသားအားလုံး၏ စိတ်ဝင်စားဖွယ်ရာဒေသများ ဖြစ်လာတော့မည် ဖြစ်ပါသည်။

**ရောဝတီကျောက်လွှာစုမှ နို့တိုက်သတ္တဝါကျောက်ဖြစ် ရုပ်ကြွင်းများနှင့် ပရိုင်းမိတ်တို့၏ သွားများတွေ့ရှိရာ ဒေသများသည်လည်း ထင်ရှားလာပြီဖြစ်သည့်အပြင် နောင်လာမည့်နှစ်များတွင်လည်း ထပ်မံတွေ့ရှိခဲ့ရသော ပရိုင်းမိတ်ကျောက်ဖြစ် ရုပ်ကြွင်းများ၏ သွားများနှင့် အရိုးများအကြောင်းကို ကမ္ဘာမှ ပညာရှင်များ သိရှိလာတော့မည် ဖြစ်ပါသည်။ ဘူမိဗေဒဆိုင်ရာနှင့် ရှေးခေတ်ပတ်ဝန်းကျင်ဆိုင်ရာ လေ့လာတွေ့ရှိမှုများကလည်း ပုံတောင်ပရိုင်းမိတ်နှင့် ရောဝတီပရိုင်းမိတ်တို့၏ သဘာဝတန်ဖိုးကို ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိပါသည်**

### ကျမ်းကိုးစာရင်း

၁။ တင်သိန်း(ဘူမိဗေဒ)၊ ဒေါက်တာ - လူသားအစ မြန်မာက၊ စာပေဗိမာန်စာမူဆုရ၊ စာပေဗိမာန်၊ ရန်ကုန်မြို့၊ ၂၀၀၁။

၂။ မောင်သင်း၊ ဒေါက်တာ - ပရိုင်းဘဝမှသည် လူသားများဆီသို့၊ စာပေဗိမာန်စာမူဆုရ၊ စာပေဗိမာန်၊ ရန်ကုန်မြို့၊ ၂၀၀၁။

၃။ Aung Naing Soe, Dr. – Pondaung Anthropoid Primate Syn thesis and Palaw emironmanted in plication၊ မြန်မာရှေးဟောင်းသမိုင်း အထောက်အထား သုတေသနစာတမ်းများ၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ ၂၀၁၀။

၄။ Bimam Basu – The Story of Man, National Book Trust, India, 1997.

၅။ Zin Maung Maung Thein and Other – Review of the Investidation of Primate Fossils in Myanmar, the Geological Society of London, 2017.

၆။ Khin Maung Lwin (FAME) & Myat Kay Thwe Lwin (Botanist), Dr. – Medicinal Plant List of Myanmar, second edition, Yangon, FAME Publishing House, 2015.

၇။ ဦးသိန်း၊ ဒေါက်တာ (ပါမောက္ခ) – ဒေသကောလိပ်သုံး အထွေထွေဘူမိဗေဒ၊ စတုတ္ထအကြိမ်၊ ဘာသာပြန်နှင့်စာအုပ်ထုတ်ဝေရေးဌာန၊ အထက်တန်းပညာဦးစီးဌာန၊ ၁၉၈၇။

၈။ Yasuhisa Nakajima, RenHirayama, Masanaru Takai – Bone histology of a giant land turtle Megalochelys, Project reports 2019.

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေရှားပါးသောမြို့နယ်များရှိပြည်သူများ ရေသုံးစွဲမှုအဆင်ပြေစေရန် ဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန် မတ် ၁၆

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မရမ်းကုန်းမြို့နယ် ရေကူးရေတွန်းစက်ရုံတွင် စည်ပင်သာယာရေးယာဉ်နှင့် ရှင်သန်ရေးကူညီမှုအသင်းတို့က နွေရာသီကာလ လျှပ်စစ်မီးပြတ်တောက်ချိန်များ၌ ရန်ကုန်မြို့တွင်း ရေရှားပါးသောမြို့နယ်များရှိ ပြည်သူများ သောက်ရေ၊ သုံးရေသုံးစွဲမှုအဆင်ပြေစေရေး ဖြန့်ဝေပေးနိုင်ရန် ရေဂါလန် ၃၅၀၀ နှင့် ၃၂၀၀ ဆံ့ ရေသယ်ယာဉ်များဖြင့် စက်ရုံသို့ ယမန်နေ့ ညနေပိုင်းက ရေလာရောက် ဖြည့်တင်းပေးသည်။**



ထိုသို့ ရေသယ်ယာဉ်များဖြင့် ရေလာရောက်ဖြည့်တင်းနေမှုများကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများက ကြည့်ရှုစစ်ဆေးကြရာ အဆိုပါရေသယ်ယာဉ်များဖြင့် တစ်ရက်လျှင် သုံးခေါက်နှုန်းဖြင့် သယ်ယူပြီး ရေရှားပါးသောမြို့နယ်များသို့ အခမဲ့လိုက်လံရေပေးဝေနေမှုအခြေအနေကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။ **(ယာပုံ)**

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရေတွန်းစက်ရုံအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရေပေးဝေရေးစီမံခန့်ခွဲမှုဆိုင်ရာအစည်းအဝေးသို့ တက်ရောက်ရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု) ဌာနမှူး ဦးမြင့်ဇော်သန်းက ရန်ကုန်မြို့တွင်းရေရှားပါးသောမြို့နယ်များအတွက် မြို့နယ်တစ်ခုချင်းစီတွင် ရေပို့ပိုက်လိုင်းများဖြင့် ချိတ်ဆက်၍ ရေငုတ်တိုင်များမှ ရေပေးနိုင်ရေးဆောင်ရွက်ထားရှိမှု၊ လိုအပ်ပါက ရေသယ်ယာဉ်များ စီစဉ်ထားရှိမှုနှင့် ရေကောင်းရေသန့်ရရှိရေးဆောင်ရွက်နေသည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးနှင့် တိုင်းဒေသကြီး ဝန်ကြီးများက မှော်ဘီ၊ သဃ်န်းကျွန်း၊ ဒဂုံမြို့သစ်မြောက်ပိုင်းနှင့် တောင်ဥက္ကလာပမြို့နယ်များမှမီးသတ်တပ်ဖွဲ့ဝင်များက အဆိုပါ မြို့နယ်များရှိ ပြည်သူများအတွက် ရေဂါလန် ၂၁၈၀၀ ကို အခမဲ့ဖြန့်ဝေပေးမှု၊ သောက်သုံးရေပြတ်လပ်မှုမဖြစ်စေရန် လူမှုအဖွဲ့အစည်းများ၊ ပြည်သူများနှင့်ပူးပေါင်း၍ မြို့နယ်/ရပ်ကွက်များသို့ ရေဖြန့်ဖြူးပေးရန်ဆောင်ရွက်နေမှုအခြေအနေများကို ဖြည့်စွက်၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) မှ ဌာနမှူးက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်းရှိ အချက်ပြမီးပွိုင့် ၂၈၆ ခုတွင် လျှပ်စစ်မီးခေတ္တပြတ်တောက်စဉ် မီးစက်များဖြင့် လျှပ်စစ်မီးသွယ်တန်းဆောင်ရွက်နေမှု၊ မီးစက်များဖြင့် လျှပ်စစ်မီးမရရှိနိုင်သည့် မီးပွိုင့်များအား နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစနစ်အသုံးပြု၍ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်နေမှု၊ နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစနစ်အား အချက်ပြမီးပွိုင့် ၂၄ ခု သီးခြားလျာထားဆောင်ရွက်လျက်ရှိရာ ပြည်လမ်း (ဘုန်းကြီးလမ်းဆုံ) ပွိုင့်နှင့် ပြည်လမ်း (လေဆိပ်လမ်းဆုံ) မီးပွိုင့်တို့တွင် တပ်ဆင်ဆောင်ရွက်ပြီးဖြစ်ရာ ကျန်ရှိသောပွိုင့် ၂၂ ခုအား ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး**

**(ပြန်/ဆက်)**

# မချမ်းဘော့မြို့နယ် ကောင်းမှုလုံအုပ်စု နမ်ဘူယန်ကျေးရွာ၌ ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကျင်းပ

**မချမ်းဘော့ မတ် ၁၆**

ကချင်ပြည်နယ် မချမ်းဘော့မြို့နယ် ကောင်းမှုလုံအုပ်စု နမ်ဘူယန်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲကို မတ် ၁၄ ရက်က ကျင်းပသည်။

ရှေးဦးစွာ မချမ်းဘော့မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးဉာဏ်လင်းထွန်း၊ ဒုတိယ မြို့နယ်ပညာရေးမှူး ဦးဝင်းကိုကျော်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အ.လ.က နမ်ဘူယန်ကျောင်းတာဝန်ခံ ဆရာမကြီး ဒေါ်ခေါန်ဆိုင်းက ကျောင်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ရှင်းလင်းပြောကြားကာ ဒုတိယမြို့နယ်ပညာရေးမှူး ဦးဝင်းကိုကျော်က အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် နမ်ဘူဒေင်မူကြိုမှ ရင်သွေးငယ်ကလေးများက တေးသရုပ်ဖော်အကဖြင့် ကပြတင်ဆက်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူး တာဝန်ခံ ဦးကျောက်လဆိုင်းက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါကျောင်းဆောင်သစ်အား ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေမှ ခွင့်ပြုရန်ပုံငွေကျပ် ၆၇ ဒသမ ၀၄ သန်းဖြင့် ခွင့်ပြုထားခြင်းဖြစ်ပြီး ၇၅ ရာခိုင်နှုန်း ဆောက်လုပ်ပြီးစီးခဲ့ကာ ယခု ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ရာနှုန်းပြည့် ပြီးစီးခဲ့ခြင်း ဖြစ်သည်။ အဆိုပါအဆောက်အအုံသည် အလျား ပေ ၉၀၊ အနံ ပေ ၃၀ တစ်ထပ်တိုက်အမျိုးအစားဖြစ်ကြောင်း သိရသည်။

**မြို့နယ်**

**(ပြန်/ဆက်)**

## ရေးမြို့နယ် ကျေးရွာလေးရွာ၌ ဒေသဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**ရေး မတ် ၁၆**

မွန်ပြည်နယ် ရေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းခွင့်ပြုရန်ပုံငွေကျပ် သိန်း ၁၀၀ စီဖြင့် ကျေးရွာလေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီ ဖြစ်သည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ရေးမြို့နယ် ရင်းသိန်းဝကျေးရွာတွင်းလမ်း အရှည်ပေ ၆၄၀၊ အကျယ် ၁၀ ပေ၊ ထု ၆လက်မ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ ကလော့ကျေးရွာတွင် ကျေးရွာတွင်း လမ်းအရှည် ၆၆၄ ပေ၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ အာယုတောင်ကျေးရွာတွင်းလမ်း အရှည် ၅၂၃ ပေ ၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မ ကွန်ကရစ်ခင်းခြင်းနှင့် သာယာကုန်းကျေးရွာတွင်းလမ်း အရှည် ၇၇၃ ပေ၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မ ကွန်ကရစ်ခင်းခြင်း လုပ်ငန်းများကို ရေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများ ကိုယ်တိုင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာတွင်းလမ်းများ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးသဖြင့် ရေးမြို့နယ်အတွင်း ကျေးရွာလေးရွာရှိ အိမ်ထောင်စု ၁၇၂၄ စု၊ လူဦးရေ ၁၀၃၈၄ ဦးတို့အတွက် အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **မိုးဝင်း(ကျေးလက်)**

# တနသ်ာရီမြို့နယ်ရှိ တနသ်ာရီ - မောတောင်လမ်းပေါ်မှ ငဝန်မြစ်ဖြတ် ဇောဓိကမ်းတံတား မကြာမီဖွင့်လှစ်တော့မည်

**ရန်ကုန် မတ် ၁၆**

တနင်္သာရီ တိုင်းဒေသကြီး တနင်္သာရီ-မောတောင်လမ်းပေါ်ရှိ ဇောဓိကမ်း တံတားကို ဆောက်လုပ်ရေး ဝန်ကြီးဌာန တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့ (၄) က တာဝန်ယူ တည်ဆောက်ခဲ့ရာ ယခုအခါ တည်ဆောက်ရေး လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးသွားပြီဖြစ်၍ မကြာမီ ဖွင့်လှစ်နိုင်တော့မည် ဖြစ်သည်။

တနင်္သာရီမြို့ တနင်္သာရီ-မောတောင်လမ်းပေါ်ရှိ ငဝန်မြစ်ကို ဖြတ်သန်းတည်ဆောက်ထားသည့် အဆိုပါ တံတားအရှည် ၇၈၇ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ (၇ ဒသမ ၃၁၆ မီတာ)၊ လူသွားလမ်းအကျယ် ၃ ပေ (၀ ဒသမ ၉၁၄ မီတာ)၊ ယာဉ်တစ်စီးချင်း ခံနိုင်ဝန်မှာ ၇၅ တန်ဖြစ်ပြီး စီမံကိန်းတန်ဖိုး ကျပ်သန်း ၃၄၀၀ ကုန်ကျခဲ့ကြောင်း သိရသည်။



တနင်္သာရီ - မောတောင်လမ်းပေါ်ရှိ ဇောဓိကမ်းတံတားကို တွေ့ရစဉ်။

အဆိုပါ ဇောဓိကမ်းတံတားသည် တနင်္သာရီ-တုံခါ-သဲဖြူ-မောတောင် ဆက်သွယ်မည့်လမ်းနှင့် သဲဖြူရွာတွင် တွေ့ဆုံမည့် လမ်းပေါ်တွင်တည်ရှိပြီး ထိုင်း-မြန်မာ နယ်စပ်ဖြစ်သည့် မောတောင်မှ တနင်္သာရီသို့အသွား သဲဖြူမှတစ်ဆင့် တနင်္သာရီသို့ တိုက်ရိုက် မောင်းနှင်သွားလာနိုင်မည်ဖြစ်သည်။ ထို့ကြောင့် အဆိုပါလမ်းဖြတ်သန်းရာအပိုင်းဖြစ်သည့် တနင်္သာရီနှင့် သဲဖြူကြားတွင်ရှိသောကျေးရွာ ကိုးရွာ၊ ကျေးရွာအုပ်စုငါးခုနှင့် တနင်္သာရီမြစ်အရှေ့ဘက်ကမ်းဒေသများမှ ဒေသထွက်ကုန်စည်များ လွယ်ကူလျင်မြန်စွာ ပို့ဆောင်နိုင်မည်ဖြစ်၍ မြန်မာ-ထိုင်းနယ်စပ် ကုန်သွယ်ရေး လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်သည်။

ထို့ပြင် ဇောဓိကမ်းတံတားသည် မြန်မာ- ထိုင်း နယ်စပ် ကုန်သွယ်ရေးအတွက် အဓိက လမ်းကြောင်းပေါ်တွင်ရှိပြီး ထိုင်းနိုင်ငံနယ်စပ် ခရီးသွားလုပ်ငန်းများ၊ နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည် ဖြစ်ကာ ဒေသနေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးများပါ တိုးတက်လာမည် ဖြစ်သည်။

ယခင်က တနင်္သာရီဘက်ကမ်းမှ ဇောဓိကမ်းဘက်သို့ သွားရောက်ရန် ငဝန်မြစ်ကို စက်ရေယာဉ်၊ လှေငယ်များ အသုံးပြု၍ ဖြတ်သန်းသွားလာခဲ့ရပြီး ယခုအခါ ဇောဓိကမ်းတံတားကို တည်ဆောက် ပြီးစီးပြီဖြစ်၍ အချိန်တိုအတွင်း ဖြတ်သန်းသွားလာနိုင်ပြီ ဖြစ်သည်။ ထို့ပြင် ဇောဓိကမ်းတံတား တည်ဆောက် ပြီးစီးမှုကြောင့် တနင်္သာရီမြို့ ဧရိယာကို ဇောဓိကမ်းဘက်သို့ ထပ်မံချဲ့ထွင်နိုင်မည်ဖြစ်၍ မြို့၏ဧရိယာ ပိုမိုကျယ်ပြန့်လာမည် ဖြစ်သည်။

**ခရမ်းစိုးမြင့်**

## ဘဝနတ်ထံပျံလွန်တော်မူ


**နေပြည်တော် မတ် ၁၆**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် အမှတ်(၅) ရပ်ကွက် ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်၏ ဦးစီးပဓာန နာယက၊ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တ သောဘိတ (အဘိဓဇမဟာ ရဋ္ဌဂုရု) မဟာထေရ်မြတ်ကြီးသည် သက်တော် (၉၂) နှစ်၊ သိက္ခာတော်(၇၂) ဝါအရ ၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်၊ (၁၃-၃-၂၀၂၂) တနင်္ဂနွေနေ့ ည (၉:၅၄)နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူ ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

---

### နိုင်ငံတော်သြဝါဒါစရိယ<br>ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ အမှတ်(၅) ရပ်ကွက်<br>ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော်<br>ဘဒ္ဒန္တသောဘိတ(အဘိဓဇမဟာရဋ္ဌဂုရု)၏<br>ထေရုပ္ပတ္တိအကျဉ်း

#### ဖွားမြင်တော်မူခြင်း



ဆရာတော်လောင်းလျာသည် ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် အမှတ်(၉)ရပ်ကွက်၊ ခမည်းတော်ဦးဘောင်ဇောက်၊ မယ်တော်ဒေါ်အုန်းခင်တို့မှ ၁၂၉၂ ခုနှစ် ဝါဆိုလဆန်း ၁၅ ရက် သောကြာနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

#### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၀၅ ခုနှစ် တပို့တွဲလဆန်း ၇ ရက်နေ့တွင် ခရမ်းမြို့နယ် အောင်မြင်သာကျောင်း ဆရာတော် ဦးပဏ္ဍဝံသကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ၁၃၁၂ ခုနှစ် ပြာသိုလဆန်း ၉ ရက်နေ့တွင် အောင်မြင်သာကျောင်း ခဏ္ဍာသိမ်၌ ယင်းကျောင်း ဆရာတော်ဘဒ္ဒန္တပဏ္ဍဝံသကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့်ပင် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

#### ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်သည် ခရမ်းမြို့နယ် အမှတ်(၅)ရပ်ကွက် ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုဒဿန၊ ဘဒ္ဒန္တစက္ကိန္ဒ၊ ဘဒ္ဒန္တဝိသုဒ္ဓ၊ ဘဒ္ဒန္တဉာဏောဘာသ၊ ဘဒ္ဒန္တကောဏ္ဍည၊ ဘဒ္ဒန္တတေဇနှင့် ဘဒ္ဒန္တကေလာသစသော စာချဆရာတော်များထံမှ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး သာသနဓဇဓမ္မာစရိယဘွဲ့ကို အောင်မြင်ရရှိတော်မူခဲ့ပါသည်။

#### သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ခရမ်းမြို့နယ် ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်၌ စာသင်သား ရဟန်းသာမဏေများအား စာပေကျမ်းဂန်များသင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ စာပေကျမ်းဂန်များ ရေးသားပြုစုတော်မူခဲ့ခြင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် မြို့နယ်သံဃာ့ဝန်ဆောင်၊ မြို့နယ် ဝိနည်းဓိုရ်၊ မြို့နယ်သံဃနာယကအဖွဲ့ဝင်၊ အကျိုးတော်ဆောင်၊ တိုင်းသံဃာ့ဝန်ဆောင်၊ သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ်၊ နိုင်ငံတော်အစိုးရ ဓမ္မာစရိယစာမေးပွဲ ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ နိကာယ်စာမေးပွဲကြီးကြပ်ရေး တာဝန်ခံ၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ၊ ယဉ်ကျေးမှုစာမေးပွဲတို့၏ သြဝါဒါစရိယ၊ သကျမာရဇိန်သွန်းဘုရားကြီး ဂေါပကအဖွဲ့၏ သြဝါဒါစရိယအဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်အဖြစ် သာသနာ့ဝန်ထမ်းများကို ဆောင်ရွက်တော်မူခဲ့ပါသည်။

#### ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူသော သာသနဓုရာဝဟဂုဏ်၊ သာသနဟိတဓရဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတတလဒ္ဓလဇ္ဇနဂုဏ်၊ ပဋိကတ္တုယဆေကဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၁၇ ခုနှစ်တွင် "အဘိဓဇမဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

#### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၉၂) နှစ်၊ သိက္ခာတော် (၇၂) ဝါအရ ၁၃၈၃ ခုနှစ် တပေါင်းလဆန်း ၁၂ ရက်၊ ၁၃-၃-၂၀၂၂ တနင်္ဂနွေနေ့ ည (၉:၅၄) နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## ကော့သောင်းမြို့ ပြည်တော်အေးစေတီတော် စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲ ကျင်းပ



**ကော့သောင်း မတ် ၁၆**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် တည်ထားကိုးကွယ်သည့် မြို့ကျက်သရေဆောင် ပြည်တော်အေးစေတီတော် စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲ ဗုဒ္ဓပူဇနိယမင်္ဂလာအခမ်းအနားကို မေ ၁၆ ရက် (တပေါင်းလပြည့်နေ့) နံနက်ပိုင်းက စေတီတော်ရင်ပြင်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားတွင် ပြည်တော်အေးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓဉာဏထံမှ ငါးပါးသီလခံယူဆောက်တည်ကြ၍ ပရိတ်တရားများနာယူကာ သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍စစ်ဗျူဟာအဖွဲ့(အခြေချ) ကော့သောင်း စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး အောင်ဇော်လင်း၊ ကော့သောင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးအောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်မျိုးသန့်နှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဥပသကာများ၊ ဂေါပကအဖွဲ့များက စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်ကို ပင့်ဆောင်ကာ စေတီတော်ကို လှည့်လည်ပူဇော်ပြီး မင်္ဂလာပန်းရထားဖြင့် စေတီတော်အထွတ်သို့ အဆင့်ဆင့် တင်လှူပူဇော်ခဲ့ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ကြပြီး ကြွရောက်လာသည့် ဆရာတော်သံဃာတော်များအား တာဝန်ရှိသူများနှင့် အလှူရှင်များက နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြသည်။

**ကျော်စိုး(ကော့သောင်း)**

## ရှေးဟောင်းသမိုင်းဝင် သီပေါ ပေါ်ကြိုဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော် ဘုရားဖူးများ အထူးစည်ကား

**သီပေါ မတ် ၁၆**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ပေါ်ကြိုကျေးရွာ၌ ရှေးနှစ်ပေါင်း ၂၀၀၀ ကျော်က သီရိဓမ္မာသောကမင်းကြီး တည်ထားကိုးကွယ်ခဲ့သော ရှေးဟောင်းသမိုင်းဝင် ပေါ်ကြိုဘုရားကြီး ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကို မြို့နယ် သံဃာ့နာယကအဖွဲ့၏ သြဝါဒကို ခံယူလျက် ဘုရားကြီးဂေါပကအဖွဲ့က ကိုဗစ်-၁၉ဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ တပေါင်းလဆန်း ၁၀ ရက်မှ လပြည့်နေ့အထိ အစဉ်အလာမပျက် ကျင်းပရာ ဘုရားဖူးများ နေ့စဉ်စည်ကားလျက် ရှိသည်။

ဒေသခံရှမ်းပလောင် တိုင်းရင်းသားများသည် နှစ်တိုင်းနှစ်တိုင်း ပေါ်ကြိုဘုရားကြီးကို ဖူးမြော်နိုင်ရန်နှင့် မိမိတို့၏ သမားရိုးကျ လုပ်ငန်းဖြစ်သော လက်ဖက်များခူးဆွတ်ကာ ရရှိသောငွေကြေးများဖြင့် တပေါင်းလပြည့်နေ့တွင် ပေါ်ကြိုဘုရားကြီး၌ ရွှေသင်္ကန်း ကပ်လှူပူဇော်နိုင်ရန် အဖိတ်နေ့တွင် တောင်ပေါ်ဒေသမှ ဆင်းလာကြပြီး ညအိပ်ရပ်နားကာ နံနက်အရုဏ်တက်တွင် ဆွမ်းတော်ကြီး ကပ်လှူခြင်း၊ ရွှေသင်္ကန်းကပ်လှူခြင်းများ ကုသိုလ်ပြုဆောင်ရွက်ကြသည်။

ပေါ်ကြိုဘုရားကြီး ဂေါပကအနေဖြင့် ဘုရားဖူးလာပြည်သူများအား ဒေသအစားအစာ ထမင်း၊ ဟင်းလျာများ ကုသိုလ်ပြုပြီး လက်သန့်ဆေးရည်နှင့် နှာခေါင်းစည်းများကို အခမဲ့ ဝေငှပေးကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## ကျောက်ဆည်မြို့နယ် ဆုတောင်းပြည့်မဟာရွှေသိမ်တော်ဘုရား၌ တပေါင်းလပြည့်နေ့တွင် ဘုရားဖူးပြည်သူများ စည်ကားလျက်ရှိ

**ကျောက်ဆည် မတ် ၁၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်မှ တန်ခိုးကြီးဘုရားတစ်ဆူဖြစ်သော ဆုတောင်းပြည့် မဟာရွှေသိမ်တော်ဘုရားတွင် အစိုးရရုံးပိတ်ရက်ဖြစ်သော တပေါင်းလပြည့်နေ့၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ဆုတောင်းပြည့် မဟာရွှေသိမ်တော်ဘုရားသည် ကျောက်ဆည်မြို့၏ မြောက်ဘက်သုံးမိုင်ခန့်အကွာ ရန်ကုန်-မန္တလေးကားလမ်းဘေး သင်တောင်းကျေးရွာအနီးတွင်တည်ရှိရာ သက္ကရာဇ် ၃၉၅ ခုနှစ်တွင် ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးက တည်ထားကိုးကွယ်ခဲ့ပြီး ရှင်အရဟံကိုယ်တော်တိုင် သိမ်သမုတ်ခဲ့သော တန်ခိုးကြီးဘုရားတစ်ဆူဖြစ်သည်။

"ဆုတောင်းပြည့် မဟာရွှေသိမ်တော်ဘုရားကြီးကို တစ်လ တစ်ခေါက်တော့ မိသားစုနဲ့အတူ ပုံမှန် ဘုရားလာဖူးဖြစ်ပါတယ်။ ဘုရားလာဖူးရတာ စိတ်ချမ်းသာပါတယ်။ ဘုရားဖူးလာတိုင်းလည်း မိသားစုပညာရေး၊ ကျန်းမာရေးနဲ့ စီးပွားရေးလုပ်ငန်းတွေ အဆင်ပြေဖို့ အဓိဋ္ဌာန် ကန်တော့ပွဲထိုးပြီး တိုင်တည်ဆုတောင်းမှု လုပ်ပါတယ်။ တောင်းတဲ့ဆုတွေလည်း ပြည့်စုံအောင်မြင်ပါတယ်" ဟု မြစ်သားမြို့မှ ဘုရားဖူးပြည်သူတစ်ဦးက ပြောသည်။

မဟာရွှေသိမ်တော်ဘုရားဂေါပကအဖွဲ့အနေဖြင့် ဘုရားဖူးပြည်သူများ စိတ်ချမ်းသာမှုရှိစေရေးအတွက် သန့်ရှင်းရေး၊ စည်းကမ်းထိန်းသိမ်းရေး၊ လုံခြုံရေးဝန်ထမ်းများ ထားရှိပေးထားပြီး ဘုရားဖူးပြည်သူများ၏ လိုအပ်ချက်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# ကချင်ပြည်နယ်၏ ထူးခြားသည့်ဒေသအရင်းအမြစ်များအပေါ် အခြေခံ၍ သဘာဝအခြေခံခရီးသွားလုပ်ငန်း စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် အချိန်တိုအတွင်း ဖွံ့ဖြိုးတိုးတက်လာနိုင်

**မြစ်ကြီးနား မတ် ၁၆**

ကချင်ပြည်နယ်အတွင်းရှိ ရေခဲတောင် အပါအဝင် ထူးခြားသည့်ဒေသအရင်းအမြစ်များ အပေါ် အခြေခံ၍ သဘာဝအခြေခံခရီးသွားလုပ်ငန်းကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းဖြင့် အချိန်တိုအတွင်း ဒေသတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာနိုင်ကြောင်း ယမန်နေ့က ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ပြုလုပ်သည့် ကချင်ပြည်နယ်ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ (၂/၂၀၂၂) လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ထည့်သွင်းပြောကြားသည်။



ထို့အပြင် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်၏သဘာဝအရင်းအမြစ်ကို အခြေခံပြီး ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေး ရှေ့လုပ်ငန်းစဉ်များကို စနစ်တကျ စီမံချက်ရေးဆွဲပြီး ဌာနဆိုင်ရာများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များနှင့် ပေါင်းစပ်ညှိနှိုင်း၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းကို ခရီးသွားလုပ်ငန်းကုမ္ပဏီကြီးများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ပါက ဒေသတွင်း အချိန်တိုတိုဖြင့် ဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်ပါကြောင်းနှင့် ထိရောက် အောင်မြင်နိုင်သည့် ခရီးစဉ်ဒေသများကို ရွေးချယ်ဆောင်ရွက်သွားရန်လည်း လိုအပ်ပါကြောင်း မှာကြားသည်။

ထို့နောက် ကချင်ပြည်နယ်ဒေသတွင်း ခရီးသွားလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးမျိုးဆွေက ခရီးစဉ်အသစ်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေများနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ကော်မတီအတွင်းရေးမှူး ပြည်နယ် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးခိုင်ဦးက ပြည်နယ်ကော်မတီဝင်များ အစားထိုးဖွဲ့စည်းနိုင်ရေး၊ ခရိုင်အလိုက် ဒေသတွင်းခရီးသွားလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း လိုင်စင်သက်တမ်းတိုးခြင်းနှင့် အသစ်လျှောက်ထားလာမှု ကိစ္စရပ်များ၊ ပြည်နယ်၏ ခရီးစဉ်ဒေသများအား ၃၆၀ ဒီဂရီဖြင့် မှတ်တမ်းဗီဒီယိုဆောင်ရွက်ပြီးစီးမှုနှင့် ပူတာအိုခရိုင်အတွင်း တိမ်ပင်လယ်ခရီးစဉ် နှင့် ခရီးစဉ်အသစ်များ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို တင်ပြပြီး ပြည်နယ်အတွင်းရှိ ခရိုင်အလိုက် ခရီးစဉ်ဒေသများအား ၃၆၀ ဒီဂရီဖြင့် ရိုက်ကူးထားသည့် မှတ်တမ်းဗီဒီယိုကို ဖွင့်လှစ်ပြသသည်။

ယင်းနောက် ဆွေးနွေးတင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းလိုင်စင်များ လျှောက်ထားလာမှုအပေါ် လုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြုပေးရေးနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကိစ္စရပ်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

**ပြည်နယ်**

**(ပြန်/ဆက်)**

# ၂၀၂၂ ခုနှစ် မတ်လထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် ထွက်ရှိ


**နေပြည်တော် မတ် ၁၆**

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများ ပြုလုပ်ပြီး ဆယ်ကျော်သက် လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိသည်။

နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာ ခေတ်မီအကြောင်းအရာများနှင့် ယခုလအတွက် အထူးပြုရေးသားသည့် "ကလေးတိုင်းအတွက် လှပသောအနာဂတ် ဖန်တီးရေး" မျက်နှာဖုံးဆောင်းပါးကြီးများပါဝင်သော သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် (မတ်လ) ကို ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၂ ခုနှစ် မတ်လထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်တွင် ဒေါက်တာခင်မောင်ညို၊ ဟိန်းလတ်၊ တာရာဝင့်ထွန်း တို့၏ "ကလေးတိုင်းအတွက် လှပသောအနာဂတ် ဖန်တီးရေး" မျက်နှာဖုံးဆောင်းပါးများ၊ ကောင်းသန့်၊ နေညိုယည်၊ နေသူ ရိန်၊ မောင်ဒီပ (ပညာရေး)၊ ကိုဇော်ဌေး(ယဉ်ကျေး မှု)၊ ညီမော်သိမ်း၊ ပါမောက္ခ ကိုကိုအောင်၊ တွဲဖက်ပါမောက္ခ ဦးလွင်မြင့်၊ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)၊ K. M. A တို့၏ လူငယ်ရေးရာဆောင်းပါးများ၊ မောင်ပေါ်ထွန်း၏ အတွေးအခေါ် နှင့် တက်ကျမ်းဆိုင်ရာဆောင်းပါး၊ အေးထွန်းမင်း၊ မြသိန်း၊ လင်းဟိန်းဦးတို့၏ နိုင်ငံတကာဆိုင်ရာ ဆောင်းပါးများ၊ ဦးစိုင်းကျော်သူ၊ စောနိုင် (အသုံးချဘောဂဗေဒ)တို့၏ ရွေးကောက်ပွဲနှင့် စီးပွားရေးဆိုင်ရာဆောင်းပါးများ၊ ထက်ဝေအောင်(စစ်ကိုင်း)၊ ဒေါက်တာ မြင့်သန်းတို့၏ မူးယစ်ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာဆောင်းပါးများ၊ လွဲလွဲဝင်း (သတ္တဗေဒ)၏ သဘာဝပတ်ဝန်းကျင်ရှုထောင့်ဆိုင်ရာဆောင်းပါး၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ စိုးစိုး(ပန်းတောင်း)၊ ဆောင်းဝင်းလတ်၊ ဒေါက်တာ မြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး)၊ ဇာဇာရွှေရည်၊ မော်(သန်လျင်) တို့၏ ကဗျာ၊ ဟာသ၊ ဖြစ်ရပ်မှန်၊ ဝတ္ထုတိုနှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်းသရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်၊ ဖုန်း ၀၆၇၃၄၁-၄၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေး ဖုန်း ၀၂-၄၀၃၀ ၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း ရန်ကုန်မြို့၊ ဖုန်း - ၀၁-၈၂၄၉၀၃၁၊ ၀၁ - ၈၃၈၁၄၄၈ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။




**ဇော်ဝင်းထွန်း**

# မြန်မာ့နိုင်ငံရေး လက်ရှိအခြေအနေနှင့် ကျွန်တော့်အမြင် (၁၉၈၈ - ၂၀၁၄) စာအုပ် ထုတ်ဝေဖြန့်ချိ




**နေပြည်တော် မတ် ၁၆**

ဗိုလ်မှူးကြီးဟောင်း လှမင်း ရေးသားသည့် "မြန်မာ့နိုင်ငံရေး လက်ရှိအခြေအနေနှင့် ကျွန်တော့်အမြင် (၁၉၈၈-၂၀၁၄)" စာအုပ်ကို စာပေဗိမာန်က ထုတ်ဝေလိုက်သည်။

ယင်းစာအုပ်ကို စာရေးသူက ဖြည့်စွက်တည်းဖြတ်လျက် မိမိအစီအစဉ်ဖြင့် (၆) ကြိမ်မြောက်ထုတ်ဝေခဲ့ပြီး စာပေဗိမာန်က (၇) ကြိမ်မြောက်အဖြစ် ထုတ်ဝေခြင်း ဖြစ်သည်။

စာရေးသူက မြန်မာနိုင်ငံတွင် ၁၉၈၈ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော ဖွံ့ဖြိုးတိုးတက်မှုများနှင့် ရင်ဆိုင်နေရသောပြဿနာများကို မတူညီသောရှုထောင့်မှ ရှုမြင်နိုင်စေရန် ရည်ရွယ်ရေးသားထားသည်။ "မြန်မာ့နိုင်ငံရေး လက်ရှိအခြေအနေနှင့် ကျွန်တော့်အမြင် (၁၉၈၈-၂၀၁၄)" စာအုပ်တွင် မြန်မာနိုင်ငံ၏ ပထဝီအနေအထား၊ လွတ်လပ်ရေးမတိုင်မီကာလ၊ လွတ်လပ်ရေးရပြီးကာလ၊ မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒ၊ မြန်မာနိုင်ငံ၏ ကမ္ဘာ့အခြေခံလူ့အခွင့်အရေးများ၊ နိုင်ငံတော်တာဝန်ကို တပ်မတော်အစိုးရ တာဝန်ယူစဉ်ကာလအတွင်း ဖြစ်ပေါ်ပြောင်းလဲမှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ်ရေးဆွဲခြင်း၊ တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲနေသော မြန်မာနိုင်ငံ၊ နိုင်ငံတော်၏ ရှေ့သွားမည့် မူဝါဒလမ်းစဉ်၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းစွာ ဒီမိုကရေစီအသွင်ပြောင်းလဲမှု၊ နိုင်ငံတည်ဆောက်မှုတွင် ဖွံ့ဖြိုးတိုးတက်မှုများကို စာရေးသူက တင်ပြရေးသားထားသည်။

ထို့ပြင် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး ပပျောက်ရေးကြိုးပမ်းမှု၊ အမျိုးသားရေးပြဿနာတစ်ခုဖြစ်နေသော လူကုန်ကူးမှုကို တိုက်ဖျက်ခြင်း၊ ကလေးသူငယ်များ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်းများကိုလည်း လေ့လာတင်ပြထားသည့်အပြင် နိုင်ငံတကာက မြန်မာနိုင်ငံအပေါ် စွပ်စွဲချက်များ၊ စီးပွားရေးပိတ်ဆို့မှုများနှင့် ရင်ဆိုင်နေရသည့်ပြဿနာများကို စာရေးသူအမြင်ဖြင့် သုံးသပ်တင်ပြထားသည်။

ယခုအခါ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်လျက်ရှိရာ ယင်းအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်တွင် ပြည်သူအများက မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော အတိတ်၊ ပစ္စုပ္ပန် အခြေအနေများကို လေ့လာသိရှိလျက် အနာဂတ်ကို ကြိုတင်ရှုမြင်နိုင်ရန်အတွက် ဤစာအုပ်ကို ထုတ်ဝေခြင်းဖြစ်သည်။

စာအုပ်တွင် စာမျက်နှာ ၂၄၅ မျက်နှာပါဝင်ပြီး တန်ဖိုးငွေကျပ် ၄၅၀၀ ဖြင့် ရန်ကုန်မြို့၊ အမှတ် ၅၂၉ - ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင် (ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈)၊ အမှတ် (တ -၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန် စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆ ၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန် စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **ဇော်ဝင်းထွန်း**

# မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ရှိ “Hana Microfinance” အသေးစားချေးငွေရုံးမှ ဝန်ထမ်းအမျိုးသမီးအား သေနတ်ဖြင့် ခြိမ်းခြောက်၊ ငွေတောင်းခံ ပစ်ခတ်မှုဖြစ်ပွား



နေပြည်တော် မတ် ၁၆

**မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ် (၆)ရပ်ကွက် အောင်မင်္ဂလာလမ်းသွယ်ရှိ “Hana Microfinance” အသေးစားချေးငွေရုံးခန်းသို့ မတ် ၁၅ ရက် မွန်းလွဲ ၁ နာရီခွဲခန့်တွင် အကြမ်းဖက်သမားနှစ်ဦး ဝင်ရောက်လာပြီး ငွေကိုင်ဝန်ထမ်း မသီရိထွန်း (၂၉)နှစ် (ယာပုံ)အား သေနတ်ဖြင့် ပစ်ခတ်သွားသည့်ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။**

သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ အဆိုပါဝန်ထမ်း အမျိုးသမီးသည် ရုံးအတွင်း တစ်ဦးတည်းရှိနေစဉ် Mask အနက်များ တပ်ဆင်ထားသော အကြမ်းဖက်သမား နှစ်ဦးက ရုံးအတွင်း ဝင်ရောက်လာ၍ သေနတ်ဖြင့် ချိန်ရွယ်ကာ ငွေသေတ္တာအား ဖွင့်ပေးရန် ပြောဆိုသဖြင့် ဝန်ထမ်းအမျိုးသမီးမှာ ကြောက်လန့်၍ ရုံးအနောက်ဘက် အခန်းသို့ ထွက်ပြေးရာ အကြမ်းဖက်သမားများက သေနတ်ဖြင့် နှစ်ချက် ပစ်ခတ်ခဲ့သဖြင့် ဝန်ထမ်းအမျိုးသမီး ၏ ဝဲတင်ပါးဖောက်ဝင်ဒဏ်ရာ တစ်ချက် ထိမှန်သွားခဲ့ပြီး အကြမ်းဖက်သမား နှစ်ဦးမှာ ဆိုင်ကယ်ဖြင့် ထွက်ပြေးသွားခဲ့ကြောင်း၊ ဝန်ထမ်း အမျိုးသမီးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပခုက္ကူဆေးရုံသို့ ပို့ဆောင်ဆေးကုသပေးခဲ့ပြီး အကြမ်းဖက်သမား နှစ်ဦးအား ဖမ်းဆီးရမိရေး လိုက်လံ ပိတ်ဆို့ ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်း ရရှိသည်။ **သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ PDF အမည်ခံအကြမ်းဖက်သမားများက ခင်ဦးမြို့နယ်နှင့် ချောင်းဦးမြို့နယ်တို့ရှိ အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲ၍ အကြမ်းဖက်သတ်ဖြတ်၊ လူနေအိမ်များအား မီးရှို့ဖျက်ဆီး

နေပြည်တော် မတ် ၁၆

**စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ PDF အမည်ခံအကြမ်းဖက်သမားများက ခင်ဦးမြို့နယ်နှင့် ချောင်းဦးမြို့နယ်တို့ရှိ ကျေးရွာအချို့တွင် နေထိုင်ကြသည့် အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲ၍ အကြမ်းဖက်သတ်ဖြတ်ခြင်းနှင့် လူနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်းများပြုလုပ်ခဲ့ကြောင်း သိရသည်။**

ဖြစ်စဉ်မှာ ချောင်းဦးမြို့နယ် ရွှေလှေကျေးရွာသို့ မတ် ၁၄ ရက် နံနက် ၅ နာရီတွင် PDF အမည်ခံ အကြမ်းဖက်သမား ၄၀ ခန့်က ဝင်ရောက်၍ သေနတ်များဖြင့် ပစ်ခတ်သဖြင့် ကျေးရွာနေပြည်သူများမှာ ရေစကြိုမြို့နယ်ဘက်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့သော်လည်း အဆိုပါကျေးရွာမှ မောင်ညိမ်းထက်အောင်(၂၀)နှစ် (ဘ) ဦးတင်လွင်သည် အကြမ်းဖက်သမားများ ပစ်ခတ်ခဲ့သည့် ကျည်ဆန်ထိမှန်၍ သေဆုံးခဲ့ကြောင်းနှင့် အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် ကျေးရွာရှိ နေအိမ် ၆၇ လုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အလားတူ မတ် ၁၅ ရက် ညနေ ၄ နာရီတွင် ခင်ဦးမြို့နယ် တမုတ်ကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမား ၂၀ ခန့်က သေနတ်များ ပစ်ဖောက်ဝင်ရောက်လာပြီး ကျေးရွာအတွင်းရှိ နေအိမ် ၁၀ လုံးအား မီးရှို့ဖျက်ဆီးပြီး တမုတ်ကျေးရွာ၏ အရှေ့မြောက်ဘက်ရှိ ရှားလင်းကျေးရွာဘက်သို့ ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ ကျေးရွာနေ ဒေသခံအပြစ်မဲ့ပြည်သူများအား “ဒလန်”ဟု စွပ်စွဲကာ သတ်ဖြတ်ခြင်း၊ နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❍ *ကျောဖုံးမှ*

ဖြစ်စဉ်မှာ မြစ်ကြီးနားမြို့ဘက်မှ မန္တလေးမြို့ဘက်သို့ ခရီးသည်များ တင်ဆောင်၍ မန္တလေး-မြစ်ကြီးနားကားလမ်းမကြီးအတိုင်း မောင်းနှင်လာသည့် “သစ္စာလှိုင်” ခရီးသည်တင် မှန်လုံယာဉ်၊ “မနောမန္တလာ” ခရီးသည်တင်ယာဉ်၊ မုံရွာ-နန့်တော်-ကသာ ပြေးဆွဲလျက်ရှိသည့် “ချမ်းသာအောင်”ယာဉ်လိုင်းမှ ခရီးသည်တင် AD Van ယာဉ်ငယ်နှင့် PARADO မော်တော်ယာဉ်၊ စုစုပေါင်း လေးစီးတို့ကို မတ် ၁၅ ရက် ည ၁၁ နာရီခွဲတွင် ကန့်ဘလူမြို့နယ်၊ (၁၁)ပေါက်ကျေးရွာ အထွက်သို့ အရောက်၌ PDF အမည်ခံအကြမ်းဖက်သမား ၄၀ ခန့်က လမ်းဘေး ဝဲ/ယာတို့မှ နေ၍ တူမီးသေနတ်များဖြင့် ပစ်ခတ်ကာ လမ်းဘေးတွင် ထောင်ထားသည့် လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ထိုသို့ တိုက်ခိုက်ခဲ့မှုကြောင့် “မနောမန္တလာ” ခရီးသည်တင်ယာဉ်မှ ယာဉ်နောက်လိုက်ဖြစ်သူ ကိုမင်းခန့်(၂၁)နှစ်နှင့် “ချမ်းသာအောင်”ယာဉ်လိုင်းအသင်းမှ AD Van ယာဉ်မောင်းဖြစ်သူတို့သည် တူမီးကျည်ထိမှန်ဒဏ်ရာများဖြင့် သေဆုံးခဲ့ပြီး “သစ္စာလှိုင်” ခရီးသည်တင်ယာဉ် ယာဉ်မောင်း ဖြစ်သူ ဦးဇော်ဇော်နိုင်(၄၇)နှစ် (ဘ)ဦးကြင်မောင်၊ ယာဉ်နောက်လိုက်ဖြစ်သူ ကိုကျော်မင်းထွန်း (၂၃)နှစ် (ဘ) ဦးမြင့်ဆန်း၊ “မနောမန္တလာ” ခရီးသည်တင်ယာဉ်မှ ယာဉ်မောင်းဖြစ်သူ ဦးရဲဇော်ကို (၃၄)နှစ်၊ အကူယာဉ်မောင်းဖြစ်သူ ကိုဇော်မျိုးဦး (၃၀)နှစ်၊ ယာဉ်မယ်ဖြစ်သူ မဇာနေ (၁၉)နှစ်၊ ခရီးသည်များဖြစ်ကြသည့် ကိုမျိုးသူထွန်း (၂၂)နှစ်၊ မမာဌေး (၂၁)နှစ်နှင့် မရီရီရွှေ (၃၁)နှစ်တို့တွင် တူမီးကျည်ထိမှန် ဒဏ်ရာများ၊ မိုင်းစထိမှန်ဒဏ်ရာများ အသီးသီးရရှိခဲ့ကာ မော်တော်ယာဉ် လေးစီးမှာ မိုင်းစနှင့် တူမီးသေနတ်ကျည်များ ထိမှန်၍ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ စစ်ရေးပစ်မှတ်မဟုတ်သည့် အစိုးရရုံး အဆောက်အဦများနှင့် အများပြည်သူနေအိမ်များအပြင် အများပြည်သူသွားလာနေသည့် လမ်းမကြီးများနှင့် ခရီးသွားပြည်သူများအား ပစ်မှတ်ထား ပစ်ခတ်တိုက်ခိုက်ခြင်းနှင့် လူမှုစီးပွားကို ထိခိုက်ပျက်စီးစေပြီး ကုန်စည်စီးဆင်းမှုကို အဟန့်အတားဖြစ်စေသည့် အကြမ်းဖက်လုပ်ရပ်များကို တစ်ဖက်သတ်အစွန်းရောက် ဝါဒစွဲအပေါ် အခြေခံကာ အသိဉာဏ်နည်းပါးစွာ ပြုလုပ်ခဲ့သည့် PDF အမည်ခံ အကြမ်းဖက်သမားများအား ဖော်ထုတ်အရေးယူနိုင်ရေးနှင့် နယ်မြေလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည်များ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ချန်ပီယံလိဂ် ၁၆ သင်းအဆင့်တွင် ဘင်ဖီကာအသင်း နောက်တစ်ဆင့်တက်ပြီး မန်ယူအသင်း ထွက်ခွာခဲ့ရ

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ကို မတ် ၁၆ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူနှင့် အက်သလက်တီကိုမက်ဒရစ်တို့ပွဲစဉ်တွင် အက်သလက်တီကိုမက်ဒရစ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး နှစ်ကျော့ပေါင်းရလဒ် နှစ်ဂိုး-တစ်ဂိုးဖြင့် နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့သည်။ အိုင်းယက်စ်နှင့် ဘင်ဖီကာအသင်းတို့ပွဲစဉ်တွင် ဘင်ဖီကာအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-နှစ်ဂိုးဖြင့် နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့သည်။

မန်ယူအသင်းသည် အိမ်ကွင်း အိုးထရက်ဖို့ဒ်တွင် အက်သလက်တီကိုမက်ဒရစ်အသင်းကို လက်ခံယှဉ်ပြိုင်ကစားခဲ့ရသော်လည်း ဂိုးရရှိနိုင်သည့် အခွင့်အရေးများကို အဆုံးမသတ်နိုင်ခဲ့သည့်အတွက် လိုအပ်သည့် နိုင်ပွဲနှင့် လွဲချော်ခဲ့ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲမှ ထွက်ခွာခဲ့ရခြင်း ဖြစ်သည်။ မန်ယူအသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီဖြစ်သလို ကာရာဘောင်ဖလား၊ အက်ဖ်အေဖလား ပြိုင်ပွဲတို့မှလည်း ထွက်ခွာခဲ့ရပြီဖြစ်သောကြောင့် ဖလားလက်မဲ့ရာသီ ထပ်မံဖြတ်သန်းရတော့မည်ဖြစ်သည်။ အက်သလက်တီကို မက်ဒရစ်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၄၁ မိနစ်တွင် လိုဒီက သွင်းယူပေးခဲ့သည်။

အိုင်းယက်စ်နှင့် ဘင်ဖီကာအသင်းတို့ပွဲစဉ်တွင် ဘင်ဖီကာအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၇၇ မိနစ်တွင် နူနက်ဇ်က သွင်းယူပေးခဲ့သည်။ အဆိုပါပွဲစဉ်တွင် အိမ်ရှင်အိုင်းယက်စ်အသင်းသည် ဧည့်သည် ဘင်ဖီကာအသင်းကို ခြေအသာ၊ ဘောလုံးပိုင်ဆိုင်မှု အသာဖြင့် ပွဲချိန်တစ်လျှောက် ဖိအားပေးကစားနိုင်ခဲ့သော်လည်း လိုအပ်သည့် နိုင်ပွဲဖော်ဆောင်နိုင်ခြင်းမရှိသောကြောင့် ၁၆ သင်းအဆင့်မှ ထွက်ခွာခဲ့ရခြင်း ဖြစ်သည်။

**အောင်ဇော်**

# ထိုင်းဖိတ်ခေါ်ဖူဆယ်ပြိုင်ပွဲတွင် မြန်မာအသင်း ဆီမီးဖိုင်နယ် တက်ရောက်

**ရန်ကုန် မတ် ၁၆**

NSDF Futsal Invitation Cham-pionship 2022 ဖိတ်ခေါ် ဖူဆယ်ပြိုင်ပွဲ အုပ်စုဒုတိယနေ့ကို မတ် ၁၆ ရက်က ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ဆက်လက်ကျင်းပရာ မြန်မာအသင်း နိုင်ပွဲရရှိပြီး ဆီမီးဖိုင်နယ် တက်ရောက်သွားသည်။

ယင်းပြိုင်ပွဲကို အုပ်စုနှစ်ခုခွဲ၍ ပြုလုပ်နေပြီး အုပ်စုတစ်ခုတွင် သုံးသင်းစီသာ ပါဝင်သဖြင့် အုပ်စု (ခ) တွင် အီရန်၊ မြန်မာနှင့် မွန်ဂိုလီးယားတို့ပါဝင်ကာ အီရန်နှင့် မြန်မာအသင်းမှာမူ တစ်ပွဲစီ အနိုင်ရကာ ထိပ်တိုက်မတွေ့ဆုံမီ ဆီမီးဖိုင်နယ် တက်ရောက်သွားခြင်းဖြစ်သည်။

မြန်မာအသင်းသည် အုပ်စု ပထမပွဲအဖြစ် မွန်ဂိုလီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရာ ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပထမပိုင်းတွင် ငါးဂိုး၊ ဒုတိယပိုင်းတွင် နှစ်ဂိုး သွင်းယူကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် ဂိုးများကို ပထမပိုင်းတွင် မျိုးမြင့်စိုး၊ ငြိမ်းမင်းစိုး၊ စိုင်းပြုံးအောင်၊ နိုင်လင်းထွန်းကျော်တို့က သွင်းယူပြီး တစ်ဂိုးမှာမူ မွန်ဂိုလီးယားအသင်းက ကိုယ့်ဂိုးကိုယ် သွင်းယူမိခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းအတွက် ဂိုးများကိုချမ်းသာနှင့် ခင်ဇော်လင်းတို့က ထပ်မံသွင်းယူခဲ့သည်။ ယခုပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းမှ မျိုးမြင့်စိုးက ရရှိခဲ့သည်။ မြန်မာအသင်းသည် ယခုပြိုင်ပွဲကို အာဆီယံဖူဆယ်ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့် အနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် မတ် ၁၇ ရက် **(ယနေ့)** မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် အီရန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ရဲရင့်လွင်**

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော ၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်အပ်နှင်းခြင်း မဟာမင်္ဂလာအခမ်းအနား ကျင်းပ



စစ်ကိုင်း မတ် ၁၆

**စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော ၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်အပ်နှင်းခြင်း မဟာမင်္ဂလာအခမ်းအနားကို မတ် ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် စစ်ကိုင်းမြို့ မဟာစည်းခုံကြီးစေတီတော်မြတ်ကြီးရှိ သာသနာ့ဗိမာန်တော်ကြီးတွင် ကျင်းပသည်။**

ရှေးဦးစွာ နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍အခမ်းအနားအား ဖွင့်လှစ်ကြပြီး စစ်ကိုင်းမြို့ ပံသုကူကျောင်းတိုက် ပဓာနနာယက စစ်ကိုင်းတိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တသုစိတ္တထံတော်မှ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး မုံရွာမြို့ ရန်ကင်းကျောင်းတိုက် မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တတေဇနိယမှ သမ္ဗောဓိနီယသြဝါဒကထာ မြွက်ကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က သာသနာရေးဆိုင်ရာ များ လျှောက်ထားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး ဒေါ်မြင့်မြင့်အောင်တို့က တာဝန်ရှိသူများနှင့်အတူ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် သီလရှင် ဆရာကြီးများအား ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ အသီးသီး ဆက်ကပ်လှူဒါန်းကြပြီး စစ်ကိုင်းမြို့ ရတနာစူဠာကျောင်းတိုက် ပဓာနနာယက၊ စစ်ကိုင်းတိုင်းဒေသကြီး သံဃနာယကအဖွဲ့ (ရွှေကျင်) ဥက္ကဋ္ဌ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇောတိက ဆရာတော်ကြီးထံမှ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ဧည့်ပရိသတ်များက အနုမောဒနာတရား နာယူကြည်ညိုကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ တိုင်းဒေသကြီး အစိုးရအဖွဲ့ ၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်အပ်နှင်းခြင်း မဟာမင်္ဂလာ အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ရရှိတော်မူခဲ့သော အဂ္ဂမဟာပဏ္ဍိတ တစ်ပါး၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ လေးပါး၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ သုံးပါး၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယတစ်ပါး စုစုပေါင်း ဆရာတော်ကြီး ကိုးပါးတို့သည် နိုင်ငံတော်အဆင့် အခမ်းအနားဖြင့် စည်ကားသိုက်မြိုက်စွာ တစ်ပြိုင်နက် လှူဒါန်းအပ်နှင်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး အတွင်းမှကျန်ရှိသော သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆရာတော်ကြီး (၁၂)ပါး၊ သီလရှင် ဆရာကြီး ခုနစ်ပါး၊ ချင်းပြည်နယ်မှ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးနှစ်ပါး စုစုပေါင်း ၂၁ ပါးတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပုသိမ်မြို့ ရွာသစ်ကုန်းကျေးရွာ အောင်မင်္ဂလာကျောင်းတိုက်အတွင်းရှိ ရွှေတိဂုံပုံတူ အနန္တဇိနအောင်တော်မူစေတီတော်မြတ် ရွှေထီးတော်တင်လှူ ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပ

**နေပြည်တော် မတ် ၁၆**

ရေဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ဇင်ပြွန်းကုန်း ကျေးရွာအုပ်စု ရွာသစ်ကုန်းကျေးရွာ အောင်မင်္ဂလာ ကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်သည့် ရွှေတိဂုံပုံတူ အနန္တဇိနအောင်တော်မူ စေတီတော်မြတ် ရွှေထီးတော်တင်လှူ ဗုဒ္ဓပူဇနိယပွဲတော်ကို ယနေ့ နံနက်ပိုင်းက အဆိုပါကျောင်းတိုက်၌ ကျင်းပရာ ပုသိမ်မြို့ မြောင်းမြကျောင်း ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တပညာသီရိရတနာဘိဝံသ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့်တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



### မင်္ဂလာရထားပျံဖြင့်ပင့်ဆောင်

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မြောင်းမြကျောင်း ပရိယတ္တိစာသင်တိုက် ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ရွှေတိဂုံပုံတူ အနန္တဇိနအောင်တော်မူ စေတီတော်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်နှင့်တကွ အရံစေတီတော်များကို သံဃာတော်များထံ ဆက်ကပ်လှူဒါန်းပြီး(ဝဲပုံ) စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တို့အား မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်ဆက်ကပ်လှူဒါန်းကြသည်။

### ဆွမ်းဆန်စိမ်းလောင်းလှူ

ဆက်လက်၍ သံဃာတော်များက စေတီတော်ရင်ပြင်တော်၌ ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြပြီး တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား ဆွမ်းဆန်စိမ်းဆက်ကပ်လောင်းလှူကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ၊ နဝကမ္မ အလှူငွေများနှင့် နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပုသိမ်မြို့အောင်ရတနာသိဒ္ဓိကျောင်း ဆရာတော် ဘဒ္ဒန္တတေဇနိယအား လှူဖွယ်ဝတ္ထုပစ္စည်းများ သွားရောက်ဆက်ကပ်လှူဒါန်းပြီး သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်စိမ်းဆက်ကပ်လောင်းလှူ၍ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ကျော့ဖုံးမှ*

၄-၁ ပွဲ၊ ၁၆ ဦး ရှုံးထွက်အဆင့်တွင် အလီ (အီရန်)ကို ၄-၀ ပွဲ၊ ကွာတားဖိုင်နယ်တွင် အာလိုဘိုင်ဒလီ (ကာတာ) ကို ၄-၃ ပွဲဖြင့် အနိုင်ရပြီး ဆီမီးဖိုင်နယ်တွင် ချာဒါဟာ (အိန္ဒိယ) ကို ၅-၁ ပွဲဖြင့် အရေးနိမ့်ခဲ့သဖြင့် ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။ မြန်မာစနူကာ ကစားသမား အောင်ဖြိုးနှင့်အတူ ယှဉ်ပြိုင်ခဲ့သည့် ဝင်းကိုကိုမှာမူ ၁၆ ဦးရှုံးထွက်အဆင့်မှ ထွက်ခဲ့ရသည်။

ယင်းကစားသမားနှစ်ဦးသည် ယခုပြိုင်ပွဲမတိုင်မီ ကာတာနိုင်ငံ၌ပင်ကျင်းပသည့် ၂၀၂၂ ကမ္ဘာ့စနူကာပြိုင်ပွဲတွင်လည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ အာရှစနူကာချန်ပီယံရှစ်ပြိုင်ပွဲအပြီးတွင် အာရှဘိလိယက်ချန်ပီယံရှစ်ပြိုင်ပွဲ ဆက်လက်ကျင်းပလျက်ရှိပြီး မြန်မာဘိလိယက်ကစားသမား သုံးဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

သတင်း-ရဲရင့်လွင်

ဓာတ်ပုံ - Asian Confederation of Billiard Sports

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် မတ် ၁၆**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါ အခံရှိသူများ၊ ကယ်ဆယ်ရေး စခန်းများ၊ ယာယီတိုက်ပွဲရှောင် စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၄ မြို့နယ်တို့၌ ဒေသခံပြည်သူ ၅၆၄၃ ဦး၊ ရေဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၁၇၄၇ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် လေးမြို့နယ်တို့၌ ဒေသခံပြည်သူ ၄၃၈၅ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၃၈၂၉၀ နှင့် ပဲခူးတိုင်း ဒေသကြီး ထန်းတပင်မြို့နှင့် ပဲခူး မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၈၈ ဦး တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။**သတင်းစဉ်**

**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ၂၀၂၂-၂၀၂၃ ခုနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း နေကြာသီးနှံဧက ၂၉၀၀၀၀ စိုက်ပျိုးသွားမည်

**မန္တလေး မတ် ၁၆**

၂၀၂၂-၂၀၂၃ ခုနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း ကျန်းမာရေးနှင့်ညီညွတ်သည့်စားသုံးဆီကို ပြည်သူများဖူလုံစွာစားသုံးနိုင်ရန်နှင့် သွင်းကုန်အစားထိုး ထုတ်လုပ်နိုင်ရေးအတွက် ဆီထွက်နှုန်း ကောင်းမွန်သည့် နေကြာသီးနှံဧက ၂၉၀၀၀၀ ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးစိုင်းသန်းအောင်က ပြောကြားသည်။

အဆိုပါ နေကြာသီးနှံသည် တစ်ဧကလျှင် ဆီထုတ်လုပ်မှုနှုန်း အမြင့်ဆုံးသီးနှံဖြစ်သောကြောင့် မန္တလေးတိုင်းဒေသကြီးတွင် နေကြာသီးနှံကို မိုးနှင့်ဆောင်းသီးနှံများအဖြစ် လက်ရှိတွင် စိုက်ဧက ၁၂၀၀၀၀ စိုက်ပျိုးထားလျက်ရှိပြီး လာမည့်ဘဏ္ဍာနှစ် ၂၀၂၂-၂၀၂၃ ခုနှစ်တွင် မိုးကာလစိုက်ပျိုးရာသီမှ စတင်ပြီး နေကြာစိုက်ဧက ၁၇၀၀၀၀ ကို ထပ်မံတိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး စုစုပေါင်း နေကြာသီးနှံစိုက်ဧက ၂၉၀၀၀၀ အထိ ရရှိစေရန် စိုက်ပျိုးထုတ်လုပ်သွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးသည့်မျိုးအနေဖြင့် အထွက်ကောင်းမျိုးဖြစ်ကြသည့် ဆင်းရွှေကြာနှစ်မျိုးနှင့် ရေဆင်းစပ်မျိုး (၁)တို့ကို စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"တိုင်းဒေသကြီးအတွင်းမှာ နေကြာသီးနှံကို သီးသန့်အနေနဲ့ စိုက်ပျိုးကြသလို သီးထပ်၊ သီးညှပ်အနေနဲ့လည်း စိုက်ပျိုးကြပါတယ်။ ဧပြီလကနေ စပြီးတော့ စိုက်ပျိုးသွားမှာပါ။ မိုးရာသီနဲ့ ဆောင်းရာသီတွေမှာစိုက်ပျိုးသွားမှာပါ။ တိုင်းအတွင်း နေကြာအများဆုံးက ရမည်းသင်းခရိုင်မှာ အများဆုံးစိုက်ပျိုးကြပါတယ်။ ဒုတိယကတော့ မြင်းခြံခရိုင်ပါ။ တတိယကတော့ ညောင်ဦးခရိုင်ဖြစ်ပါတယ်။ နေကြာသီးနှံဟာ အချိန်တိုအတွင်း စိုက်ပျိုးရတာဖြစ်ပြီးတော့ အခြားသီးနှံတွေလို ပိုးကျရောက်မှုနည်းတာကြောင့် တောင်သူတွေ တွက်ခြေကိုက်တဲ့ သီးနှံဖြစ်ပါတယ်။ အထွက်နှုန်းကောင်းဖို့အတွက်ကိုလည်း ဌာနအနေနဲ့ ပူးပေါင်းလုပ်ဆောင်ပေးသွားမှာဖြစ်ပါတယ်။ ပြည်သူများအတွက် ကျန်းမာရေးနဲ့ညီညွတ်တဲ့ စားသုံးဆီကို ဖူလုံပြီးစားသုံးနိုင်ဖို့အတွက် လာမယ့် မိုးရာသီမှာ စတင်ပြီး တိုးချဲ့စိုက်ပျိုးသွားမှာပါ"ဟု ၎င်းက ရှင်းပြသည်။



မန္တလေးတိုင်းဒေသကြီးအတွင်း၌ သီးနှံအမယ်စုံ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိပြီး စပါးကိုဆည်ရေသောက်စနစ်ဖြင့် အဓိကစိုက်ပျိုးကြပြီး ဒုတိယအနေနှင့် ဆီထွက်သီးနှံကိုစိုက်ပျိုးကြကာ ဆီဖူလုံမှု ၁၈၃ ရာခိုင်နှုန်းရှိကြောင်း၊ ကျန်းမာရေးနှင့် ညီညွတ်သည့် နေကြာဆီကို ပိုမိုပြီးစားသုံးလာစေရေးနှင့် စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းမှုကြောင့် နိုင်ငံခြားငွေယိုဖိတ်နေမှုကိုလည်း တစ်ဖက်တစ်လမ်းမှ လျှော့ချနိုင်ရေးအတွက် နေကြာကို တိုးချဲ့စိုက်ပျိုးရန် မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့ရရှိရေး၊ စိုက်ပျိုးစနစ်မှန်ကန်ရေး၊ နည်းပညာနှင့် အကူအညီများပေးနိုင်ရေး၊ ပုဂ္ဂလိကလုပ်ငန်းများနှင့် အကျိုးတူကန်ထရိုက်စနစ်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

# တရားမဝင် သစ်မျိုးစုံ၊ ကျွန်းတံခါးချပ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၆**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မတ် ၁၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်၍ ပူးပေါင်းစစ်ဆေးရေး အဖွဲ့များမှ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်အတွင်း တရားမဝင် ကျွန်းခွဲသား၊ ကျွန်းတံခါးချပ်



နှင့် တံခါးအပိုင်းအစများ ၆ ဒသမ ၆၇၂ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၈၈၁၆၀ တို့ သယ်ဆောင်လာသော မော်တော်ယာဉ်နှစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၉၈၈၁၆၀ ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ မတ် ၁၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ သတင်းအရ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သာယာဝတီခရိုင် အုတ်ဖိုမြို့နယ်အတွင်း တရားမဝင်သစ်မျိုးစုံ တန် ၆ ဒသမ ၄၀၆၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၄၈၀၀ ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မတ် ၁၄ ရက်နှင့် ၁၆ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၂၂၂၉၆၀ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေစွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မတ် ၁၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက် ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ နှာခေါင်းစည်း(Mask) ခြောက်တန်ကို တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

# ဖားကန့်မြို့နယ်၌ ငွေကျပ်သိန်း ၇၇၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၆**

ဖားကန့်မြို့နယ်တွင် ငွေကျပ်သိန်း ၇၇၀၀ ကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၅ ရက် ည ၉ နာရီခွဲတွင် ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာ၌ သတင်းအရ ခါးလီ(၃၅နှစ်)မောင်းနှင်ပြီး မနန်လွမ်း(ခ)ဇောင်းညွယ်(ခ)အနန်(၂၈နှစ်)နှင့် ဆိုင်းလီ (၂၃နှစ်)တို့ လိုက်ပါလာသည့် Toyota Wish မော်တော်ယာဉ်ကို ရှာဖွေစစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် ယာဉ်မောင်း ခါးလီမှာ ထွက်ပြေးသဖြင့် ၎င်းအား ပစ်ခတ်ဖမ်းဆီးရမိခဲ့ပြီး ယာဉ်ကို အသေးစိတ်ရှာဖွေရာ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၇၇၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ် ဆေးပြားငါးသိန်းကျော် သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့သုံးဦးအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။



မတ် ၁၆ ရက်က ကြည့်မြင်တိုင်မြို့နယ် လဟာပြင်ဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးကိုကိုလတ် ဦးဆောင်၍ ဟောပြောပွဲနှင့် သရုပ်ပြလေ့ကျင့်ခြင်းဆောင်ရွက်ရာ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးလုံခြုံရေးအဖွဲ့ဝင်များ ပူးပေါင်းပြီး မီးငြိမ်းသတ် သရုပ်ပြသစဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)




## ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန နှစ် (၅၀) ပြည့် ရွှေရတုနှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၁၆**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၏ နှစ် (၅၀) ပြည့် ရွှေရတုနှစ်ပတ်လည်နေ့ အခမ်းအနားကို မတ် ၁၆ ရက် နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်အောင်က ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးလုပ်ငန်းအဆင့်ဆင့် တိုးတက်ပြောင်းလဲလာပုံအကြောင်း၊ နိုင်ငံတော်အဆင့် ပြန်တမ်း၊ အစိုးရအဖွဲ့၏ စာအုပ်စာစောင်များ၊ အခြားဝန်ကြီးဌာနများက အပ်နှံသည့် စာအုပ်များ၊ အပတ်စဉ်ထုတ် ရွှေသွေးဂျာနယ်၊ လစဉ်ထုတ် စာပေဆုရ စာအုပ်များ၊ သုတပဒေသာ၊ လူငယ်ရေးရာစာအုပ်များ၊ နှစ်စဉ် မြန်မာ့စွယ်စုံကျမ်းတို့ကို ပုံနှိပ်ထုတ်ဝေလျက်ရှိကြောင်း၊ ထို့အပြင် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး မူလတန်း၊ အလယ်တန်း၊ အထက်တန်းတို့မှ ကျောင်းသုံး ပုံနှိပ်စာအုပ်များကို နှစ်စဉ်ပုံနှိပ်ဖြန့်ချိလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက်တွင် ညွှန်ကြားရေးမှူးချုပ်က ဝန်ထမ်းတစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် စုစုပေါင်း ဝန်ထမ်း ၈၉၀ အတွက် ငွေကျပ် ၄၄၅၀၀၀၀ အပြင် တူညီဝတ်စုံများ၊ ရွှေရတုအထိမ်းအမှတ် မှတ်စုစာအုပ်များ ထောက်ပံ့ပေးအပ်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်က လက်ခံရယူသည်။ **(အပေါ်ပုံ)**

**ဇော်ဝိုင်းအောင် (မြန်မာ့အလင်း)၊ ဓာတ်ပုံ – ဝင်းဇော်**


### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၄)ရပ်ကွက်၊ ဗိုလ်ပျိုလမ်းသွယ် (၁)လမ်း၊ မြေကွက်အမှတ်(၁၄၀၅)၊ ဧရိယာပေ (၄၀x၆၀)ရှိ ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို ပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဇော်လင်းထက် ၁၂/အလန(နိုင်)၀၄၀၄၇၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အိရွှေစင်ဝင်း ၅/ကဘလ(နိုင်)၁၃၇၁၂၇က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေး၊ ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်ကျော်မိုး(LL.B)
အထက်တန်းရှေ့နေ(စဉ်-၂၆၆၁၈/၀၇)
ဖုန်း-၀၉-၈၉၂၀၉၀၁၇၂

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၈)၊ဝဇီရာ(၁)လမ်း၊မြေကွက်အမှတ်(၁၀၀၀)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဦးကောင်းညွှန့်( AB-၀၄၁၈၅၅) အမည်ပေါက်ပါမစ်မြေကွက်အနက်မှ တရားဝင်မခွဲ မစိတ်ရသေးသော ခေါင်းရင်းဘက် (၂၀ပေ× ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်စည်ဖြိုး(၁၂/သဃက(နိုင်)၁၆၄၂၄၉) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးခင်မောင်ဦး LL.B, D.B.L, D.I.L, တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
ဦးပြည့်ဖြိုးအောင် LL.B. အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀)
Hein Htet San Law Firm ဖုန်း-၀၉၅၅၀၆၁၄၆၊ ၀၉၄၂၀၁၂၄၀၀၃

### အများသိစေရန်ကြေညာခြင်း

ဦးဟိန်းဇော်ထက်(၁၂/ဥကတ(နိုင်)၁၉၃၁၃၁)နှင့်ဒေါ်မေသူကျော်(၁၂/သဃက(နိုင်)၁၄၂၀၇၅) တို့သည်( ၁၄-၃-၂၀၂၂ )ရက်နေ့က တောင်ဥက္ကလာပမြို့နယ် တရားရုံးတွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲခြင်း စာချုပ်ချုပ်ဆို၍ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-
ဒေါ်မေသူကျော်
(၁၂/သဃက(နိုင်)၁၄၂၀၇၅)

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မိုးမိုးအောင်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၅၅)
အမှတ်(၁၆၉/က)၊ရန်ကြီးအောင်လမ်း(၅)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၀၉-၄၂၁၀၉၇၄၀၃





တတ်နိုင်သမျှ
မိမိအိမ်တွင်သာ နေပါ

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်လင်းထွန်း ၁၁/မပတ(နိုင်) ၀၄၅၀၃၅ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း ၀၉ ၄၂၀၇၄၇၇၆၆

### အမည်မှန်

ရွှေတောင်မြို့နယ်၊ အလက (ရေနံမြေ) Grade-1 မှ မောင်နေဘုန်းခန့် စံ(ဘ)ဦးနေဝင်းစံ၏ အမည်မှန်မှာ မောင်ဘုန်းမြတ်ဇော် ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ပြည်မြို့၊ အထက(မူယာပင်)မှ မထက်မြတ်ဆုလာဘ်၏ ဖခင်အမည်မှန်မှာ ဦးစောသက်လွင်ဝင်း ၇/ပမန(နိုင်)၁၀၄၃၀၆ဖြစ်ပါ ကြောင်း။
ဦးစောသက်လွင်ဝင်း


## “နွေဦးကုံကျော်” တေးဂီတဖျော်ဖြေပွဲကို မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် မတ် ၁၆**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ “နွေဦးကုံကျော်” တေးဂီတ ဖျော်ဖြေပွဲကို မတ် ၁၈ ရက် (သောကြာနေ့) ည ၈ နာရီသတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသမည် ဖြစ်သည်။




ယင်းအစီအစဉ်ကို The Ensemble တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ တေးသံရှင်များ ဖြစ်ကြသည့် စိုးအောင် (ကောင်းကင်ပြာ)၊ ဈာန်ထူး၊ သက်မှူးခင်၊ ချမ်းဟိန်းဝင်းထွန်း၊ ပန်တသျှန်ဧကရီ၊ ဖွဲ့ထက်မြတ်၊ ချိုမီမီဇော်၊ စောဒန်နီရယ်နှင့် မြတ်နိုးစံတို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို မတ် ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## (၇၇) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်အကြို ကျောင်းသား ကျောင်းသူများ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ဆွေးနွေးပွဲကျင်းပ

**ဝါးခယ်မ မတ် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယမန်နေ့က (၇၇)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်အကြို ကျောင်းသား ကျောင်းသူများ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ဆွေးနွေးပွဲကျင်းပသည်။




အဆိုပါ ဆွေးနွေးပွဲတွင် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရန် ကျောင်းသားကျောင်းသူများ ကလေးဘဝမှစ၍ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ ပညာဂုဏ်ပြည့်စုံစေရန် ကြိုးစားကြရန်၊ မိမိစာပေနှင့် လူမျိုးယဉ်ကျေးမှု ဓလေ့ထုံးစံများကို ချစ်ခင်လေးစားမြတ်နိုး တန်ဖိုးထားတတ်ရန်၊ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်ကြရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ရီရီလွင်က ပြောကြားပြီး အလယ်တန်းပြ ဆရာမ ဒေါ်ဝါဝါမိုးက ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးကာ ယဉ်ကျေးလိမ္မာ၍ ဘက်စုံထူးချွန်ထက်မြက်သော မျိုးချစ်စိတ်ဓာတ်ရှိသည့် ကျောင်းသားကျောင်းသူများ ဖြစ်စေရန်၊ ပြင်ပဗဟုသုတရစေရန်အတွက် ကျောင်းသင်ခန်းစာများအပြင် အားလပ်ချိန်တွင် စာအုပ်စာစောင်များ ဖတ်ရှုကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## “ပျော်ပျော်ရွှင်ရွှင် အငြိမ့်သဘင်” ဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် မတ် ၁၆**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ “ပျော်ပျော်ရွှင်ရွှင် အငြိမ့်သဘင်” ဖျော်ဖြေပွဲကို မတ် ၁၉ ရက် (စနေနေ့) ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းဖျော်ဖြေမှုကို ယုန်လေးက စီစဉ်ပြီး မြန်မာ့အသံဆိုင်းဝိုင်းကြီးအဖွဲ့၏ တီးခတ်မှုနှင့်အတူ ခေါင်းဆောင်မင်းသမီး အိဇင်မိုး၊ ရှေ့ထွက် မင်းသမီး ဝိုင်းကြာဖြူ၊ လူရွှင်တော်များ ဖြစ်ကြသည့် နေကျော်၊ ယုန်လေး၊ လန်ဒန်၊ ပေါက်မဲနှင့် လေပြေတို့က ဖျော်ဖြေတင်ဆက်ကြမည် ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို မတ် ၂၀ ရက် (တနင်္ဂနွေနေ့) မွန်းလွဲပိုင်း National News အင်္ဂလိပ်ဘာသာ သတင်းအစီအစဉ် အပြီးတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ်၊ လူရွှင်တော်အသင်းနှင့် ကိုလူချောအဖွဲ့တို့မှ မိသားစုများ ပါဝင်ယှဉ်ပြိုင်မည်

**နေပြည်တော် မတ် ၁၆**

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ်အမှတ်(၅၈)ကို မတ် ၁၈ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာပေး အစီအစဉ်ကို သရုပ်ဆောင် ကျော်ကျော်နှင့် ဆုမြတ်နိုးဦးတို့က တင်ဆက်ကြမည်ဖြစ်ပြီး လူရွှင်တော်အသင်းနှင့် ကိုလူချောတို့အဖွဲ့မှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို မတ် ၁၈၊ ၁၉၊ ၂၀ ရက်များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV HD မှ ညနေ ၆ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ (၅)ထပ်ကြီး/တောင်ရပ်ကွက်၊ကံကော်လမ်း၊ အမှတ်(၂၄)နေကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးကျော်ကျော်ထိုက် ၁၂/ဗဟန(နိုင်)၀၂၈၆၂၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉/က)၊ မြေကွက်အမှတ်(၅/ခ)၊ (တစ်နည်းအားဖြင့်) အမှတ်(၁၃၇/က)၊ မောင်းမကန်ကမ်းသာလမ်း၊ ၁၉/ကရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော အကျယ်(၂၀ပေX၆၀ပေ)ရှိ မြေနှင့်မြေပေါ်ရှိ အဆောက်အအုံအား အပြီးအပိုင်ရောင်းချသူ ဦးခင်စိုး ၁၂/ဒဂတ(နိုင်)၀၉၃၂၇၄ မှ အမည်ပေါက်ပိုင်ဆိုင်ပြီး ၎င်းသာလျှင် လိုအပ်သလို စီမံရောင်းချပိုင်ခွင့်ရှိကြောင်း ထုတ်ဖော်ဝန်ခံလျက် ရောင်းချရန် စကားကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ သဘောရိုးဖြင့် ယုံကြည်ပါသောကြောင့် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း တရားဝင်နိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
U Zaw Myint (Law Firm)

| | |
|---|---|
| ဒေါ်ခင်ခက်ခက်နီလာခိုင်သဇင်မြင့် (LL.B) | ဦးရဲမြင့်အောင် (LL.B) |
| (စဉ်-၁၂၉၈၆/၂၀၁၇) | (စဉ်-၄၁၇၀၃/၂၀၁၃) |
| ဒေါ်သဲသဲဦး(LL.B)(စဉ်-၁၈၀၇၇/၂၀၂၂) | ဒေါ်တင်ဇာမျိုး(LL.B)(စဉ်-၄၅၂၆၅/၂၀၁၄) |
| (တရားလွှတ်တော်ရှေ့နေများ) | ဒေါ်သူဇာဝင်း(LL.B)(စဉ်-၅၁၇၇၃) |
| | (အထက်တန်းရှေ့နေများ) |

အခန်း(၃)၊ သုမနလမ်းနှင့်မြင်တော်သာလမ်းထောင့်၊ ၂/တောင်ရပ်ကွက်၊
သာကေတမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၄၂၀၀၈၀၅၁၂၊ ၀၉-၇၃၁၆၇၈၁၅

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဒ ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## မကွေးမြို့နယ်တရားရုံး၌
## ၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် -၅၀

| | | |
|---|---|---|
| မနီနီဝင်းရွှေ | နှင့် | ကိုခင်မောင်ထွေး |
| တရားလို | | တရားပြိုင် |

မကွေးမြို့နယ်၊ အုတ်ဖိုရပ်ကွက်နေ တရားပြိုင်ကိုခင်မောင်ထွေး (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်တရားလိုက အကြောင်းလင်မယားအဖြစ်မှ ကွာရှင်းပေးစေလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၂ခုနှစ် မတ် ၂၉ရက် (၁၃၈၃ ခုနှစ် တပေါင်းလပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀ နာရီတွင်အထက်က အမည်ရေးသားပါရှိသူတရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်မတ် ၁၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မျိုးမင်းဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**မကွေးမြို့နယ်တရားရုံး**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း
## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ ဓမ္မဒါနလမ်း၊ အမှတ်(၂၀၁/ဘီ)နေ ဦးကြင်ဆိုင်(ခ)လင်ကွီရှောင် ၁၂/သကတ(နိုင်)၁၁၇၉၃၆ နှင့် ဒေါ်တင်တင်မီ ၁၂/သကတ(နိုင်)၁၁၇၉၃၇ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဦးကြင်ဆိုင်(ခ)လင်ကွီရှောင်နှင့် ဒေါ်တင်တင်မီတို့၏အငယ်ဆုံးသားဖြစ်သူ ဦးသီဟန်ဝင်း ၁၂/သကတ(နိုင်)၀၅၀၆၉၆ သည် မိဘများ၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘနှစ်ပါးအား စိတ်ရောကိုယ်ပါ ဆင်းရဲစေသည့်ကိစ္စရပ်များကို အကြိမ်ကြိမ်ပြုလုပ်ဆောင်ရွက်ခြင်း၊ မိဘ၊ မိသားစုဝင်များ ဂုဏ်သိက္ခာကျဆင်းစေမည့်ကိစ္စရပ်များကိုပါ အကြိမ်ကြိမ်ပြုလုပ်ဆောင်ရွက်လာသည့်အတွက် ၎င်းအားသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပြီးဖြစ်ပါကြောင်းနှင့် နောက်နောင်တွင် ဦးသီဟန်ဝင်းနှင့် ပတ်သက်ဆက်နွှယ်သည့် မည်သည့်ကိစ္စအရှုပ်အရှင်းကိုမျှ လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘူမောင်(LL.B)(စဉ်-၂၂၇၄၇)၊ ဒေါ်ဖြိုးဖြိုးအောင်(LL.B) (စဉ်-၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးမျိုးဝင်း ပိုင်ဆိုင်သော OB-214 ၏ လုပ်ငန်းလိုင်စင်မှာ မရမ်းခြံဆိပ်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၂၃၃၁၁၃၃

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ အောင်မင်္ဂလာလမ်း၊ မြေကွက်အမှတ် (၅၅၁)၊ အကျယ်အဝန်း (၄၀ပေ× ၆၀ပေ) ရှိ ဒေါ်ကျင်သန်း (၁၂/မဂတ (နိုင်) ၀၂၈၉၃၈)(CE- ၀၄၄၉၃၈)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဒေါ်ကျင်သန်း (၁၂/မဂတ (နိုင်) ၀၂၈၉၃၈) ( CE- ၀၄၄၉၃၈)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| LL.B, D.B.L, D.I.L, | LL.B. |

တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)
**Hein Htet San Law Firm** ဖုန်း-၀၉၅၅၀၆၁၄၆၊ ၀၉၄၅၅၅၀၆၁၄၆

## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
## အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)
## စီမံရေးရာဌာနခွဲ၊ သင်ကြားရေးရာဌာနခွဲနှင့်
## ရုပ်ရှင်ထုတ်လုပ်မှုအင်ဂျင်နီယာဌာနတွင်
## တာဝန်ထမ်းဆောင်ရန် ရာထူးနေရာများခေါ်ယူခြင်း

၁။ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)ရှိ စီမံရေးရာ ဌာနခွဲ၊ သင်ကြားရေးရာဌာနခွဲနှင့် ရုပ်ရှင်ထုတ်လုပ်မှုအင်ဂျင်နီယာဌာနတွင် တာဝန်ထမ်းဆောင်ရန် ရာထူးနေရာများအတွက် သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသူများကို အောက်ဖော်ပြပါအရေအတွက်အတိုင်း ရွေးချယ်ခန့်အပ်သွားမည်ဖြစ်ပါသည်-

| စဉ် ရာထူး | လစာနှုန်း | ရာထူးနေရာ |
|---|---|---|
| (က) ရုပ်သံကျွမ်းကျင်(၂) တည်းဖြတ် | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | (၂)နေရာ |
| (ခ) ဓာတ်ပုံကျွမ်းကျင်(၂) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | (၁)နေရာ |
| (ဂ) ဒု-လ/ထ ကွန်ပျူတာ လုပ်ဆောင်ရေးမှူး | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | (၆)နေရာ |
| (ဃ) ဒု-လ/ထဦးစီးမှူး | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | (၁)နေရာ |
| (င) ပစ္စည်းထိန်း(၄) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | (၁)နေရာ |
| (စ) အမှုတွဲထိန်း | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | (၁)နေရာ |
| (ဆ) ယာဉ်မောင်း(၅) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | (၁)နေရာ |
| (ဇ) သန့်ရှင်းရေး | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | (၁)နေရာ |
| (ဈ) လုပ်သားမှူး အမှုတွဲထိန်း(ပန်းခြံ) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | (၁)နေရာ |

၂။ ရုပ်သံကျွမ်းကျင်(၂)တည်းဖြတ်၊ ဓာတ်ပုံကျွမ်းကျင်(၂)၊ဒု-လ/ထ ကွန်ပျူတာလုပ်ဆောင်ရေးမှူး၊ ဒု-လ/ထဦးစီးမှူး ရာထူးနေရာများအတွက် အောက်ဖော်ပြပါအရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-
- (က) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခု ရရှိရမည်
- (ခ) အသက်(၃၅)နှစ်ထက်မကျော်ရ (၂၀၂၂ခုနှစ်၊ မတ်လ ၃၁ရက်အထိ) (နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လျှော့ပေါ့စဉ်းစားမည်။)
- (ဂ) ကင်မရာ၊ ဗီဒီယိုကျွမ်းကျင်စွာ တည်းဖြတ်ရိုက်ကူးနိုင်သူဖြစ်ရမည်။
- (ဃ) ရုံးလုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။
- (င) အနုပညာရပ်ဆိုင်ရာ ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့် ပြဇာတ်ဘာသာရပ်များနှင့် ပတ်သက်၍ နားလည်စိတ်ပါဝင်စားသူဖြစ်ရမည်။
- (စ) ကွန်ပျူတာစာစီစာရိုက်ကျွမ်းကျင်သူဖြစ်ရမည်။

၃။ ပစ္စည်းထိန်း (၄) ရာထူးနေရာအတွက် အောက်ဖော်ပြပါအရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-
- (က) တက္ကသိုလ်ဝင်တန်းအောင်မြင်သူဖြစ်ရမည်။
- (ခ) အသက်(၃၅)နှစ်ထက် မကျော်ရ(၂၀၂၂ခုနှစ်၊ မတ်လ ၃၁ရက် အထိ) (နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လျှော့ပေါ့စဉ်းစားမည်။)
- (ဂ) ကွန်ပျူတာစာစီစာရိုက်ကျွမ်းကျင်သူဖြစ်ရမည်။
- (ဃ) ပစ္စည်းထိန်းများကို စနစ်တကျထားသို ထိန်းသိမ်းခြင်းအတွေ့အကြုံရှိသူဖြစ်ရမည်။
- (င) အနုပညာရပ်ဆိုင်ရာ ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့် ပြဇာတ်ဘာသာရပ်များနှင့်ပတ်သက်၍ နားလည်စိတ်ပါဝင်စားသူ ဖြစ်ရမည်။

၄။ အမှုတွဲထိန်း ရာထူးနေရာအတွက် အောက်ဖော်ပြပါအရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-
- (က) အခြေခံပညာအလယ်တန်းအောင်မြင်သူဖြစ်ရမည်။
- (ခ) အသက်(၃၅)နှစ်ထက်မကျော်ရ (၂၀၂၂ခုနှစ်၊ မတ်လ ၃၁ရက် အထိ) (နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လျှော့ပေါ့စဉ်းစားမည်။)
- (ဂ) ကွန်ပျူတာစာစီစာရိုက်ကျွမ်းကျင်သူဖြစ်ရမည်။
- (ဃ) ရုံးလုပ်ငန်းစိတ်ဝင်စားသူဖြစ်ရမည်။
- (င) အနုပညာရပ်ဆိုင်ရာ ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့် ပြဇာတ်ဘာသာရပ်များနှင့်ပတ်သက်၍ နားလည်စိတ်ပါဝင်စားသူ ဖြစ်ရမည်။

၅။ ယာဉ်မောင်း(၅)ရာထူးနေရာအတွက် အောက်ဖော်ပြပါ အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-
- (က) အခြေခံပညာအလယ်တန်းအောင်မြင်သူဖြစ်ရမည်။
- (ခ) အသက်(၃၅)နှစ်ထက် မကျော်ရ(၂၀၂၂ခုနှစ် မတ်လ ၃၁ရက်အထိ) (နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လျှော့ပေါ့စဉ်းစားမည်။)
- (ဂ) ယာဉ်မောင်းလိုင်စင်(ခ)အဆင့်ရှိရမည်။
- (ဃ) စက်ပြင်ကျွမ်းကျင်သူဖြစ်ရမည်။
- (င) လုပ်ငန်းအပေါ်စိတ်ဝင်စားသူဖြစ်ရမည်။

၆။ သန့်ရှင်းရေးနှင့် လုပ်သားမှူး(ပန်းခြံ) ရာထူးနေရာများအတွက် အောက်ဖော်ပြပါ အရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-
- (က) အခြေခံပညာအလယ်တန်းအောင်မြင်သူဖြစ်ရမည်။
- (ခ) အသက်(၃၅)နှစ်ထက် မကျော်ရ (၂၀၂၂ခုနှစ် မတ်လ ၃၁ရက်အထိ) (နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လျှော့ပေါ့စဉ်းစားမည်။)
- (ဂ) လုပ်ငန်းအပေါ်စိတ်ဝင်စားသူဖြစ်ရမည်။

၇။ လျှောက်ထားလိုသူများသည် အောက်ဖော်ပြပါ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် လူကိုယ်တိုင်အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)၊ စီမံရေးရာဌာနခွဲရုံးခန်းသို့ ၂၀၂၂ခုနှစ်၊ မတ်လ ၁၈ရက်မှ ၂၂ရက်အထိ လာရောက်လျှောက်ထားရမည်ဖြစ်ပါသည်-
- (က) CV Form(၆လအတွင်း ရိုက်ကူးထားသော လိုင်စင်ဓာတ်ပုံ ၂ပုံ)
- (ခ) နိုင်ငံသားစိစစ်ရေးကတ်/ဝန်ထမ်းကတ်(မိတ္တူ)
- (ဂ) ပညာအရည်အချင်းသတ်မှတ်ချက်အလိုက်အထောက်အထား
- (ဃ) ဘွဲ့လက်မှတ်(မိတ္တူ)
- (င) မိမိနေထိုင်ရာဒေသမှ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရဲစခန်းတို့မှ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်းနှင့်ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်(မူရင်း)
- (စ) ဝန်ထမ်းဖြစ်ပါက ဌာနအကြီးအကဲ၏ ထောက်ခံချက်(မူရင်း)

၈။ ရေးဖြေစစ်ဆေးခြင်းကို ၂၀၂၂ခုနှစ်၊ မတ်လ ၂၃ ရက် နံနက် ၁၀နာရီတွင် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)၌ စစ်ဆေးသွားမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲအောင်မြင်သူများအား လူတွေ့၊ လက်တွေ့စစ်ဆေးမည့်အစီအစဉ်ကို အချိန်ထပ်မံအကြောင်းကြားသွားမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ဖုန်း-၀၈၅-၄၀၁၁၈၂၊ ၀၈၅-၄၀၁၈၄တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။ **အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)**

## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
## အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)
## လျှောက်လွှာခေါ်ယူခြင်း

၁။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)တွင် လစ်လပ်လျက်ရှိသော ရာထူးနေရာများအတွက် သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသူများကို အောက်ဖော်ပြပါအတိုင်း ရွေးချယ်ခန့်အပ်သွားမည်ဖြစ်ပါသည် -

| စဉ် | ရာထူး | လစာနှုန်း | ရာထူးနေရာ | ပညာအရည်အချင်း |
|---|---|---|---|---|
| (က) | ရုပ်သံကျွမ်းကျင်(၂)တည်းဖြတ် | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | ၁ နေရာ | ဘွဲ့တစ်ခုခုရရှိရမည်။ |
| (ခ) | ဓာတ်ပုံကျွမ်းကျင်(၂) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | ၁ နေရာ | ဘွဲ့တစ်ခုခုရရှိရမည်။ |
| (ဂ) | စာရင်းကိုင်(၃) | ၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀ | ၁ နေရာ | ဘွဲ့တစ်ခုခုရရှိရမည်။ |
| (ဃ) | ငွေကိုင်(၃) | ၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀ | ၁ နေရာ | ဘွဲ့တစ်ခုခုရရှိရမည်။ |
| (င) | ဒု-လက်ထောက်ကွန်ပျူတာ လုပ်ဆောင်ရေးမှူး | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၈ နေရာ | ဘွဲ့တစ်ခုခု ရရှိရမည်။ |
| (စ) | ပစ္စည်းထိန်း(၄) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၁ နေရာ | တက္ကသိုလ်ဝင်တန်း အောင်မြင်ရမည်။ |
| (ဆ) | လျှပ်စစ်ကျွမ်းကျင်(၄) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၁ နေရာ | အခြေခံပညာအလယ်တန်း အောင်မြင်ရမည်။ |
| (ဇ) | အမှုတွဲထိန်း | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | ၁ နေရာ | အခြေခံပညာအလယ်တန်း အောင်မြင်ရမည်။ |
| (ဈ) | စက်မှုကျွမ်းကျင်(၅) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | ၁ နေရာ | အခြေခံပညာအလယ်တန်း အောင်မြင်ရမည်။ |
| (ည) | လက်မှုကျွမ်းကျင်(၅) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | ၁ နေရာ | အခြေခံပညာအလယ်တန်း အောင်မြင်ရမည်။ |
| (ဋ) | စက်မောင်း(၅) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | ၁ နေရာ | အခြေခံပညာအလယ်တန်း အောင်မြင်ရမည်။ |
| (ဌ) | ယာဉ်မောင်း(၅) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | ၃ နေရာ | အခြေခံပညာအလယ်တန်း အောင်မြင်ရမည်။ |
| (ဍ) | အစောင့် | ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ | ၂ နေရာ | အခြေခံပညာမူလတန်း အောင်မြင်ရမည်။ |
| (ဎ) | သန့်ရှင်းရေး(အကူ) | ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ | ၂ နေရာ | အခြေခံပညာမူလတန်း အောင်မြင်ရမည်။ |

၂။ အထက်ဖော်ပြပါရာထူးနေရာများအတွက် အောက်ဖော်ပြပါ အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည် -
- (က) သက်ဆိုင်ရာရာထူးနေရာများအလိုက်သတ်မှတ်ပညာအရည်အချင်းနှင့်ကိုက်ညီသူဖြစ်ရမည်။
- (ခ) သက်ဆိုင်ရာ ရာထူးနေရာများအလိုက် လုပ်ငန်းကျွမ်းကျင်သူဖြစ်ရမည်။ ကွန်ပျူတာ စာစီစာရိုက်ကျွမ်းကျင်သူဖြစ်ရမည်။
- (ဂ) အသက်(၃၅)နှစ်ထက် မကျော်ရ (၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ)၊ (နိုင်ငံ့ဝန်ထမ်း ဖြစ်ပါက လျှော့ပေါ့စဉ်းစားမည်)
- (ဃ) အကျင့်စာရိတ္တကောင်းမွန်ပြီး ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်ထားလိုသူများသည် အောက်ဖော်ပြပါ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် လူကိုယ်တိုင် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)၊ စီမံရေးရာဌာနခွဲ ရုံးခန်းသို့ ၂၀၂၂ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့မှ ၂၁ ရက်နေ့အထိ ရုံးချိန်အတွင်း လာရောက်လျှောက်ထားရမည်ဖြစ်ပါသည် -
- (က) CV Form (၆ လ အတွင်း ရိုက်ကူးထားသော လိုင်စင်ဓာတ်ပုံ ၂ ပုံ)
- (ခ) နိုင်ငံသားစိစစ်ရေးကတ် / ဝန်ထမ်းကတ်(မိတ္တူ)
- (ဂ) အခြေခံပညာအထက်တန်းအောင်လက်မှတ်(မိတ္တူ)
- (ဃ) ဘွဲ့လက်မှတ်၊ အမှတ်စာရင်း(မိတ္တူ)
- (င) မိမိနေထိုင်ရာဒေသမှ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရဲစခန်းတို့မှ အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်(မူရင်း)
- (စ) ဝန်ထမ်းဖြစ်ပါက ဌာနအကြီးအကဲ၏ ထောက်ခံချက်(မူရင်း)

၄။ ရာထူးဖော်ပြချက်အမှတ်စဉ် (က) မှ (င) အထိ ရာထူးနေရာများအတွက် ရေးဖြေစစ်ဆေးခြင်းကို ၂၀၂၂ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့၊ နံနက် ၁၀:၀၀ နာရီအချိန်တွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၌ စစ်ဆေးသွားမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲအောင်မြင်သူများအား လူတွေ့၊ လက်တွေ့စစ်ဆေးမည့်အစီအစဉ်ကို အချိန်မီထပ်မံအကြောင်းကြားသွားမည်ဖြစ်ပါသည်။

၅။ ရာထူးဖော်ပြချက်အမှတ်စဉ် (စ) မှ (ဎ) အထိ ရာထူးနေရာများအတွက် လူတွေ့နှင့်လက်တွေ့စစ်ဆေးခြင်းကို ၂၀၂၂ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့၊ နံနက် ၁၀:၀၀ နာရီအချိန်တွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၌ စစ်ဆေးသွားမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)၊ ဖုန်း၊ ၀၁၃၅၉၀၂၆၃ ၊ ၀၁၃၅၉၀၂၅၇ များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

**ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်-ဇ၀န၊ မြေကွက်အမှတ် ၃၀၆၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဇ၀နရပ်ကွက်၊ သီရိဇေယျာလမ်း၊ အမှတ် (၅၁)ဟုခေါ်တွင် အမည်ပေါက်လျက်ရှိသော အလျား ၂၅ ပေ X အနံ ၅၀ ပေရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်အား နှစ် ၆၀ ဂရန်အမည်ပေါက်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။**

**အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းမူရင်းများဖြင့် ယနေ့မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။**

**ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။**

**ညွှန်ကြားချက်အရ-**
**ဒေါ်ဌေးဌေးရီ(တရားလွှတ်တော်ရှေ့နေ) စဉ်-၆၅၃၅**
**H.G.P, LL.B, DL(101)WIPO(Switzerland) B.D.S(MOFA)**
**တိုက်(၂)၊ အခန်း(၀၀၁)၊ မြေညီထပ်၊ နှင်းဆီကုန်းအဆင့်မြင့်အိမ်ရာ၊**
**(က)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဖုန်း-၀၉-၅၀၈၉၂၃၉၊ ၀၉-၇၉၆၈၇၂၃၂၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/14901TVS Rook Z 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသောင်းဆွေ ၁၄/ပသရ(နိုင်)၀၂၀၆၈၉ က(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် Ayy/1866, Honda Click - 125, M/C ယာဉ်အမည်ပေါက်သူ ဦးနေအောင် ၁၄/ဒဒရ(နိုင်)၁၀၆၆၁၈ က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ဖျာပုံ)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ ပီပင်ရင်းကျေးရွာနေ မမျိုးမျိုးဦးနှင့် မမျိုးဆန်းချေ တို့၏ဖခင်မှာ ဦးကျန်ယေ(ခ)ဦးအောင်သိန်း(ခ)ဦးမောင်အောင်သိန်း ၁၁/မဥန(နိုင်)၀၇၅၅၁၈ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကျန်ယေ(ခ)ဦးအောင်သိန်း(ခ)**
**ဦးမောင်အောင်သိန်း**




## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၁၆၈/၄)ရပ်ကွက်၊ ဆင်းသွယ်လမ်းသွယ်၊ အမှတ် ၇၇(က)၊ (၂၀ ပေ x ၆၀ ပေ)မြေကွက်အပါအဝင် အကျိုးခံစားခွင့်အားလုံးကိုပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ကျင်သိန်း ၁၂/ခရန(နိုင်)၀၆၆၃၄၇ နှင့် ဦးကျော်ဝေ ၁၂/ခရန(နိုင်)၁၆၆၃၅၆ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးတင်မောင်ငြိမ်း၊ ဒေါ်သီဂီစိုး၊ ဒေါ်နန်းနေဇာနွေးတို့မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးအပ်ထားပြီးဖြစ်၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများနှင့် ယခုကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ-ဦးတင်မောင်ငြိမ်း၊ ဒေါ်သီဂီစိုး၊ ဒေါ်နန်းနေဇာနွေးတို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသူခိုင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၂၉၆၃)**
**အမှတ်-၇၄၀(ခ)၊ ရွှေနှင်းဆီလမ်း၊ (၄၉)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊**
**ဖုန်း-၀၉-၂၅၀၄၄၀၂၁၁၊ ၀၉-၆၇၆၅၆၅၁၁၆**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ တိုက်အမှတ်(၅၇)၊ (ခနေသီရိတာဝါ)၊ အခန်းအမှတ်(1-C)၊ အကျယ်အဝန်း ၁၅၆၅ စတုရန်းပေရှိ ရေမီးစုံပါဝင်သော ပြင်ဆင်ပြီး ကွန်ဒိုတိုက်ခန်းနှင့်တကွ အဆိုပါကွန်ဒို တိုက်ခန်းတွင် အသေစွဲကပ်တပ်ဆင်ထားသည့် ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိထားပိုင်ဆိုင်၍ လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နန်းညိုညိုစံ ၁၂/ကမရ(နိုင်)၀၄၀၃၆၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် ၁၅-၃-၂၀၂၂ ရက်စွဲပါ နှစ်ဦးသဘောတူကွန်ဒိုတိုက်ခန်းအရောင်းအဝယ်စရန်ငွေပေး ကတိစာချုပ်ကို ချုပ်ဆို၍ ဝယ်ယူရန်သဘောတူညီခဲ့ပြီး အရောင်းအဝယ်ပြုလုပ်သော ကွန်ဒိုတိုက်ခန်း၏ တန်ဖိုးငွေများအနက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ ကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခိုင်မာသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထား(မူရင်းများ)အား ယူဆောင်လာပြီး ယနေ့မှစ၍ ၇ ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ကန့်ကွက်ချက်မရှိပါက ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးသီတာမော်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၂၉/၂၀၁၂)**
**အမှတ်(၉၉/၁၀၁)၊ ကျောက်မြောင်းလမ်းနှင့် မလွှကုန်းလမ်းထောင့် ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၅၀၄၈၂၂၁**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### မြစ်ကြီးနားခရိုင်တရားရုံး
### ၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် -၂၂

| | | | |
|---|---|---|---|
| ဒေါ်ချစ်ချစ်ထွေး(ခ) | နှင့် | ၁။ ဦးမိုးကြည် | ၅။ ဒေါ်မီနား |
| ဒေါ် အမီသား | | ၂။ ဒေါ်အေးစန္ဒာဖေ | ၆။ ဦးဆိုနီ |
| | | ၃။ ဒေါ်မေရီ | ၇။ ဦးဂျူဂျူ |
| | | ၄။ ဦးမိုးဇော်ဦး | ၈။ ဦးအေးချမ်းချစ် |
| | | | ၉။ ဒေါ်ကြည်ကြည်လွင် |
| **တရားလို** | | | **တရားပြိုင်များ** |

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ အမှတ်(၃၆၄)မြေမြင့်ရပ်နေ (၅)တရားပြိုင် ဒေါ်မီနားနှင့်ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ အမှတ်(၆၉၅)ရမ်ပူရပ်ကွက်(၆) တရားပြိုင် ဦးဆိုနီ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ ဒေါ်ချစ်ချစ်ထွေး(ခ) ဒေါ်အမီသားက မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဧပြီ ၂၈ရက် (၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ရက်)မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် မတ် ၁၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ချစ်ကိုကို)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မြစ်ကြီးနားခရိုင်တရားရုံး**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်(၃)၊ လူနေရပ်ကွက်(၃)၊ မြေကွက်အမှတ်(၁၆၀-က/ခ)၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၆၀-က/ခ)၊ ရန်ပြေ(၁၀)လမ်း၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူဦးကြင်ဆိုင် ၁၂/သကတ(နိုင်)၁၁၇၉၃၆ အမည်ပေါက်ပြီး ယခုလက်ရှိ ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေဦးကြင်ဆိုင်အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မူရင်းသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိသူများရှိပါက ကျွန်ုပ်တို့ထံတစ်ဆင့် ဆက်သွယ်အကြောင်းကြားပေးပါရန်၊ ကျေးဇူးဆပ်မည်ဖြစ်ပါကြောင်းနှင့် အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးကြင်ဆိုင် မသိရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်းတို့ လုံးဝမပြုလုပ်ကြပါရန်နှင့် ပြုလုပ်ပါကတည်ဆဲဥပဒေများအရ သက်ဆိုင်ရာ တရားရုံးတော်များ၌ တရားစွဲဆိုအရေးယူခံရမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘူမောင်(LL.B)(စဉ်-၂၂၇၄၇)၊ ဒေါ်ဖြိုးဖြိုးအောင်(LL.B) (စဉ်-၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉**

## ရောင်းချရန်ကြော်ငြာစာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
### မန္တလေးခရိုင်တရားရုံးတော်
### ၂၀၁၉ ခုနှစ် တရားမဇာရီမှုအမှတ်-၁၆၃

| | | |
|---|---|---|
| ဦးခင်မောင်မြင့် | နှင့် | ၁။ ဦးဝင်းနိုင် |
| | | ၂။ ဒေါ်တိုးတိုး |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** |

မန္တလေးခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ်-၅၈၁/၂၀၁၈ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းကို ၂၀၂၂ ခုနှစ် မေ ၂ ရက် နံနက် ၁၀ နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့်ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်၊ ချယ်ရီ လမ်း(113-A) နှင့် မဉ္ဇူလမ်း(114)ကြား၊ ၅၇x၅၈ လမ်းကြား၊ သီပေါလမ်းသွယ်(57-C)၊ အကွက်အမှတ်(ဗ-၃)၊ ဦးပိုင်အမှတ်(၁၂၇)၊ ဧရိယာ ၀ ဒသမ ၀၃၀၉ ဧက၊ ပေ(၃၀x၄၅) အကျယ်အဝန်းနှင့် ယင်းမြေပေါ်ရှိ ဆောက်လုပ်ထားသော အာစီတစ်ထပ်တိုက် အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

**လေလံကြမ်းခင်းဈေး ကျပ်သိန်း ၇၀၀**

**လေလံတင်ရောင်းချမည့်စည်းကမ်းများ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့တင်ပြချက်အရ သိရသမျှ ဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်းတစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံး ဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန် မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည့်ရက်သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၂ ခုနှစ် မတ် ၁၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(မျိုးကျော်အောင်)**
**ဒုတိယခရိုင်တရားသူကြီး(၇)**
**မန္တလေးခရိုင်တရားရုံး**

## ပတ်စ်ပို့ပျောက်

